# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ၁၆ွ် တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် နတ်တော်လပြည့်ကျော် ၁၂ ရက်၊ သောကြာနေ့။ Friday, 15 December 2017 ၉၁၃၉


### လောကဓမ္မတာစံကြရာ

အချို့သောသူတို့သည် ဤလူ့ပြည်တွင် အမိဝမ်းတွင်း ပဋိသန္ဓေနေရကုန်၏။ မကောင်းမှုပြုသူတို့သည် ငရဲတွင် ကျရကုန်၏။ ကောင်းသောပညာရှိတို့သည် နတ်ပြည်သို့ရောက်ရကုန်၏။ အာသဝေါကင်းသော ရဟန္တာပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန်စံရကုန်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၆)

# ဂျပန်နိုင်ငံမှ အကူအညီပေးမည့် ဂျပန် ယန်းငွေ ၈၀၀ ဘီလီယံဖြင့် ရန်ကုန်မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ အခြေခံအဆောက်အအုံ၊ ပို့ဆောင်ရေးနှင့် လျှပ်စစ်ဓာတ်အားကဏ္ဍတို့မှာ အဓိကထား ပူးပေါင်းဆောင်ရွက်သွားမည်

**တိုကျို ဒီဇင်ဘာ ၁၄**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်အား ယနေ့ညနေပိုင်းတွင် ဂျပန်နိုင်ငံဝန်ကြီးချုပ်က အခမ်းအနားဖြင့် ဂုဏ်ပြုကြိုဆိုသည်။

နိုင်ငံတော်သမ္မတသည် ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် တိုကျိုမြို့ရှိ ဝန်ကြီးချုပ်ရုံးသို့ ရောက်ရှိရာ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာရှင်ဇိုအာဘေးက ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာရှင်ဇိုအာဘေးတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူ၍ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြပြီး အခမ်းအနားသို့ တက်ရောက်လာသည့် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် အပြန်အလှန် မိတ်ဆက်ပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ်တို့သည် အဆိုပါရုံး၌ ကျင်းပသည့် ဂျပန်-မြန်မာ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ကြသည်။

အဆိုပါအစည်းအဝေးတွင် **ဂျပန်ဝန်ကြီးချုပ် မစ္စတာရှင်ဇိုအာဘေး**က မြန်မာနိုင်ငံ၏ ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးလုပ်ငန်းအတွက် ဂျပန်နိုင်ငံအစိုးရနှင့် ပုဂ္ဂလိကပူးပေါင်း၍ ကူညီပံ့ပိုးရေး၊ မြန်မာနိုင်ငံ၏ Universal Health Coverage ရည်မှန်းချက်ပန်းတိုင် အကောင်အထည်ဖော်ရေးအတွက် ဂျပန်နိုင်ငံမှကူညီသွားရေး၊ မြန်မာနိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ရန်ကုန်မြို့ပြ ဖွံ့ဖြိုးရေးနှင့်

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာရှင်ဇိုအာဘေးတို့ ဂျပန်-မြန်မာ ထိပ်သီးအစည်းအဝေး တက်ရောက်ကြစဉ်။

## အမျိုးသမီးများ အခွင့်အရေး ကာကွယ်ရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံသို့ နည်းပညာအကူအညီပေးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေး



စာမျက်နှာ » ၉

## ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီ၏ အကြံပေးအဖွဲ့ ဖွဲ့စည်း

စာမျက်နှာ » ၄

# အစိုးရအဖွဲ့များအားလုံးက ပြည်ထောင်စု၏ အရေးကိစ္စဟု မှတ်ယူ၍ ရခိုင်ပြည်နယ်၏ လိုအပ်ချက်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိ

## နိုင်ငံတော်သမ္မတ ဦးထင်ကျော်က (၄၃)ကြိမ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

## ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်

**ချစ်ကြည်လေးစားအပ်ပါသော ရခိုင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ခင်ဗျား-**

(၄၃)ကြိမ်မြောက် ရခိုင်ပြည်နယ်နေ့ဖြစ်သော ဤနေ့ထူးနေ့မြတ်အခါသမယတွင် ရခိုင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော ပြည်ထောင်စုသားအားလုံး ကောင်းကျိုးချမ်းသာမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

၁၉၇၄ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ရခိုင်ပြည်နယ်အဖြစ် ပြဋ္ဌာန်းပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုရေးအတွက် ဆန္ဒခံယူပွဲစတင်ကျင်းပသည့် ဒီဇင်ဘာလ ၁၅ ရက်နေ့ကို ရခိုင်ပြည်နယ်နေ့အဖြစ် သတ်မှတ်ခဲ့ပြီး ၁၉၇၅ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပခဲ့သည်မှာ ယနေ့ဆိုလျှင် (၄၃)ကြိမ်မြောက် တိုင်ခဲ့ပြီဖြစ်ပါသည်။

ရခိုင်ပြည်နယ်သည် အနောက်ဘက်တစ်လျှောက်တွင် ရှည်လျားလှပသည့် ပင်လယ်ကမ်းရိုးတန်းဒေသ၊ အရှေ့ဘက်တစ်လျှောက်တွင် ရခိုင်ရိုးမတောင်တန်း၊ မြောက်ဘက်တွင် မြေဆီဩဇာကောင်းမွန်ပြီး ကျယ်ပြောလှသည့် လယ်ယာမြေများ ပိုင်ဆိုင်ထားပြီး ရေခံမြေခံကောင်းမွန်သော သဘာဝပထဝီအနေအထားကြောင့်

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖




# ကြေးမုံ

## ထိန်းသိမ်းစို့လေ ယဉ်ကျေးမှုအမွေ

ယဉ်ကျေးမှုအမွေအနှစ်သည် နိုင်ငံတစ်နိုင်ငံအတွက် အဖိုးအနဂ္ဃ ထိုက်တန်သော ရတနာတစ်ပါးဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ တန်ဖိုးကို ထိုနိုင်ငံ၏ ယဉ်ကျေးမှု၊ ထိုနိုင်ငံ၏ ရှေးဟောင်း အမွေအနှစ်တို့အပေါ် ထိန်းသိမ်းစောင့်ရှောက်နိုင်မှုဖြင့် အကဲဖြတ်ကြသည်။ ထို့ကြောင့် ယဉ်ကျေးမှုအမွေအနှစ်သည် နိုင်ငံနှင့်လူမျိုးအတွက် ဂုဏ်ယူဖွယ်ရာ တန်ဖိုးထားအပ်သည့်အရာ ဖြစ်သည်။

မြန်မာနိုင်ငံသည် ယဉ်ကျေးမှု အမွေအနှစ်များ ပေါများကြွယ်ဝသော နိုင်ငံဖြစ်သည်။ နှစ်ပေါင်းထောင်ချီ ရှည်လျားသော သမိုင်းကြောင်း တစ်လျှောက်မှ ဖြစ်တည်ကြွင်းကျန်နေသော ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ အမြောက်အမြားရှိသည်။ အချို့ယဉ်ကျေးမှုအမွေအနှစ် များမှာ သဘာဝဘေးဒဏ်ကြောင့်လည်းကောင်း၊ လူတို့ဖျက်ဆီးမှုကြောင့် လည်းကောင်း ပျောက်ကွယ်ခဲ့ရသည်မှာ စိတ်မကောင်းဖွယ်ဖြစ်သည်။

အချို့ယဉ်ကျေးမှု အမွေအနှစ်များမှာ ယနေ့ထက်တိုင် မပျောက် မပျက် တည်ရှိနေသည်မှာ နိုင်ငံနှင့်လူမျိုးအတွက် ဝမ်းမြောက်ဂုဏ်ယူ ဖွယ်ရာဖြစ်သည်။ ထိုရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို ခေတ်အဆက်ဆက်အစိုးရများက ထိန်းသိမ်းစောင့်ရှောက်မှု အားကောင်း ခဲ့သည်များရှိသလို အားနည်းခဲ့သည်တို့ကိုလည်း တွေ့ခဲ့ရပါသည်။ ထိုယဉ်ကျေးမှု အမွေအနှစ်များမှာ နိုင်ငံနှင့်လူမျိုး၏ ဂုဏ်ဒြပ်ဖြစ်သည့် အတွက် အစိုးရတွင် တာဝန်ရှိသည်သာမက ပြည်သူများအနေဖြင့်လည်း ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိပါသည်။

ယနေ့မြန်မာနိုင်ငံတွင် ဒြပ်ရှိဝတ္ထုပစ္စည်း ရှေးဟောင်းအမွေအနှစ်များ အထင်အရှား ကျန်ရှိနေပါသည်။ နှစ်ပေါင်းရာထောင် သက်တမ်းရှိသည့် စေတီဘုရားများ၊ သာသနိက အဆောက်အအုံများ၊ မြို့ပြနေရာနှင့် ကြွင်းကျန်ခဲ့သော ရုပ်ဝတ္ထုပစ္စည်းများမှာ မပျောက်မပျက် ကျန်နေပါသည်။ ယင်းတို့တွင် မြန်မာနိုင်ငံ၏မြို့ပြအမွေအနှစ် အစောဆုံးတည်ထောင် ခဲ့သည့် ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ မြို့ဟောင်းသုံးမြို့ကို ကမ္ဘာ့ ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် ထည့်သွင်းခြင်းခံခဲ့ရ၍ နိုင်ငံနှင့် လူမျိုးအတွက် ဂုဏ်ယူဖွယ်ရာ ဖြစ်စေခဲ့သည်။

ကျန်ရှိနေသေးသော ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းနိုင်ရေးကို ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်သည်။ ရှေးဟောင်းပုဂံဒေသအား ကမ္ဘာ့အမွေ အနှစ်စာရင်း တင်သွင်းနိုင်ရေးသည် အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေး အတွက် လည်းကောင်း၊ မိမိတို့လူမျိုး၏ မြင့်မားသော ယဉ်ကျေးမှုအမွေ အနှစ်များကို နိုင်ငံတကာ အဆင့်မီသည်ဟု လက်ခံခြင်းဖြင့် တိုင်းပြည်နှင့် လူမျိုးဂုဏ်ကို မြှင့်တင်နိုင်ရန်အတွက် လည်းကောင်း၊ ပုဂံဒေသအား ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် သတ်မှတ်ခံရပါက ကမ္ဘာ့အဆင့် အမြင့်ဆုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုကို ရရှိရန်အတွက် လည်းကောင်း ရည်ရွယ်ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့ရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသအတွင်း နေထိုင်ကြသော ကျေးရွာအချို့မှ ပြည်သူများက ၎င်းတို့၏ စားဝတ်နေရေး အတွက် ကန့်သတ်ခြင်းခံရမည်ကို စိုးရိမ်သဖြင့် ၎င်းတို့ဆက်လက်ရှင်သန် ရပ်တည်နိုင်ရေးအတွက် အချက်သုံးချက် တင်ပြလာသည်ကို တွေ့ရ သည်။ သက်ဆိုင်ရာဌာနကလည်း ဒေသခံပြည်သူများ၏ သဘောဆန္ဒကို ဥပဒေ စည်းမျဉ်းစည်းကမ်း မူဘောင်တို့နှင့်အညီ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရသည်။

ထိုအရေးကိစ္စသည် ဒေသခံပြည်သူတို့၏ အကျိုးစီးပွားမနစ်နာအောင် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး ဒေသခံပြည်သူတို့ကလည်း နိုင်ငံတော်၏အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် ဆောင်ရွက်ဖွယ်ရာများ အား ဆောင်ရွက်ရသည်ကို နားလည်သိရှိထားကြရမည်ဖြစ်သည်။ မိမိတို့ နိုင်ငံ၏ ထူးခြားထင်ရှားသော ပုဂံရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ် ဒေသကြီးကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခံရရေးအတွက် အမျိုးသားရေး တာဝန်၊ အမျိုးသားရေးအသိဖြင့် ဝိုင်းဝန်းပူးပေါင်းကူညီ ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မျက်မှောက်ကာလတွင် ပြည်သူများအရေးကို ဦးစားပေး လျက်ရှိသည့် ကာလဖြစ်သည်နှင့်အညီ ပြည်သူများကလည်း နိုင်ငံတော် နှင့်အတူ အသိတရားရှိရှိ လက်တွဲဆောင်ရွက်ကြဖို့ လိုပေလိမ့်မည်။ ရှဥ့်လည်းလျှောက်သာ ပျားလည်းစွဲသာ ဆိုသကဲ့သို့ မိမိတို့အကျိုးစီးပွား လည်း ထိုက်သင့်သလောက်ဖြစ်စေ၊ နိုင်ငံတော်၏ အကျိုးစီးပွားလည်း တိုးတက်မြင့်မားစေဟူသည့် အသိစိတ်ဓာတ်ရှိကြရမည်ဖြစ်သည်။ ။

## ၂၀၁၈ ခုနှစ် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး တို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

(၂) ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်တော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(၄) နိုင်ငံရေး ဆွေးနွေးပွဲများမှတစ်ဆင့် "ထာဝရငြိမ်းချမ်းရေး"ပန်းတိုင်သို့ ရောက်ရှိအောင် ပြည်ထောင်စု တိုင်းရင်းသားအားလုံးမှ နိုင်ငံတော်နှင့်အတူ ပူးပေါင်းပါဝင်ရေး။

(၅) စီးပွားရေး၏ အဓိက မောင်းနှင်အားဖြစ်သည့် ပုဂ္ဂလိက ကဏ္ဍကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

## နိုင်ငံတကာ ပင်လယ်စာ ကုန်စည်ပြပွဲကို ၂၀၁၈ ခုနှစ်တွင် ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၁၄**

တောင်ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့ရှိ COEX ပြခန်း၌ ၂၀၁၈ ခုနှစ် မေ ၉ ရက်မှ ၁၁ ရက်အထိ ကျင်းပမည့် ဆိုးလ် နိုင်ငံတကာ ပင်လယ်စာကုန်စည်ပြပွဲ -၂၀၁၈ (2018 Seoul International Seafood Show) သို့ မြန်မာ့ရေထွက်ကုန်လုပ်ငန်းကုမ္ပဏီများအား လာရောက် ပြသနိုင်ကြောင်း ဖိတ်ကြားလာသည်။

အဆိုပါ ကုန်စည်ပြပွဲသို့ နိုင်ငံပေါင်း ၂၀ ကျော်မှ ကုမ္ပဏီပေါင်း ၂၀၀ ကျော်နှင့် ပြခန်းပေါင်း ၄၀၀ခန့် ပါဝင်ပြသကြမည်ဖြစ်ကြောင်း သိရသည်။ ကုန်စည်ပြပွဲနှင့် တစ်ဆက်တည်း ပြည်တွင်း ကုန်ဝယ်သူများနှင့် နိုင်ငံတကာ ကုန်ဝယ်သူများတွေ့ဆုံဆွေးနွေးမည့် စီးပွားရေး တွေ့ဆုံပွဲများ၊ ငါးလုပ်ငန်းမူဝါဒ ဆွေးနွေးပွဲများ၊ ပင်လယ်စာ ဈေးကွက်ဆိုင်ရာဆွေးနွေးပွဲများ၊ အရည်အသွေး သတ်မှတ်ချက် MSC/ASC ဆိုင်ရာဆွေးနွေးပွဲများ၊ ပင်လယ်စာချက်ပြုတ်ကြော်လှော် ပြပွဲပြိုင်ပွဲများထည့်သွင်း ကျင်းပပေးမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၇ ခုနှစ် ဆိုးလ်နိုင်ငံတကာပင်လယ်စာ ကုန်စည်ပြပွဲသို့ လက်လီလက်ကားရောင်းဝယ်သူများ၊ ထုတ်လုပ်သူများ၊ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်များ၊ စားသောက်ဆိုင်များ၊ ဖြန့်ချိသူများ၊ အစိုးရနှင့်ပုဂ္ဂလိက အဖွဲ့အစည်းများ၊ Home shopping နှင့် online store များမှ လာရောက်လေ့လာဝယ်ယူခဲ့ကြသည်။

၂၀၁၈ ခုနှစ် ဆိုလ်းနိုင်ငံတကာပင်လယ်စာကုန်စည် ပြပွဲသို့ နိုင်ငံတကာလုပ်ငန်းများမှ ငါး၊ ပုစွန်အရှင်များ၊ အေးခဲငါးပုစွန်များ၊ ငါးပုစွန်အခြောက်နှင့် ဆားနယ်များ၊ ဆူရီမီ၊ ရေညှိ၊ ပင်လယ်စာအခြေခံအစာပြေမုန့်၊ စည်သွပ်ဗူး၊ ready to eat နှင့် ready to cook ပြုပြင်ထုတ်လုပ်နေ သည့် ကုမ္ပဏီများအပြင် အအေးခန်းသုံးပစ္စည်းများ၊ ပြုပြင် ထုပ်ပိုးခြင်း ဆိုင်ရာစက်ကိရိယာများ ပါဝင်ပြသမည်ဖြစ် ကြောင်း သိရသည်။

ယခုနှစ် ဆိုးလ် နိုင်ငံတကာပင်လယ်စာကုန်စည်ပြပွဲ -၂၀၁၈ သို့ သွားရောက်ပြသလိုသည့် ရေထွက်ကုန်လုပ်ငန်း ကုမ္ပဏီများအနေဖြင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေး အဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ ဖုန်း ၀၆၇-၄၃၀၄၄၆၊ ဖက်စ် ၀၆၇-၄၃၀၁၂၈ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင် ကြောင်း သိရသည်။

**သတင်းစဉ်**

## မူခင်းကျဆင်းရေး အသိပညာပေးဟောပြော

**တံတား ဒီဇင်ဘာ ၁၄**

ကျောက်တန်းမြို့နယ် တံတားမြို့ စင်မကော်ကျေးရွာ သုတရိပ်မွန် စာကြည့်တိုက်၌ မူခင်းကျဆင်းရေး အသိပညာပေး ဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။

တံတားနယ်မြေရဲစခန်းမှူး ရဲအုပ်ကြည်ဝင်းက စင်မကော်ကျေးရွာ ပြည်သူများနှင့် စင်မကော်အလယ်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများအား သက်ငယ် မုဒိမ်းမဖြစ်ပွားစေရေး၊ မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေးနှင့် လောင်းကစားမှု ပပျောက်စေရေး တို့ကို ဟောပြောဆွေးနွေးခဲ့ပြီး ကျေးရွာပြည်သူများက သိရှိလိုသည် များကို အပြန်အလှန် ရှင်းလင်း ဆွေးနွေး၍ မူခင်းကျဆင်းရေး အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**ရန်ကုန် ဒီဇင်ဘာ ၁၄**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၉၁၇၅၀၀ | - | ၉၁၇၅၀၀ |
| မန္တလေး(ရွှေဈေး) | ၉၁၇၅၀၀ | - | ၉၁၇၅၀၀ |

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၇၀/၇၈၅ ကျပ်၊ | ၈၂၀/၈၂၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၂၀/၈၃၀ ကျပ်၊ | ၉၁၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၇၅/၇၉၀ ကျပ်၊ | ၈၆၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၉၀/၈၀၅ ကျပ်၊ | ၈၄၀/၈၅၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၄၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၆၅/၇၇၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၃၅/၇၄၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၁၆. ၄ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၆. ၂၈ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၁. ၉၄၈ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၃၅. ၃၄ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၁၇၆ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၁၁. ၁ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၅. ၇၄ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၄၆. ၃ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၃. ၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**



ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

themirror.npt@gmail.com
www.facebook.com/themirrordaily

☆ ဂျပန်နိုင်ငံမှ

သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်ဓာတ်အား စသည့် ကဏ္ဍများတွင် အလေးပေးပူးပေါင်းဆောင်ရွက်ရေး၊ ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအတွက် ရန်ကုန်မြို့တွင် ဂျပန်ယဉ်ကျေးမှုစင်တာ တည်ထောင်ရေး၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးနှင့် စာသင်ကျောင်းများ တည်ဆောက်ရေးအတွက် အကူအညီပေးရေး၊ လွတ်လပ်၍ ပွင့်လင်းသော အိန္ဒိယ-ပစိဖိတ်မဟာဗျူဟာအစီအစဉ်အောက်မှ ဒေသတွင်း ချိတ်ဆက်မှုများမြှင့်တင်၍ မြန်မာနိုင်ငံနှင့် ဒေသတစ်ခုလုံး၏ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ကူညီပံ့ပိုးသွားရေးတို့ကို ဆွေးနွေးပြောကြားသည်။

**ကျေးဇူးတင်ရှိ**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်က နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရန်အတွက် ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုလာရောက်ရေး၊ မြန်မာနိုင်ငံငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ရန်ကုန်မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဓာတ်အားကဏ္ဍတို့တွင် အကူအညီများအတွက် ကျေးဇူးတင်ရှိကြောင်း၊ ဆက်လက်၍ ကူညီပံ့ပိုးပေးရေး၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံအပေါ် နားလည်မှုနှင့် ကူညီပံ့ပိုးမှုများအတွက် ကျေးဇူးတင်ရှိကြောင်းနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားလိုကြောင်းတို့ကို ဆွေးနွေးပြောကြားခဲ့သည်။



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးတို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။

**စိန်ခေါ်မှုတစ်ရပ်ဖြစ်**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဂျပန်နိုင်ငံ ဝန်ကြီးချုပ်တို့သည် ဝန်ကြီးချုပ်ရုံး၌ ဆက်လက်ကျင်းပသည့် နှစ်နိုင်ငံ ပူးတွဲသတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ကြသည်။

ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် နိုင်ငံတော်သမ္မတနှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ်တို့က ဂျပန်-မြန်မာ ထိပ်သီးအစည်းအဝေးတွင် ဆွေးနွေးခဲ့မှုများနှင့် ဆွေးနွေးပွဲရလဒ်များကို ရှင်းလင်းပြောကြားကြသည်။

"ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် နိုင်ငံတော်သမ္မတက အရည်အသွေးပြည့်မီတဲ့ အခြေခံကျန်းမာရေးဝန်ဆောင်မှုပေးနိုင်ဖို့ဟာ သက်ဆိုင်ရာ အစိုးရများအတွက် အလွန်အရေးပါတဲ့ တာဝန်တစ်ရပ် ဖြစ်ပါတယ်၊ ဒီလို ဝန်ဆောင်မှုတွေကို ဖြည့်ဆည်းပေးနိုင်ဖို့ဟာ မြန်မာအစိုးရအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် စိန်ခေါ်မှုတစ်ရပ် ဖြစ်ပါတယ်၊ ဒီစိန်ခေါ်မှုတွေကို ကျော်လွှားနိုင်ဖို့ဟာ အစိုးရနဲ့အတူ ပြည်သူတစ်ရပ်လုံးက စုပေါင်းပါဝင်ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

**ဆွေးနွေးအမြင်ချင်းဖလှယ်**

Universal Health Coverage Forum သို့ တက်ရောက်အပြီး ယနေ့ မွန်းလွဲပိုင်းမှ စတင်ကာ မိမိရဲ့ တရားဝင်ခရီးစဉ် စတင်ခဲ့ပါတယ်၊ ဝန်ကြီးချုပ် မစ္စတာ အာဘေးနဲ့ ကျင်းပခဲ့တဲ့ နှစ်နိုင်ငံ ထိပ်သီးအစည်းအဝေးမှာ မိမိတို့ နှစ်နိုင်ငံအကြား ဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနဲ့ ဒေသတွင်းဆိုင်ရာ ကိစ္စရပ်များအပေါ် ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြပါတယ်။

ဦးစွာ မိမိအနေနဲ့ ဂျပန်နိုင်ငံမှာ အောက်တိုဘာလ ၂၂ ရက်နေ့က ကျင်းပခဲ့တဲ့ အောက်လွှတ်တော် ရွေးကောက်ပွဲမှာ ဝန်ကြီးချုပ် မစ္စတာ အာဘေး ဦးဆောင်တဲ့ LDP ပါတီ အနိုင်ရရှိခဲ့ခြင်းနဲ့ မစ္စတာ အာဘေးအနေဖြင့် ဝန်ကြီးချုပ်အဖြစ် ပြန်လည်ရွေးကောက်တင်မြှောက်ခြင်းခံရတဲ့အတွက် ဝမ်းမြောက်ကြောင်း ဂုဏ်ပြုစကား ပြောကြားခဲ့ပါတယ်။

**အကူအညီပေးရေး**

မိမိတို့ဆွေးနွေးမှုများမှာ နှစ်နိုင်ငံအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး မြှင့်တင်ရန်၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍများမှာ ဂျပန်နိုင်ငံမှ အကူအညီပေးအပ်လျက်ရှိတဲ့ ကိစ္စရပ်များနဲ့ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ဂျပန်နိုင်ငံအနေနဲ့ ဆက်လက်အကူအညီပေးရေးတို့ကို ဆွေးနွေးခဲ့ကြပါတယ်၊ ထို့ပြင် ဂျပန်နိုင်ငံအစိုးရအနေနဲ့ နယ်ပယ်အသီးသီးမှာ ပညာသင်များ ပေးအပ်လျက်ရှိတာကို ကျေးဇူးတင်ရှိကြောင်းနဲ့ ဆက်လက်ပြီးတော့လည်း တိုးမြှင့်ပေးအပ်သွားမယ်လို့လည်း ယုံကြည်ပါကြောင်း ထည့်သွင်းပြောကြားခဲ့ပါတယ်။

ဂျပန်အစိုးရနဲ့ ပြည်သူများဟာ မြန်မာနိုင်ငံနဲ့ ပြည်သူများအပေါ် စိတ်စေတနာကောင်းများ ထားရှိပြီး မြန်မာနိုင်ငံရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် ကဏ္ဍပေါင်းစုံမှာ အကူအညီများ ပေးအပ်လျက်ရှိရုံမျှမက မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီ ကြိုးပမ်းမှုသမိုင်းနဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကဏ္ဍမှာ အရေးပါတဲ့နိုင်ငံ တစ်နိုင်ငံ ဖြစ်ပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံအစိုးရနဲ့ ပြည်သူများကိုယ်စား ဂျပန်နိုင်ငံအစိုးရနဲ့ ပြည်သူများကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

**ယန်းငွေ ဘီလီယံ ၈၀၀**

ဂျပန်ဝန်ကြီးချုပ်က မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီရေး၊ ပြုပြင်ပြောင်းလဲရေး၊ စီးပွားရေး တိုးတက်အောင်မြင်စေရန်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်စေရန်အတွက် ဆက်လက်ပူးပေါင်းကူညီဆောင်ရွက်သွားမှာဖြစ်ကြောင်း ဂျပန်နိုင်ငံ၏ ရပ်တည်ချက်ကို ထပ်လောင်းအတည်ပြု ပြောကြားခဲ့ပါတယ်။

ဒ့ါအပြင် ဂျပန်နိုင်ငံမှ အကူအညီပေးမယ့် ဂျပန်ယန်းငွေ ဘီလီယံ ၈၀၀ ဖြင့် ရန်ကုန်မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ အခြေခံအဆောက်အအုံနှင့် ပို့ဆောင်ရေးနှင့် လျှပ်စစ်ဓာတ်အားကဏ္ဍတို့မှာ အဓိကထား ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျန်းမာရေးကဏ္ဍ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး စသည့်ကဏ္ဍများအတွက်လည်း ပူးပေါင်းကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့တဲ့အပြင် ရခိုင်ပြည်နယ်မောင်တောဒေသ အရေးကိစ္စနှင့်ပတ်သက်၍ မြန်မာအစိုးရရဲ့ ကြိုးပမ်းဆောင်ရွက်နေမှုများကို ဂျပန်နိုင်ငံက ထောက်ခံအသိအမှတ်ပြုပြီး အကူအညီပေးအပ်သွားမှာဖြစ်ကြောင်း၊ အထူးသဖြင့် ရခိုင်ပြည်နယ်အတွင်း လမ်းတံတားများ ဆောက်လုပ်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ စာသင်ကျောင်းများ ဆောက်လုပ်ရေးတို့ကို အကူအညီပေးသွားမှာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

ဂျပန်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အားပေးကူညီလျက်ရှိတာကြောင့် ဂျပန်နိုင်ငံအစိုးရအနေနဲ့ မြန်မာနိုင်ငံမှာ ဂျပန်နိုင်ငံမှ လုပ်ငန်းရှင်များ ပိုမိုလာရောက်လုပ်ကိုင်ဖို့ တိုက်တွန်းပေးပါရန် ဝန်ကြီးချုပ်ကို မိမိက မေတ္တာရပ်ခံခဲ့ပါတယ်။

ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများနဲ့အတူ အလုပ်အကိုင်အခွင့်အလမ်းများနဲ့ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်မယ့် အခွင့်အလမ်းများ တစ်ပါတည်း ပါလာမှာဖြစ်တဲ့အတွက် ပြည်သူများရဲ့ လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အကူပြုစေမှာ ဖြစ်ပါတယ်။

**ချစ်ကြည်ရင်းနှီးမှုကို မြှင့်တင်**

မိမိအနေနဲ့ ဝန်ကြီးချုပ် မစ္စတာ အာဘေးကိုလည်း မြန်မာနိုင်ငံကို နှစ်ဖက် အဆင်ပြေတဲ့အချိန်မှာ လာရောက်ဖို့ ဖိတ်ကြားခဲ့ပါတယ်၊ ဝန်ကြီးချုပ်ကလည်း ဖိတ်ကြားချက်အတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ဂျပန်နိုင်ငံနဲ့ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ကျယ်ပြန့်စေရေး ကြိုးပမ်းဆောင်ရွက်ကာ နှစ်ဖက်ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုကို မြှင့်တင်သွားမှာဖြစ်ကြောင်း ထပ်လောင်းပြောကြားလိုပါတယ်"ဟု ပြောကြားသည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် အိမ်တော်၌ ဂျပန်နိုင်ငံဝန်ကြီးချုပ်က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြသည်။

ညစာစားပွဲတွင် ဂျပန်နိုင်ငံဝန်ကြီးချုပ်နှင့် နိုင်ငံတော်သမ္မတတို့သည် နှုတ်ခွန်းဆက်စကား ပြောကြားကြပြီး ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ညစာကို အတူတကွ သုံးဆောင်ကြသည်။

**သတင်းစဉ်**

❖ **ရှေ့ဖုံးမှ**

ဆန်၊ ရေ၊ စပါး၊ သား၊ ငါးနှင့် သဘာဝသယံဇာတ ပေါကြွယ်ဝသည့်အပြင် တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ပေါများလှသည့် ပြည်နယ်တစ်ခုဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူ ထမ်းဆောင်ခဲ့ပြီးနောက် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီ (၄)ရပ် ဖွဲ့စည်းကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ အလားတူ ရခိုင်ပြည်နယ်ဖွံ့ဖြိုးရေးအတွက် လွန်စွာအရေးပါသည့် ကျောက်ဖြူအထူးစီးပွားရေးဇုန်ကို ဒေသခံပြည်သူများ၏ ဆန္ဒသဘောထား၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားသက်ရောက်နိုင်မှုတို့ကို အလေးထားသုံးသပ်ပြီး စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းကာ ဆောင်ရွက်လျက်ရှိပါသည်။

ရခိုင်ပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုသာမက ဒေသတည်ငြိမ်ရေးကိုပါ အထောက်အကူဖြစ်စေမည့် ပြည်တွင်း၊ ပြည်ပ ကုန်သွယ်မှုအတွက် အရေးပါသော မောင်တောဒေသ ကညင်ချောင်းစီးပွားရေးဇုန်ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ပါသည်။ မြစ်ချောင်းပေါများလှသော ရခိုင်ပြည်နယ်အတွင်း ပို့ဆောင်ဆက်သွယ်ရေးအတွက် ကုလားတန်မြစ်ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းကိုလည်း အလေးပေးဆောင်ရွက်လျက်ရှိပါသည်။

ရခိုင်ပြည်နယ် မောင်တောဒေသတွင် ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့တွင် စ၍ဖြစ်ပွားခဲ့သော အကြမ်းဖက်ဖြစ်စဉ်နှင့် ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့တွင် စ၍ဖြစ်ပွားခဲ့သော ARSA အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များကို ရင်ဆိုင်ကြုံတွေ့ခံစားခဲ့ရပါသည်။ ထိုဖြစ်စဉ်များကြောင့် ၎င်းဒေသရှိ ရွာများစွာတို့တွင် နေထိုင်သူများ နေရပ်စွန့်ခွာခဲ့ကြရပြီး အစ္စလာမ်ဘာသာဝင်များ တစ်ဖက်နိုင်ငံသို့ ထွက်ခွာသွားခဲ့ခြင်းများလည်း ရှိခဲ့ပါသည်။

ထိုသို့ နေရပ်စွန့်ခွာခဲ့ရခြင်းကြောင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် နိုင်ငံတော်အစိုးရတို့ ပူးပေါင်း၍ အရေးပေါ်ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်နှင့် မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်တို့၏ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီကို ဖွဲ့စည်းခဲ့ပြီး ယင်းကော်မတီအနေဖြင့် စီမံချက်များ ချမှတ်ကာ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေးနှင့် ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကော်မတီကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် ကော်မတီဝင် (၄)ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်နေပြီဖြစ်ပါသည်။ UEHRD ကော်မတီအနေဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ထိထိရောက်ရောက် ပေးအပ်နိုင်ရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် ရေရှည်ပဋိပက္ခ ကင်းဝေးစေရေးတို့ကို ရှေးရှု၍ ပြည်ထောင်စုသားသမီးများ၏ အား၊ အကူအညီနှင့် ယုံကြည်မှုတို့ကို ရယူပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ အစိုးရအဖွဲ့များအားလုံးကလည်း ပြည်ထောင်စု၏ အရေးကိစ္စဟု မှတ်ယူ၍ ရခိုင်ပြည်နယ်၏ လိုအပ်ချက်များကို တတ်နိုင်သမျှ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။ ၎င်းအပြင် ပြည်ထောင်စု၏ နေရာအနှံ့အပြားမှ ပေါင်းစည်းထားသော လူငယ်များကလည်း တတ်စွမ်းသရွေ့ ကွင်းဆင်းကာ ကူညီဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် ရခိုင်ပြည်နယ်တွင် ၂၀၁၇ ခုနှစ် မေလ ၂၉ ရက်နေ့က ကျရောက်ခဲ့သော မိုရာဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် ဆုံးရှုံးနစ်နာမှုများ ပေါ်ပေါက်ခဲ့သဖြင့် နိုင်ငံတော်အစိုးရနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းပြီး အရေးပေါ်ကယ်ဆယ်ရေး၊ အမိုးအကာအောက် ရောက်ရှိရေး၊ ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနှင့် ရေရှည်သဘာဝဘေးဒဏ်ခံနိုင်ရေးတို့ကို အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ပထဝီအနေအထားအရ သဘာဝဘေးအန္တရာယ်များကို ကြိမ်ဖန်များစွာ ကြုံတွေ့ခဲ့ရသော်လည်း အစဉ်အမြဲ ကြံ့ကြံ့ခံကျော်လွှားနိုင်ခဲ့ကြသော ရခိုင်ပြည်နယ်သူပြည်နယ်သားတို့၏ ခိုင်မာသည့် စိတ်ဓာတ်နှင့် အရှုံးမပေးသည့် ဇွဲ သတ္တိများအတွက် အထူးပင် ဂုဏ်ယူမိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုပါသည်။

မြတ်ဗုဒ္ဓ၏သာသနာ ထွန်းလင်းတောက်ပခဲ့ပြီး မြတ်စွာဘုရား၏ မွေတော်၊ ဓာတ်တော်များ ကိန်းဝပ်စံပယ်ရာဖြစ်သည့် ရခိုင်ပြည်နယ် မြောက်ဦးမြို့ကို ကမ္ဘာ့ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်မြို့တော်အဖြစ် အသိအမှတ်ပြုနိုင်ရေးအတွက်လည်း UNESCO နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

နိဂုံးချုပ်အနေဖြင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူ့အဖွဲ့အစည်းများ သဟဇာတ ရှိစေရေးအတွက် အလေးပေးဆောင်ရွက်ရန် အရေးကြီးလှသကဲ့သို့ အနာဂတ်တွင် လုံခြုံအေးချမ်းကာ ခေတ်မီတိုးတက်သာယာလှပစေရေးအတွက် ပြည်နယ်သူ ပြည်နယ်သားများ၏ စုပေါင်းညီညွတ်သော အင်အားဖြင့် ကြိုးပမ်းတည်ဆောက်သွားကြပါရန် နေ့ထူးနေ့မြတ်ဖြစ်သော ရခိုင်ပြည်နယ်နေ့ အခါသမယတွင် ချစ်ကြည်လေးစားစွာ တိုက်တွန်းနှိုးဆော်လျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**

# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့ ဖွဲ့စည်း

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
(၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်)

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ်
အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့ ဖွဲ့စည်းခြင်း

၁။ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီကို ၁၂-၉-၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၇၅/၂၀၁၇ ဖြင့် နိုင်ငံတော်သမ္မတက ဖွဲ့စည်းပေးပြီး ဖြစ်ပါသည်။

၂။ ယင်းအမိန့်ကြော်ငြာစာတွင် ရခိုင်ပြည်နယ်ဆိုင်ရာကော်မရှင်များ၏ အကြံပြုချက်များနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြေပြင်အခြေအနေအပေါ် မူတည်၍ အကျိုးရှိစွာ ထိထိရောက်ရောက် ဖော်ဆောင်နိုင်ရေးအတွက် လိုအပ်သော အကြံဉာဏ်များကို ရယူနိုင်ရန် အကြံပေးအဖွဲ့ကို ပြည်တွင်း၊ ပြည်ပ ပညာရှင်များ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ၊ အတွေ့အကြုံရှိသူများနှင့် ဖွဲ့စည်းရမည်ဟု ဖော်ပြထားပါသည်။

၃။ အထက်အပိုဒ်(၂)အတိုင်း လိုအပ်သည့် အကြံဉာဏ်များ ရယူနိုင်စေရန်အတွက် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့ကို အောက်ပါပြည်တွင်း၊ ပြည်ပ ပညာရှင်များဖြင့် ဖွဲ့စည်းလိုက်ပါသည်-

(၁) Dr.Surakiart Sathirathai
Chairman, Asia Peace and Reconciliation Council (APRC), Former Deputy Prime Minister and Minister of Foreign Affairs of Thailand

(၂) Mr.Urban Ahlin
Speaker, Chair of the Riksdag Board
Member of the Swedish Parliament

(၃) Governor Bill Richardson
Chairman,Richardson Center for Global Engagement
Former Govermor of New Mexico and Former United States Secretary of Energy

(၄) Professor Lord Derzi of Denham
Former Parliamentary Under-Secretary of State of Health, Department of Health
Member of Her Majesty's Most Honourable Privy Council

(၅) Mr. Roel of Petrus(Roelf)Meyer
Former Minister of Defence
Former Minister of Constitutional Affairs and Communication
Former Minister of Constitutional Development and Provincial Affairs South Africa

(၆) ဦးဝင်းမြ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

(၇) ဦးထွန်းမြတ် အငြိမ်းစား၊ ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ်

(၈) ဦးခင်မောင်လေး အဖွဲ့ဝင်၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

(၉) ဦးလှမြင့် သံအမတ်ကြီး(ငြိမ်း) အဖွဲ့ဝင်၊ အာဆီယံ အစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်

(၁၀) ဒေါက်တာဒေါ်ခင်ညို၊ ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ပြည်သူ့လွှတ်တော်

၄။ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့သည် သတ်မှတ်ထားသည့် လုပ်ငန်းတာဝန်များနှင့်အညီ အကြံဉာဏ်များပေးနိုင်ရေး ဆောင်ရွက်ရန်ဖြစ်ပါသည်။

၅။ Dr. Surakiart Sathirathai မှ အကြံပေးအဖွဲ့၏ ဥက္ကဋ္ဌ တာဝန်ကို ထမ်းဆောင်မည်ဖြစ်ပါသည်။

# နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်စုစုလွင် ပန်းအလှပြင်ဆင်ခြင်း အခမ်းအနားသို့ တက်ရောက်

**တိုကျို ဒီဇင်ဘာ ၁၄**

ဂျပန်နိုင်ငံ တိုကျိုမြို့၌ ရောက်ရှိနေသော နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်စုစုလွင်သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီ ၁၅ မိနစ်တွင် တိုကျိုမြို့ အာဆာခူဆာ (Asakusa)ရှိ Sensoji ဘုရားကျောင်းသို့ သွားရောက်ကြည်ညိုကြသည်။

ထို့နောက် တိုကျိုမြို့ရှိ Sogetsu Kaikan ဂျပန်ရိုးရာ ပန်းအလှပြင်ကျောင်းသို့ရောက်ရှိရာ Executive Director Ms. Kiri TESHIGAHARA, Ms. Suisen TAKAGI နှင့် Deputy Secretary Mr. Ryusuke YONEDA တို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် Sogetsu Kaikan ဂျပန်ရိုးရာ ပန်းအလှပြင်ကျောင်း၌ ကျင်းပသည့် ပန်းအလှပြင်ဆင်ခြင်းအခမ်းအနားသို့တက်ရောက်ပြီး ဂျပန်နိုင်ငံတွင် ရာသီအလိုက် ဖူးပွင့်သည့် ပန်းများကိုအသုံးပြု၍ အလှပြင်ဆင်ထားမှုကို လှည့်လည်ကြည့်ရှုလေ့လာသည်။

အဆိုပါအခမ်းအနားတွင် နိုင်ငံတော်သမ္မတ၏ ဇနီး ကိုယ်တိုင်ပါဝင်၍ အဖွဲ့ဝင်များနှင့်အတူ ရာသီပန်းများကို အသုံးပြုပြီး ပန်းအလှဆင်ခြင်းကို ဆောင်ရွက်သည်။ **(ယာပုံ)**

ယင်းနောက် နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်စုစုလွင်သည် ဝန်ကြီးချုပ်၏နေအိမ်သို့ သွားရောက်ပြီး ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ဇနီး Mrs.Akie Abe နှင့်အတူ မြန်မာနိုင်ငံတွင် လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည့် Non Profit Organization (NPOs) အဖွဲ့များဖြစ်သည့် Japan Heart မှ Supreme Advisor Dr. Hideo Yoshioka၊ Terra People Association မှ ဥက္ကဋ္ဌ Mr. Hroyuki Ohno၊ Seeds Asia အဖွဲ့အစည်းမှ အကြီးအကဲ Ms.Etsuko TSUNOAZKI၊ OISCA မှ ဥက္ကဋ္ဌ Ms. Etsuko NAKANO တို့နှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် NPOs အဖွဲ့အစည်းများက မြန်မာနိုင်ငံမှ ကဏ္ဍအသီးသီးတွင် ဆောင်ရွက်လျက်ရှိသည့် လူမှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။ **သတင်းစဉ်**





# ပြည်ထောင်စုဝန်ကြီး ဒေါက်တာပေမြင့် နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သတင်းမီဒီယာကောင်စီ(ယာယီ)ဥက္ကဋ္ဌ ဦးဆောင်သည့်အဖွဲ့အား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပေမြင့်သည် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံတွင် ရောက်ရှိနေသည့် နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သတင်းမီဒီယာကောင်စီ(ယာယီ)ဥက္ကဋ္ဌ Mr. Kishor Shrestha ဦးဆောင်သည့်အဖွဲ့အား ယနေ့ ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ တံ့ဂပူရိဟိုတယ်၌ ညစာစားပွဲဖြင့်တည်ခင်းဧည့်ခံသည်။

အဆိုပါ ညစာစားပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးအောင်လှထွန်းနှင့် ဖိတ်ကြားထားသူများ၊ မြန်မာနိုင်ငံဆိုင်ရာ နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး Mr.Bhim K. Udas နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ နီပေါသတင်းမီဒီယာအဖွဲ့သည် မြန်မာနိုင်ငံ၏ သတင်းမီဒီယာလုပ်ငန်းများကို ဒီဇင်ဘာ ၁၅ ရက်ထိ လေ့လာသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# အရပ်ဘက်နှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာစာချုပ်နှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

အရပ်ဘက်နှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာစာချုပ် (ICCPR)နှင့် စပ်လျဉ်းသည့် ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဂျီနီဗာမြို့အခြေစိုက် အရပ်ဘက်နှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာဗဟိုဌာန(CCPR)တို့ ပူးပေါင်း၍ နေပြည်တော်၌ ဒီဇင်ဘာ ၁၄ ရက်မှ ၁၅ ရက်အထိ ကျင်းပလျက်ရှိပြီး နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်းက အဖွင့်အမှာစကားပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်မှ ကိုယ်စားလှယ်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်တို့မှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ကျွမ်းကျင်ပညာရှင်များ စုစုပေါင်း ၅၀ ခန့် တက်ရောက်လျက်ရှိသည်။

ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲကိုလည်း နေပြည်တော်၌ ယခုနှစ်အစောပိုင်းတွင် ကျင်းပခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးစာချုပ်များအား လေ့လာခြင်းနှင့် အတည်ပြုပါဝင်ခြင်းဖြင့် ပြည်သူများ၏ လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေးကို ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် ICCPR သို့ ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကို ရည်ရွယ်၍ ICCPR တွင် ပါဝင်သည့် အချက်အလက်များအား သက်ဆိုင်သူများ ပိုမိုသိရှိနားလည်စေရန်အလို့ငှာ ဤအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်သည်။ လက်ရှိအလုပ်ရုံ ဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်လျက်ရှိသော ဌာနဆိုင်ရာ အသီးသီးအနေဖြင့် ICCPR စာချုပ်အား ပိုမိုသိရှိနားလည်လာရန် မြန်မာနိုင်ငံမှ ICCPR သို့ ပါဝင်ရေး စဉ်းစားရာတွင် အထောက်အကူပြုစေမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စာပေညီလာခံ ၂၀၁၇ (ဒုတိယနေ့) ရန်ကုန်မြို့၌ ဆက်လက်ကျင်းပ စာပေအဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များ သက်ဆိုင်ရာခေါင်းစဉ်အလိုက် ပါဝင်ဆွေးနွေး

ရန်ကုန် ဒီဇင်ဘာ ၁၄

**"လွတ်လပ်သောစာပေ၊ လွတ်လပ်သောအသံ" ဆောင်ပုဒ်နှင့်အညီ ကျင်းပလျက်ရှိသည့် စာပေညီလာခံ ၂၀၁၇ (ဒုတိယနေ့)ကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၄)ရပ်ကွက် မင်းဓမ္မလမ်းရှိ Myanmar Convention Center (MCC)ခန်းမ၌ ဆက်လက်ကျင်းပရာ စာပေအဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များက သက်ဆိုင်ရာခေါင်းစဉ်အလိုက် ပါဝင်ဆွေးနွေးကြသည်။**



**စာပေညီလာခံ (၂၀၁၇) ဒုတိယနေ့တွင် မြန်မာဘာသာပြန်ကွန်ရက်က To Organize a Semi-gov Art Council ခေါင်းစဉ်ဖြင့် ဆွေးနွေးစဉ်။**



**စာပေညီလာခံ (၂၀၁၇ )ဒုတိယနေ့တွင် သီးခြားအစုအဖွဲ့(မြိတ်)က မြိတ်ရိုးရာဓလေ့စာပေနှင့် ဒေသိယ အသုံးအနှုန်းခေါင်းစဉ်ဖြင့် ဆွေးနွေးစဉ်။**

ယနေ့ ညီလာခံတွင် အဖွဲ့လိုက် စာပေဆွေးနွေးပွဲများကို နေရာခြောက်ခုခွဲ၍ ကျင်းပရာ နံနက်ပိုင်းတွင် မြန်မာဘာသာပြန်ကွန်ရက်က "To Organize a semi- gov Art Council" ခေါင်းစဉ်ကို စာရေးဆရာ မြေမှုန်လွင်က ဦးဆောင်ဆွေးနွေးပြီး Dan Feng၊ Kate Griffin က လည်းကောင်း၊ အထက်ဗမာနိုင်ငံ စာရေးဆရာအသင်းက "ဝတ္ထုတိုအတွေးနှင့် ခေတ်ပြိုင်ခံစားမှု" ခေါင်းစဉ်ကို စာရေးဆရာ ညီပုလေးက ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာ ဆူးငှက်၊ စိုးလှိုင်တင့် (ရေစကြို)၊ ကိုရိုးကွန့်တို့က လည်းကောင်း၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းက "အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြင်ပစာပေအခန်းကဏ္ဍ" ခေါင်းစဉ်ကို စာရေးဆရာ မောင်ငြိမ်းသူ(ကြို့ပင်ကောက်)က ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာ မနုဿကျော်ဝင်း၊ မြတ်ဝေတိုး(ပညာရေး)၊ မှော်ဝန်းကြည်မြတ်၊ ဒေါက်တာထွန်းတင့်တို့က လည်းကောင်း၊ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက "မူပိုင်ခွင့်နှင့် ဆက်စပ်အကြောင်းအရာများ" ခေါင်းစဉ်ကို စာရေးဆရာ ဦးကျော်ဦး(ပါရမီ)က ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာ မျိုးအောင်(ရုက္ခဗေဒ)၊ ကြည်ရွှန်း၊ ခိုင်ခိုင်ဦးတို့က လည်းကောင်း၊ Pen Myanmar က "ဒစ်ဂျစ်တယ် စာပေစျေးကွက်ဆီသို့" ခေါင်းစဉ်ကို စာရေးဆရာဟန်ဇော်က ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာ ဝင်းလှိုင်၊ ဇေယျာသူ၊ စိုးသီဟနောင်တို့က လည်းကောင်း၊ မြန်မာနိုင်ငံ ကဗျာဆရာသမဂ္ဂက "နယ်ကဗျာဆရာတို့ရင်ဆိုင်ရသော စာပေဆိုင်ရာ အခက်အခဲများ" ခေါင်းစဉ်ကို ကဗျာဆရာ မောင်လင်းရိပ်က ဦးဆောင်ဆွေးနွေးပြီး ကဗျာဆရာ နေပန်ဦး၊ သားဦး၊ မင်းဆွေနှစ်၊ နရီ(မြိတ်)တို့က လည်းကောင်း ခေါင်းစဉ်အလိုက် ပါဝင်ဆွေးနွေးကြသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် သီးခြားအစုအဖွဲ့ (ကမ်းလက်များစာပေအဖွဲ့)က "အွန်လိုင်းစာပေ အဖွဲ့အစည်းများ ပိုမိုတိုးတက်စေရေး" ခေါင်းစဉ်ကို စာရေးဆရာ ရဲစတိုင်းက ဦးဆောင်ဆွေးနွေးပြီး လုလင်လက်ျာ၊ မော်မော့်မောင်၊ ကိုစက်ဖေ၊ အမောင်ပုဂံတို့က လည်းကောင်း၊ သီးခြားအစုအဖွဲ့(မြိတ်)က "မြိတ်ရိုးရာဓလေ့ စာပေနှင့် ဒေသိယ အသုံးအနှုန်း"ခေါင်းစဉ်ကို စာရေးဆရာ နရီ(မြိတ်)က ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာ အောင်တင်၊ သင်းစီ၊ Mဇော်အောင်၊ စိုးနိုင်(တက္ကသိုလ်)တို့က လည်းကောင်း၊ မြန်မာစာပေချစ်မြတ်နိုးသူများအသင်းက "မြန်မာစာပေ အရေးအသား ထိန်းသိမ်းစောင့်ရှောက်ရေး" ခေါင်းစဉ်ကို စာရေးဆရာ ဂုဏ်ထူး ဦးသိန်းနိုင်က ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာ ဒေါက်တာထွန်းတင့်၊ ဦးစောထွန်း (စောလူ)၊ မောင်ခင်မင်(ဓနုဖြူ)တို့က လည်းကောင်း၊ မြန်မာစာရေးဆရာကလပ်က "နိုင်ငံတကာစာပေနှင့် စာပေဆု" ခေါင်းစဉ်ကို စာရေးဆရာဟိန်းလတ်က ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာ လေးကိုတင်၊ ဒီပန်လင်း၊ သံလျင်မောင်ဝင့်ဝါတို့က လည်းကောင်း၊ မြန်မာနိုင်ငံ စာရေးဆရာသမဂ္ဂက " မျက်မှောက်ခေတ် မြန်မာဝတ္ထုတို အခြေအနေ" ခေါင်းစဉ်ကို စာရေးဆရာလင်းထင်က ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာဆင်တဲဝ မြတ်ဖုန်း၊ နှင်းဆီအောင်၊ ကြည်မွေ့အိမ်၊ လဲ့ဝင်းကြည်(ချို)တို့က လည်းကောင်း၊ မြန်မာဘာသာပြန်ကွန်ရက်က "Scholar Translation for Education" ခေါင်းစဉ်ကို စာရေးဆရာကောင်းသန့်က ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာ ဆရာမိုး(Follow me)၊ မျိုးမြတ်သူ၊ မောင်သိန်းလွင်တို့က လည်းကောင်း ခေါင်းစဉ်အလိုက် ပါဝင်ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် မြန်မာဘာသာပြန်ကွန်ရက်က " ပြည်သူ့စာကြည့်တိုက်များ၏ အခန်းကဏ္ဍ" ခေါင်းစဉ်ကို စာရေးဆရာ ဟိန်းလတ်က ဦးဆောင်ဆွေးနွေးပြီး ဇော်ဇော်(မန္တလေး)၊ မောင်မောင်စိုး၊ ကျော်ဇင်လင်းတို့က လည်းကောင်း၊ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက "ပြောင်းလဲလာသော ပုံနှိပ်ထုတ်ဝေရေး အခြေအနေ" ခေါင်းစဉ်ကို စာရေးဆရာသူရိန်ထွန်းက ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာဝင်းလှိုင်(ဝန်ဇင်း)၊ မြင့်သူ၊ ကျော်ဌေးမင်း၊ စန်းဦးတို့က လည်းကောင်း၊ သီးခြားအစုအဖွဲ့ (မော်လမြိုင်)က "သုတေသနစာပေဖြစ်ထွန်းရေး လိုအပ်ကြောင်း အကြံပြုချက်" ခေါင်းစဉ်ကို စာရေးဆရာ မင်းလက်ဝဲအနော်ရထာက ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာ မွန်ဝင်းဗိုလ်၊ လယ်တောကြာနီ၊ ကျော်လွင်(COA)၊ မင်းနိုင်တို့က လည်းကောင်း၊ သီးခြားအစုအဖွဲ့ (မြန်မာစာဌာန)က "မြန်မာစာ မြန်မာစကား ထိန်းသိမ်းရေး" ခေါင်းစဉ်ကို စာရေးဆရာ ဒေါက်တာဌေးလွင်က ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာ ဒေါက်တာအောင်မြင့်ဦး၊ မောင်သာချို၊ မေစာတို့ကလည်းကောင်း၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းက "အမျိုးသားစာပေဆုနှင့် ဓမ္မဓိဋ္ဌာန်ကျမှု" ခေါင်းစဉ်ကို စာရေးဆရာမ မနှင်းဖွေးက ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာ ချစ်ဦးညို၊ လယ်တွင်းသားစောချစ်၊ မစန္ဒာတို့ကလည်းကောင်း၊ Pen Myanmar က "အတွေးအမြင် ပြောင်းလဲရေးအတွက် ဘာသာပြန်စာပေ၏ ကဏ္ဍ" ခေါင်းစဉ်ကို စာရေးဆရာမ မသီတာ(စမ်းချောင်း)က ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာ ကိုတာ၊ ကျော်ဝင်းတို့က လည်းကောင်း ခေါင်းစဉ်အလိုက် ပါဝင်ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းမှုများအပေါ် ပြန်လည်ဆွေးနွေးဖြေကြားကြသည်။

အလားတူ ညီလာခံပထမနေ့တွင်လည်း စာပေနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များက သက်ဆိုင်ရာခေါင်းစဉ်များအလိုက် ဆွေးနွေးခဲ့ကြပြီး နှစ်ရက်တာ ဆွေးနွေးခဲ့မှုများအပေါ် စာပေညီလာခံ(၂၀၁၇) ကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ စာရေးဆရာ မောင်သွေးသစ်က "ကျွန်တော်တို့နိုင်ငံမှာက အုပ်စုဖွဲ့ဆွေးနွေးတာက နည်းနည်းစိမ်းနေပါသေးတယ်၊ အဲဒီလိုဆွေးနွေးတဲ့အခါမှာ ဦးဆောင်ဆွေးနွေးတဲ့သူက ဆွေးနွေးပွဲကို တည့်မတ်အောင်ထိန်းပေးဖို့လိုအပ်ပါတယ်၊ နောက်တစ်ခုက စာပေညီလာခံလုပ်တယ်ဆိုတာ သက်ဆိုင်ရာတာဝန်ရှိသူတွေကို တောင်းဆိုနေတာ မဟုတ်ပါဘူး၊ တင်ပြခြင်းမျိုးပဲ ဖြစ်ပါတယ်၊ ဒါကြောင့် တင်ပြတဲ့ မေးခွန်းမျိုးဖြစ်သင့်ပါတယ်၊ ဒါမှလည်း ကျွန်တော်တို့ ရည်ရွယ်တဲ့ လမ်းကြောင်းပေါ်ရောက်မှာ ဖြစ်ပါတယ်၊ ဒါပေမယ့် ကျွန်တော်တို့ဆီမှာ အတွေ့အကြုံနည်းတဲ့အတွက် တချို့ကတော့ ဟောပြောပွဲ ပုံစံလုပ်သွားတယ်၊ တချို့ကတော့ စာတမ်းဖတ်တဲ့ပုံစံ လုပ်သွားတာမျိုးတွေ့ရပါတယ်၊ ဆိုလိုချင်တာကတော့ စုပေါင်းဆွေးနွေးမှုတွေကို သက်ဆိုင်ရာတာဝန်ရှိသူတွေထံ တင်ပြတဲ့ ပုံသဏ္ဌာန်မျိုးရောက်ဖို့လိုပါတယ်"ဟု သူ၏အမြင်ကို ပြောကြားသည်။

အကြောင်းအရာတစ်ခုအပေါ် တစ်ဦးချင်းစီ၏ မတူညီသော ရှုထောင့်၊ အသိအမြင်၊ အတွေး၊ ဆင်ခြင်သုံးသပ်ခြင်းများဖြင့် ဆွေးနွေးရာမှ ပိုမိုပြည့်စုံသော အကြောင်းအရာ၊ စိတ်ကူးစိတ်သန်း ရလဒ်ကောင်းများ ရရှိလာစေရန် ရည်ရွယ်၍ ဆွေးနွေးမှုစကားဝိုင်းများကို ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

စာပေညီလာခံကို ဒီဇင်ဘာ ၁၃ ရက်မှစ၍ ဒီဇင်ဘာ ၁၆ ရက်အထိ လေးရက်ကြာ ကျင်းပလျက်ရှိပြီး ပထမ၊ ဒုတိယနှင့် တတိယနေ့တို့တွင် စာပေအနုပညာရှင် အဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များက သက်ဆိုင်ရာခေါင်းစဉ်များအလိုက် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။

စတုတ္ထနေ့တွင် ဆွေးနွေးမှုရလဒ်များကို ညီလာခံသို့ တင်သွင်း၍ အတည်ပြုချက်ရယူကာ ပြန်ကြားရေးဝန်ကြီးဌာနသို့ တင်သွင်းသွားမည်ဖြစ်ပြီး ထိုမှတစ်ဆင့် နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ညီလာခံတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ စာပေပညာရှင်များနှင့် စာရေးဆရာ ဆရာမ ၂၀၀ ကျော်တို့က သက်ဆိုင်ရာခေါင်းစဉ်အလိုက် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိရာ စာရေးဆရာ ဆရာမများ၊ စာပေနယ်ပယ်အသိုင်းအဝိုင်းအသီးသီးမှ ပုဂ္ဂိုလ်များ၊ စာပေဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာပေညီလာခံ (၂၀၁၇)ကို မြန်မာနိုင်ငံစာရေးဆရာအသင်း၊ အထက်ဗမာနိုင်ငံ စာရေးဆရာအသင်း၊ မြန်မာစာပေချစ်မြတ်နိုးသူများအသင်း၊ မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်း၊ မြန်မာနိုင်ငံကဗျာဆရာသမဂ္ဂ၊ Pen Myanmar၊ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၊ မြန်မာနိုင်ငံစာရေးဆရာသမဂ္ဂ၊ မြန်မာနိုင်ငံ စာရေးဆရာကလပ်၊ မြန်မာနိုင်ငံ ကာတွန်းဆရာအသင်း၊ မြန်မာဘာသာပြန်ကွန်ရက်တို့ ပူးပေါင်း၍ ကျင်းပခြင်းဖြစ်သည်။

**သတင်း - ဇော်ကြီး၊ ဓာတ်ပုံ - လှမိုး**

## ❍ ရန်ကုန်မြို့မှ

"လုပ်ငန်းလုပ်ကိုင်ခွင့်ရ ကုမ္ပဏီမရှိတော့ဘူးဆိုတာ မဟုတ်ပါဘူး၊ လက်ရှိအခြေအနေမှာ စီမံကိန်းက ပြီးတာကတော့ ပြီးနေပါပြီ၊ လုပ်ငန်းမှာ Error လေးတွေ ရှိနေတော့ အဲဒီ Error လေးတွေကို ဖြေရှင်းနေတာ၊ ပြန်ပြင်ခိုင်းနေတာတွေပါ၊ ကင်မရာနဲ့ချိတ်ဆက်တာ၊ ဖိုက်ဘာနဲ့ ပြန်ပြင်တာတွေ ရှိနေလို့ပါ၊ လိုချင်တဲ့ မျှော်မှန်းထားတဲ့အတိုင်း မဖြစ်ဘဲနဲ့ နည်းနည်းညံ့နေတာလေးတွေကို ပြန်ပြင်ခိုင်းနေတာပါ၊ သတ်မှတ်ထားတဲ့ ရက်ကျော်တာရှိပေမယ့် လုပ်ငန်းက ဆက်လုပ်နေပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်အတွင်းရှိ Traffic Control Center မှ မီးပွိုင့်စနစ်များအားလုံးကို လွှမ်းခြုံကြည့်ရှုနိုင်မည်ဖြစ်ပြီး ယာဉ်ကြောကျပ်တည်းနေမှုများကို ထိန်းချုပ်ဆောင်ရွက်နိုင်မည်ဟု သိရသည်။ ရန်ကုန်မြို့ရှိ အချက်ပြမီးပွိုင့် ၁၅၄ ခုတွင် စီစီတီဗွီ ကင်မရာများ တပ်ဆင်ထားကာ Automatic System သုံး အချက်ပြထိန်းချုပ်စနစ်ဖြင့် ယာဉ်ကြောထိန်းသိမ်းရေးအပြင် လုံခြုံရေးကိုလည်း ဆောင်ရွက်နိုင်မည်ဟု သိရသည်။

ယင်းစနစ်ကို အကောင်အထည်ဖော်နိုင်ရန် ၂၀၁၅ ခုနှစ်အတွင်း ပုဂ္ဂလိကကုမ္ပဏီများကို တင်ဒါခေါ်ယူခဲ့သည်။ ယင်းတင်ဒါကို တရုတ်ကုမ္ပဏီတစ်ခုနှင့် ပြည်တွင်း ကုမ္ပဏီတစ်ခုတို့ ပူးပေါင်းလုပ်ကိုင်ခွင့်ရခဲ့ပြီး ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် ပြီးစီးရန်သတ်မှတ်ထားခဲ့သော်လည်း သတ်မှတ်ချိန်အတွင်း မပြီးစီးခဲ့သည့်အတွက် တစ်ရက်လျှင် ဒဏ်ကြေးကျပ်တစ်သိန်းနှုန်းဖြင့် အဆိုပါ ကုမ္ပဏီအား ပေးဆောင်စေလျက်ရှိကြောင်း သိရသည်။

ယင်းစီမံကိန်းကို ပြီးခဲ့သည့် အစိုးရလက်ထက်တွင် နိုင်ငံတော်၏ အထူးရန်ပုံငွေ ကျပ်ဘီလီယံ ၂၀ ဖြင့် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဆုနှင်းလဲ့**

## သံအမတ်ကြီး ဦးမြင့်ဆွေ ကင်ညာနိုင်ငံသမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၁၅**

ကင်ညာသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမြင့်ဆွေသည် ၎င်း၏ခန့်အပ်လွှာကို ဒီဇင်ဘာ ၈ ရက်တွင် နိုင်ရိုဘီမြို့၌ ကင်ညာသမ္မတနိုင်ငံ သမ္မတ အူဟူရူ မျူဂအိုင် ကင်ညာတထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**သတင်းစဉ်**

## စာအုပ်စာပေ လှူမိတ်ဆွေ

# အာဆီယံ စီးပွားရေးအသိုက်အဝန်းနှင့် CLMV နိုင်ငံများ

## အောင်ထူး

**ဒေဝါကြီးကို ကြောက်လန့်ခြင်း**

၂၀၁၇ ခုနှစ်ကုန်ခါနီးတော့ မြန်မာနိုင်ငံက စီးပွားရေးလောကသားအချို့ဟာ ၂၀၁၈ ခုနှစ်ရောက်မှာကို ကြောက်နေကြတယ်။ ဘာကြောင့်ဘာလဲ။ ၂၀၁၈ ခုနှစ်အတွင်းမှာ မြန်မာနိုင်ငံဟာ အာဆီယံစီးပွားရေးအသိုက်အဝန်းကို အပြည့်အဝအကောင်အထည်ဖော်ရတော့မှာမို့လိုပါ။ တကယ်တော့အာဆီယံ စီးပွားရေးအသိုက်အဝန်းက ၂၀၁၅ ခုနှစ်ကတည်းက ပေါ်ပေါက်ခဲ့ပါပြီ။ ၂၀၁၅ ခုနှစ် အာဆီယံစီးပွားရေး အသိုက်အဝန်းမှာထားရှိခဲ့တဲ့ မျှော်မှန်းချက်ကတော့ အာဆီယံကို တစ်ခုတည်းသော ဈေးကွက်နှင့် ထုတ်လုပ်မှုများ၏ အခြေခံဒေသဖြစ်ရန်၊ ယှဉ်ပြိုင်ထုတ်လုပ်ရောင်းချနိုင်စွမ်းမြင့်မားသည့် စီးပွားရေးဒေသဖြစ်ရန်၊ မျှတသည့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဒေသဖြစ်ရန်၊ ကမ္ဘာ့စီးပွားရေးစနစ်တွင် အပြည့်အဝပါဝင်သော ဒေသဖြစ်ရန် ဖြစ်ပါတယ်။ ဒါပေမယ့် အာဆီယံစီးပွားရေးအသိုက်အဝန်းမှာ အာဆီယံနိုင်ငံအသစ်များဖြစ်တဲ့ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနဲ့ ဗီယက်နမ်(CLMV)တို့ကို အထူးအခွင့်အရေးပေးတဲ့အနေနဲ့ ၂၀၁၈ ခုနှစ်အထိ လိုက်နာအကောင်အထည်ဖော်ရမယ့်တာဝန်တွေကို ရွှေ့ဆိုင်းပေးခဲ့တာပါ။ ဒီလိုအချိန်ပေးထားပေမယ့် လိုက်နာရမယ့် အချက်တွေကို အကောင်အထည်မဖော်ခဲ့တဲ့ နိုင်ငံတွေကတော့ အိပ်ရာက နိုးထလာပြီး ၂၀၁၈ ခုနှစ်ရောက်မှာ ကြောက်လန့်နေကြတယ်။ တချို့က ကျွန်တော်တို့ငယ်ငယ်က လူကြီးမိဘတွေ ခြောက်လှန့်ခဲ့သလို အာဆီယံစီးပွားရေးအသိုက်အဝန်းကို ဒေဝါကြီးတစ်ခုလို ခြောက်လှန့်နေကြတယ်။ ငယ်ငယ်က ဒေဝါကြီးကို ဘာကြီးမှန်းမသိပေမယ့် ကျွန်တော်တို့ ကြောက်ခဲ့ကြတယ်။ တခြားနိုင်ငံတွေနဲ့ ပြိုင်ဆိုင်ဖို့မကြိုးစားဘဲ သူများပြိုင်လာမှာကို မလိုလားသူတွေကတော့ ပြည်တွင်းလုပ်ငန်းတွေ ပျက်စီးကုန်တော့မှာပဲဆိုပြီး မရင်ဆိုင်ရသေးခင်မှာ ကြောက်လန့်နေကြပါတယ်။ တကယ်တော့ အာဆီယံအသိုက်အဝန်းဟာ ကြိုဆိုသင့်တဲ့အရာဖြစ်ပြီး ကြောက်လန့်စရာမလိုပါဘူး၊ အာဆီယံအသိုက်အဝန်းဟာ ရေတိုစိန်ခေါ်မှုတွေ ရှိကောင်းရှိပေမယ့် ကာလရှည်မှာတော့ တကယ့်ကို အကျိုးရှိနိုင်တဲ့ အခွင့်အလမ်းပါ။

၁၉၉၇ ခုနှစ် မြန်မာနိုင်ငံ အာဆီယံဝင်ခါစက ဖိလစ်ပိုင်နိုင်ငံသမ္မတ ရာမို့စ် ပြောခဲ့ဖူးတာရှိတယ်။ အနာဂတ်မှာစစ်ပွဲဆိုတာ စစ်မြေပြင်မှာ တိုက်ရမှာ မဟုတ်ဘဲ ကော်ပိုရေးရှင်းတွေရဲ့ ဘုတ်အဖွဲ့ရုံးခန်းတွေမှာ တိုက်ရမှာလို့ ဆိုခဲ့တယ်။ ထိုင်းနိုင်ငံခေါင်းဆောင်တွေကတော့ နယ်နိမိတ်ဆိုတာ အရေးမကြီးပါဘူး၊ ဘာကြောင့်လဲဆိုတော့ အာဆီယံဟာ အသိုက်အဝန်း တစ်ခုဖြစ်လာလို့ ဖြစ်ပါတယ်။ အာဆီယံအသိုက်အဝန်းဖြစ်လာလို့ စီးပွားရေးမှာ ယှဉ်ပြိုင်ထုတ်လုပ်ရောင်းချရေးသာ အရေးကြီးတယ်လို့ဆိုပါတယ်။ ပြိုင်ဆိုင်မှုဟာ ရေတိုမှာ စွမ်းရည်မပြည့်တဲ့ လုပ်ငန်းအချို့ကို ပျောက်ပျက်စေနိုင်တယ်။ ဒါပေမယ့် survival of the fittest ဆိုတဲ့ ဒါဝင်သီအိုရီရဲ့ စကားလို ပြိုင်ဆိုင်မှုမှာ ကြံ့ကြံ့ခံနိုင်အောင်၊ စွမ်းရည်ပြည့်အောင် ကြိုးစားကြရမယ်။ ဒါမှ ရေရှည်တည်တံ့ ရှင်သန်နိုင်မှာ ဖြစ်ပါတယ်။ယှဉ်ပြိုင်မှုဟာ ကာလတိုမှာ စီးပွားရေးလုပ်ငန်းအချို့ ပျောက်ကွယ်သွားနိုင်စေပေမယ့် အခွင့်အလမ်းအသစ်တွေကြောင့် ပိုမိုကောင်းမွန်တဲ့ စီးပွားရေးလုပ်ငန်းအသစ်တွေနဲ့ အစားထိုးလာကြမှာပါပဲ။ နိုင်ငံတွေက သက်နုတဲ့ လုပ်ငန်းတွေကို အကာအကွယ် ပေးရင်းပေးရင်းနဲ့ ဒီလုပ်ငန်းတွေဟာ ကြီးထွားရင့်ကျက်မလာဘဲ ဒုံရင်းဒုံရင်း ဖြစ်နေတဲ့ သာဓကတွေ အများကြီးရှိခဲ့ပါတယ်။ ပြိုင်ဆိုင်မှုကသာ တိုးတက်မှုကို ကြံဆောင်ပေးနိုင်မှာ ဖြစ်ပါတယ်။

အတိတ်ကတော့ နိုင်ငံတွေဟာ မိမိနိုင်ငံက သက်နုလုပ်ငန်း(infant industry) တွေကို အကာအကွယ်ပေးဖို့ဆိုပြီး အကောက်အခွန်အတားအဆီးတွေ၊ အကောက်ခွန်မဟုတ်တဲ့ ကုန်သွယ်မှုအတားအဆီးတွေနဲ့ ကာကွယ်ခဲ့ကြပါတယ်။ ဒါပေမယ့် ကုန်သွယ်မှုမှာ လွတ်လွတ်လပ်လပ်ဆောင်ရွက်ခွင့်ပေးခြင်းကနေ အကျိုးရှိတယ်ဆိုတာကို သိလာကြတော့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တွေ တည်ထောင်လာပြီး လွတ်လပ်စွာ ကုန်သွယ်မှုကို ဆောင်ရွက်လာကြတယ်။ တစ်ဖန်ကမ္ဘာ့နိုင်ငံအားလုံးနဲ့ ကုန်သွယ်မှု လွတ်လပ်ခွင့်ပေးဖို့ စေ့စပ်ညှိနှိုင်းရတာ နှေးကွေးတယ်ဆိုပြီး ဒေသဆိုင်ရာလွတ်လပ်စွာကုန်သွယ်မှု အစီအစဉ်တွေ၊ နှစ်နိုင်ငံချင်းဆိုင်ရာ ကုန်သွယ်မှုအစီအစဉ်တွေကို ထူထောင်လာကြပါတယ်။ အာဆီယံဟာလည်း ကမ္ဘာ့ကုန်သွယ်မှု အဖွဲ့ရဲ့ နိုင်ငံစုံလွတ်လပ်စွာကုန်သွယ်မှုကို အားပေးခဲ့သလို၊ အာဆီယံနိုင်ငံများအချင်းချင်း လွတ်လပ်တဲ့ ကုန်သွယ်မှုဇရိယာကိုလည်း ထူထောင်နိုင်ကြပြီး အာဆီယံစီးပွားရေး အသိုက်အဝန်းကို ၂၀၁၅ ခုနှစ်မှာ ထူထောင်နိုင်ခဲ့ကြပါတယ်။ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနဲ့ ဗီယက်နမ် (CLMV)တို့ကလည်း ၂၀၁၈ ခုနှစ်မှာ အာဆီယံရဲ့အကောက်အခွန်လျှော့ချရေးအစီအစဉ်ကို လိုက်နာကြတော့မှာမို့ အာဆီယံနိုင်ငံအချင်းချင်း ကုန်သွယ်ရင် အကောက်ခွန်လုံးဝပေးစရာ မလိုတော့တဲ့ အခြေအနေကို ရောက်တော့မှာဖြစ်ပါတယ်။ ဒါကို ပြည်တွင်းက လုပ်ငန်းရှင်အချို့က အာဆီယံနိုင်ငံတွေနဲ့ ပြိုင်နိုင်မှာမဟုတ်ဘူး၊ ပြည်တွင်းဈေးကွက်တွေတော့ ပျက်တော့မှာပဲဆိုတဲ့ ဒေဝါကြီးကို ကြောက်တဲ့ ခြောက်လုံးတွေနဲ့ ခြောက်လှန့်နေကြတယ်။

ကုန်သွယ်ရေးကြောင့် ထိခိုက်မယ်ပြောပေမယ့် အာဆီယံနိုင်ငံတွေဟာ နိုင်ငံတကာကုန်သွယ်ရေးကိုအခြေပြုပြီး စီးပွားရေးတိုးတက်မှုရရှိခဲ့တာ မငြင်းနိုင်တဲ့ သာဓကပါ။ ၂၀၁၆ ခုနှစ်မှာ တစ်ကမ္ဘာလုံးရဲ့ စီးပွားရေးတိုးတက်မှုဟာ ၃ ဒသမ ၁ ရာခိုင်နှုန်း ရှိချိန်မှာ အာဆီယံဟာ ၄ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်မှာလည်း ဒီနှုန်းကို ဆက်လက်ထိန်းထားနိုင်မယ်လို့ဆိုပါတယ်။ အာဆီယံနိုင်ငံတွေရဲ့ စီးပွားရေးတိုးတက်မှုမှာ အဓိကတွန်းအားကတော့ ပြည်သူတွေရဲ့ သုံးစွဲမှုတက်လာခြင်းနဲ့ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများကြောင့် ဖြစ်ပါတယ်။ အာဆီယံနိုင်ငံတွေရဲ့ စုစုပေါင်းထုတ်ကုန်တန်ဖိုး(ဂျီဒီပီ)ဟာ ၂၀၀၀ ပြည့်နှစ်မှာ အမေရိကန်ဒေါ်လာ သုည ဒသမ ၆၂ ထရီလီယံသာရှိခဲ့ပေမယ့် ၂၀၁၆ ခုနှစ်မှာတော့ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၅ ထရီလီယံအထိ တိုးတက်လာပါတယ်။ ခုနစ်နှစ်အတွင်းမှာ တစ်နှစ်ကို ပျမ်းမျှ ၅ ဒသမ ၃ ရာခိုင်နှုန်းနဲ့ တိုးတက်လာတာ ဖြစ်ပါတယ်။ ကုန်သွယ်မှုအပိုင်းမှာလည်းကြည့်ရင် အာဆီယံအချင်းချင်းကုန်သွယ်မှုဟာ ၂၀၁၄ ခုနှစ်မှာသာ အမေရိကန်ဒေါ်လာ ၃၇၆ ဘီလီယံရှိခဲ့ပေမယ့် ၂၀၁၇ ခုနှစ်ရောက်တော့ အမေရိကန်ဒေါ်လာ ၅၂၀ ဒသမ ၉၆ ဘီလီယံရှိလာပါတယ်။ ဒီပမာဏဟာ အာဆီယံ စုစုပေါင်းကုန်သွယ်မှုရဲ့ ၂၃ ဒသမ ၄၈ ရာခိုင်နှုန်းမျှရှိတယ်ဆိုတာ တွေ့ရမှာဖြစ်ပါတယ်။ ဒါဟာ တလုံးတစည်းတည်းသော ဈေးကွက်ဖြစ်လာတဲ့ အာဆီယံစီးပွားရေးအသိုက်အဝန်းကရတဲ့ အကျိုးလို့ ဆိုနိုင်ပါတယ်။

**အာဆီယံကပေးတဲ့ အကျိုးကျေးဇူးများ (Benefits from ASEAN)**

အာဆီယံကို နောက်ဆုံးမှအဖွဲ့ဝင် ဖြစ်လာပြီး ဖွံ့ဖြိုးမှုနည်းပါတယ်ဆိုတဲ့ CLMV လို့ခေါ်တဲ့ နိုင်ငံတွေကို ကြည့်ပါ။ ဗီယက်နမ်က အာရှကျား (Asain Tiger) တစ်ကောင် ဖြစ်လာခဲ့ပြီး လျင်မြန်စွာတိုးတက်နေပါတယ်။ ဈေးကွက်ကို ဖွင့်ပေးနိုင်တော့ အာဆီယံနိုင်ငံတွေဖြစ်တဲ့ ထိုင်းနိုင်ငံက အမာတာကုမ္ပဏီ (Amata)ရဲ့ အထူးစီးပွားရေးဇုန်ကို အကောင်အထည်ဖော်နိုင်ခဲ့တယ်။ အင်ဒိုနီးရှားနိုင်ငံက ဆီးမင်းကုမ္ပဏီဟာ ဒေါ်လာသန်း ၂၀၀ တန် ဘိလပ်မြေစက်ရုံကို ဗီယက်နမ်မှာ တည်ဆောက်နိုင်ခဲ့တယ်။ အာဆီယံအပေါင်းတစ်(ASEAN+1) နိုင်ငံဖြစ်တဲ့ ကိုရီးယားသမ္မတနိုင်ငံက ဆမ်ဆောင်းကုမ္ပဏီဟာ ဗီယက်နမ်နိုင်ငံမှာ လက်ကိုင်ဖုန်းစက်ရုံကို ထူထောင်နိုင်ခဲ့တယ်။ နောက်ဆုံးပေါ် ဆမ်ဆောင်းဂလက်ဆီ (အက်စ်၈+) ဖုန်းကို သားဖြစ်သူက ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်းက လက်ဆောင်ပေးခဲ့တယ်။ တယ်လီဖုန်းထည့်တဲ့ ဘူးကို ကြည့်လိုက်တော့ ဗီယက်နမ်မှာလုပ်သည် (Made in Vietnam) တဲ့။ တကယ်တော့ ဒီလုပ်ငန်းသုံးခုစလုံးဟာ မြန်မာနိုင်ငံမှာ ထူထောင်ဖို့ ပထမဦးဆုံး ချဉ်းကပ်ခဲ့တဲ့လုပ်ငန်းတွေပါ။ မြန်မာနိုင်ငံလို ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံဖြစ်တဲ့ ကမ္ဘောဒီးယားနိုင်ငံက လွန်ခဲ့တဲ့နှစ် ၂၀ အတွင်း စဉ်ဆက်မပြတ်တိုးတက်မှု ရရှိခဲ့တာကြောင့် အာရှကျားအဖြစ်ပေါ်လာတော့မယ်လို့ ကြွေးကြော်နေပါတယ်။ အာဆီယံနိုင်ငံတွေထဲမှာ စင်ကာပူနိုင်ငံက တစ်နှစ်လျှင် တစ်ဦးကျဝင်ငွေ အမေရိကန်ဒေါ်လာ ၅၂၉၆၂ ဒသမ ၆ ဖြင့် အမြင့်ဆုံးဖြစ်နေပြီး မြန်မာနိုင်ငံက အမေရိကန်ဒေါ်လာ ၁၂၉၇ ဒသမ ၁၊ ကမ္ဘောဒီးယားနိုင်ငံက အာဆီယံထဲမှာ အနည်းဆုံးအဖြစ်အမေရိကန်ဒေါ်လာ ၁၂၆၆ ဒသမ ၃ နဲ့ ရပ်တည်နေတာဖြစ်ပါတယ်။ ကုန်းတွင်းပိတ်ပြီး နိုင်ငံမှာ သဘာဝသယံဇာတ အရင်းအမြစ်များစွာမရှိလို့ ကုန်သွယ်ရေးမှာ အားလုံးကို ဖွင့်ပေးခဲ့တဲ့ လာအိုနိုင်ငံတောင် မြန်မာနိုင်ငံနဲ့ ကမ္ဘောဒီးယားနိုင်ငံကို ဖြတ်ကျော်ပြီး တစ်ဦးကျဝင်ငွေ အမေရိကန်ဒေါ်လာ ၂၂၀၂ ဒသမ ၈ ဒေါ်လာ ရောက်ရှိနေတာကို အံ့သြဖွယ်တွေ့ရပါတယ်။ CLMV ထဲက နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ဗီယက်နမ်ထက်တောင် လာအိုက တစ်ဦးကျဝင်ငွေ ပိုမိုမြင့်နေတာ တွေ့ရပါတယ်။ ပြီးခဲ့တဲ့ အက်စ်ကက်ပ်ရဲ့ ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှု ကော်မတီ အစည်းအဝေးမှာ လာအိုက ၂၀၂၀ ပြည့်နှစ်မှာ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံက လွတ်မြောက်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံအဖြစ် ဘွဲ့ရတော့မယ်လို့ ဆိုပါတယ်။

**အကျိုးရအောင် ဘာတွေလုပ်မလဲ (Getting benefits)**

အာဆီယံက အကျိုးကျေးဇူးရရှိအောင် အာဆီယံနိုင်ငံများထဲက CLMV နိုင်ငံများဟာ သိသူဖော်စားနေကြတာဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း အာဆီယံကပေးတဲ့ အကျိုးကျေးဇူးတွေကို ရယူလိုလျှင် ယှဉ်ပြိုင်နိုင်စွမ်းအားကို ဖန်တီးယူရပါလိမ့်မယ်။ ဒီလိုဆောင်ရွက်ရာမှာ အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားဖို့လိုပါ့မယ်-

**(က) ကူးသန်းရောင်းဝယ်မှုစရိတ်များကို လျှော့ချခြင်း (Reducing transaction cost)**

အာဆီယံနိုင်ငံများရဲ့ ထုတ်လုပ်ရောင်းချရာမှာ ကုန်ကျစရိတ်များကို လေ့လာရာမှာ ထိုင်းနိုင်ငံရဲ့ ထုတ်လုပ်ရောင်းချမှုစရိတ်ဟာ ပစ္စည်းတန်ဖိုးရဲ့ ရှစ်ရာခိုင်နှုန်းရှိနေပြီး မြန်မာနိုင်ငံမှာတော့ ၄၀ ရာခိုင်နှုန်းရှိနေတယ်လို့ ဆိုပါတယ်။ ထုတ်လုပ်ရောင်းချမှုစရိတ်တွေကြီးမြင့်တာကြောင့် မြန်မာနိုင်ငံဟာ အာဆီယံမှာ ယှဉ်ပြိုင်မရောင်းချနိုင်တဲ့ အနေအထားရှိနေပါတယ်။ ထုတ်လုပ်ရောင်းချစရိတ်ကို လျှော့ချနိုင်အောင် ဈေးသက်သာတဲ့ သယ်ယူပို့ဆောင်မှုကို ပိုမိုအသုံးပြုရမှာ ဖြစ်ပါတယ်။ သယ်ယူပို့ဆောင်မှုမှာ ရေကြောင်းခရီးဟာ ဈေးအသက်သာဆုံးဖြစ်ပြီး မီးရထားက ဒုတိယ၊ ကုန်းလမ်းက တတိယနဲ့ လေကြောင်းလမ်းက စတုတ္ထလိုက်ပါတယ်။ မြစ်၊ ချောင်း၊ ပင်လယ်အဆက်အသွယ်ရှိတဲ့ မြန်မာနိုင်ငံအတွက် ရေကြောင်းကို သုံးရင် ကုန်ကျစရိတ်သက်သာနိုင်ပါတယ်။ ဒ့ါအပြင် သိုလှောင်ရုံတွေ၊ အအေးခန်းတွေ၊ ကုန်းတွင်းဆိပ်ကမ်းတွေ bonded warehouses၊ ရေနက်ဆိပ်ကမ်းတွေ၊ လျှပ်စစ်မီးစတာတွေကိုရရှိအောင် ဆောင်ရွက်ပေးခြင်းဟာ ကုန်ကျစရိတ်ကို လျှော့ချနိုင်ပါတယ်။ ဒ့ါအပြင် စီးပွားရေးလုပ်ငန်းလုပ်ဆောင်ရာမှာ လွယ်ကူစေဖို့ ကြိုးနီစနစ်တွေကို လျှော့ချဖို့လည်းလိုပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ကမ္ဘာ့ဘဏ်ရဲ့ စီးပွားရေးလုပ်ငန်း ဆောင်ရွက်ရန် လွယ်ကူမှု အညွှန်းကိန်း(Ease of Doing Business)မှာ ၂၀၂၀ ပြည့်နှစ်ရောက်ရင် လက်ရှိ ၁၇၁ အဆင့်ကနေ ၁၀၀ အောက်ကျရောက်အောင် ရည်မှန်းချက်ထား ကြိုးစားမှုမှာ ထုတ်လုပ်ရောင်းဝယ်မှု ကုန်ကျစရိတ်တွေကို လျှော့ချစေနိုင်မှာ ဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ် ကမ္ဘာ့ဘဏ်ရဲ့စီးပွားရေးလုပ်ငန်းဆောင်ရွက်ရန်လွယ်ကူမှုအညွှန်းကိန်းမှာ အာဆီယံနိုင်ငံတွေဖြစ်တဲ့ စင်ကာပူနိုင်ငံက ၂၀၁၇ ခုနှစ်မှာ ဒုတိယနေရာ၊ မလေးရှားက ၂၄၊ ထိုင်းနိုင်ငံက ၂၆၊ ဘရူနိုင်းက ၅၆၊ ဗီယက်နမ်က ၆၈၊ အင်ဒိုနီးရှားက ၇၂၊ ဖိလစ်ပိုင်က ၁၁၃၊ ကမ္ဘောဒီးယားက ၁၃၅၊ လာအိုက ၁၄၁ နေရာမှာ ရှိနေကြတာတွေ့ရပါတယ်။ အင်ဒိုနီးရှားနိုင်ငံ သမ္မတ ဂျိုကိုဝီဒိုဒို တက်လာစဉ်က သူ့နိုင်ငံရဲ့ စီးပွားရေးလုပ်ငန်းဆောင်ရွက်ရန်လွယ်ကူမှုအညွှန်းကိန်း ၁၀၉ ဖြစ်နေတာကို သူ့သမ္မတ သက်တမ်းကုန်မယ့် ၂၀၁၉ ခုနှစ်မှာ ၄၀ ရောက်အောင်ချမယ်လို့ ရည်မှန်းခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်မှာ အင်ဒိုနီးရှားနိုင်ငံရဲ့အဆင့်ဟာ ၇၂ အထိကျလာလို့ အဆင့် ၄၀ ရောက်မယ့် မျှော်မှန်းချက်ဟာ မဝေးတော့ဘူးလို့ ဆိုနိုင်ပါတယ်။ ၂၀၁၇ ခုနှစ် မတ်လ အာဆီယံစီးပွားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးမှာ ချမှတ်ခဲ့တဲ့ ရည်မှန်းချက်တစ်ခုကတော့ အာဆီယံနိုင်ငံများမှ ကုန်သွယ်မှုကုန်ကျစရိတ်ကို ၂၀၂၀ ပြည့်နှစ်မှာ ၁၀ ရာခိုင်နှုန်း လျှော့ချဖို့ ဖြစ်ပါတယ်။ ဒီလိုလျှော့ချနိုင်တာနဲ့အမျှ အာဆီယံရဲ့ ယှဉ်ပြိုင်ထုတ်လုပ်ရောင်းချနိုင်စွမ်းဟာ တိုးတက်လာမှာ ဖြစ်ပါတယ်။

စာမျက်နှာ ၇ သို့ ❖

> ❝အာဆီယံနိုင်ငံတွေထဲမှာ စင်ကာပူနိုင်ငံက တစ်နှစ်လျှင် တစ်ဦးကျ ဝင်ငွေ အမေရိကန်ဒေါ်လာ ၅၂၉၆၂ ဒသမ ၆ ဖြင့် အမြင့်ဆုံးဖြစ်နေပြီး မြန်မာနိုင်ငံက အမေရိကန်ဒေါ်လာ ၁၂၉၇ ဒသမ ၁၊ ကမ္ဘောဒီးယားနိုင်ငံက အာဆီယံထဲမှာ အနည်းဆုံးအဖြစ် အမေရိကန်ဒေါ်လာ ၁၂၆၆ ဒသမ ၃ နဲ့ ရပ်တည်နေတာဖြစ်ပါတယ်။ ကုန်းတွင်းပိတ်ပြီး နိုင်ငံမှာ သဘာဝသယံဇာတ အရင်းအမြစ်များစွာမရှိလို့ ကုန်သွယ်ရေးမှာ အားလုံးကို ဖွင့်ပေးခဲ့တဲ့ လာအိုနိုင်ငံတောင် မြန်မာနိုင်ငံနဲ့ ကမ္ဘောဒီးယားနိုင်ငံကို ဖြတ်ကျော်ပြီး တစ်ဦးကျ ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၂၀၂ ဒသမ ၈ ဒေါ်လာ ရောက်ရှိနေတာကို အံ့သြဖွယ်တွေ့ရပါတယ်❞

◆ စာမျက်နှာ ၆ မှ

**(ခ) အပြန်အလှန်အရည်အချင်းများကို အသိအမှတ်ပြုခြင်း**

**(Mutual recognition agreement)**

အာဆီယံစီးပွားရေးအသိုက်အဝန်းဖြစ်လာချိန်မှာ ကျွမ်းကျင်လုပ်သားတွေကို လွတ်လပ်စွာရွှေ့ပြောင်းလုပ်ကိုင်ခွင့်ပြုတော့မှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်နိုင်အောင် အာဆီယံနိုင်ငံများအချင်းချင်း ကျွမ်းကျင်မှုအဆင့်အတန်းတွေကို အပြန်အလှန်အသိအမှတ်ပြုထားရမှာ ဖြစ်ပါတယ်။ လက်ရှိအခြေအနေအထိ ဗိသုကာဝန်ဆောင်မှုလုပ်ငန်း၊ မြေတိုင်းဝန်ဆောင်မှုလုပ်ငန်း၊ ဆေးကုသမှုဆိုင်ရာ ဆရာဝန်လုပ်ငန်း၊ အင်ဂျင်နီယာဝန်ဆောင်မှုလုပ်ငန်း၊ သွားဘက်ဆိုင်ရာ ဆရာဝန်များလုပ်ငန်း၊ သူနာပြုမှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း၊ စာရင်းကိုင်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းနဲ့ ခရီးသွားလုပ်ငန်းဆိုင်ရာပညာရှင်များ လုပ်ငန်းတို့က ဦးစားပေးဆောင်ရွက်ရမယ့် ကဏ္ဍတွေအဖြစ်သတ်မှတ်ထားရှိပါတယ်။ အပြန်အလှန်အသိအမှတ်ပြုမှု အစီအစဉ်တွေကိုပြုလုပ်ထားရှိပေမယ့် ကျွမ်းကျင်မှုဆိုင်ရာ အရည်အသွေးသတ်မှတ်ချက်နဲ့အဆင့်အတန်းတွေကို သတ်မှတ်ရန် ကျန်ရှိလျက်ရှိတယ်။ မြန်မာနိုင်ငံမှကျွမ်းကျင်သူ အဖွဲ့အစည်းတွေအနေနဲ့ အာဆီယံနိုင်ငံရဲ့ အပြန်အလှန်အသိအမှတ်ပြုမှု အစီအစဉ်တွေမှာ ပါဝင်ခြင်းအားဖြင့် မြန်မာနိုင်ငံကကျွမ်းကျင်သူတွေရဲ့ အဆင့်အတန်းဟာ အာဆီယံနိုင်ငံများနဲ့ ရင်ပေါင်တန်းနိုင်မှာ ဖြစ်တဲ့အပြင် မြန်မာနိုင်ငံက ဆရာဝန်တွေ၊ စာရင်းကိုင်တွေ၊ သူနာပြုတွေ၊ အင်ဂျင်နီယာတွေဟာ အာဆီယံနိုင်ငံများမှာ လုပ်ငန်းများထူထောင်အလုပ်လုပ်ကိုင်နိုင်ကြမှာ ဖြစ်ပါတယ်။

**(ဂ) အားသာချက်ကို အားကိုးပါ**

**(Relying on comparative advantages)**

နိုင်ငံတကာကုန်သွယ်မှုသီအိုရီတွေမှာ သီအိုရီအဆင့်ဆင့်ပြောင်းလဲခဲ့သော်လည်း ဘောဂဗေဒပညာရှင် ဒေးဗစ်ရီကာဒိုရဲ့ နှိုင်းယှဉ်အခွင့်သာမှုသီအိုရီ(theory of comparative advantage) ဟာ မှန်ကန်ဆဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အာဆီယံက အကျိုးအမြတ်တွေကို ရနိုင်အောင် မိမိရဲ့ ထုတ်လုပ်နိုင်စွမ်းအား၊ မိမိရဲ့မဟာဗျူဟာအရ အရေးပါမှုတွေကို အားကိုးရမှာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် တရုတ်နိုင်ငံရဲ့ ယူနန်ပြည်နယ်ဟာ လူဦးရေ ၄၇ သန်းရှိပြီး ကုန်းတွင်းပိတ်ပြည်နယ် ဖြစ်ပါတယ်။ ရှန်ဟိုင်း၊ ဘေဂျင်းစတဲ့ ဆိပ်ကမ်းတွေကိုရောက်အောင် မိုင်ပေါင်းများစွာသွားရပြီး မြန်မာနိုင်ငံက ဆိပ်ကမ်းများဟာ သူ့အတွက် ကုန်ကျစရိတ်အနည်းဆုံးဆိပ်ကမ်းတွေ ဖြစ်ပါတယ်။ ဒီလိုအနေအထားမျိုးမှာ မြန်မာနိုင်ငံဟာ ယူနန်ပြည်နယ်နဲ့ ကုန်သွယ်ခြင်းဟာ နှစ်ဦးနှစ်ဖက်အကျိုးရှိစေနိုင်ပါတယ်။ အလားတူပါပဲ အိန္ဒိယနိုင်ငံက အာသံ၊ မဏိပူရ်ပြည်နယ်များဟာ ကုန်းတွင်းပိတ်ဒေသများဖြစ်လို့ မြန်မာနိုင်ငံကတစ်ဆင့်ကုန်သွယ်မှုဟာ အကျိုးရှိနိုင်ပါတယ်။ မြန်မာနိုင်ငံမှာ ခရီးသွားလုပ်ငန်းအရင်းအမြစ်တွေ များစွာရှိပါတယ်။ ဒီအရင်းအမြစ်တွေကို ထိရောက်စွာအသုံးချမှုဟာ မြန်မာပြည်အတွက်အကျိုးရှိနိုင်ပါတယ်။ ထိုင်းနိုင်ငံမှာ ကမ္ဘာလှည့်ခရီးသည် တစ်နှစ် သန်း ၃၀ လာရောက်ပြီး မြန်မာနိုင်ငံမှာ သုံးသန်းခန့်သာရှိသေးတဲ့အတွက် လက်ရှိအခြေအနေထက် ၁၀ ဆ တိုးမြှင့်နိုင်မယ့် အလားအလာရှိနေပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဆန်နဲ့ ပဲမျိုးစုံကုန်စည်များမှာ ကမ္ဘာ့ကုန်သွယ်ရေးအတွက်အရေးပါတဲ့အနေအထားမှာ ရှိတယ်ဆိုတာကိုလည်း တွေ့ရပါတယ်။ တခြားအားသာချက်များလည်း ရှိဦးမှာပါ။ ဒါတွေကို အပြည့်အဝအသုံးချနိုင်တာနဲ့အမျှ မိမိရဲ့ပထဝီအနေအထားအရ မဟာဗျူဟာကျမှုကို အကျိုးရှိစွာအသုံးချနိုင်မှာ ဖြစ်ပါတယ်။

**(ဃ) အင်တာနက်မှာ ရောင်းဝယ်ခြင်း (E-commerce)**

အင်တာနက်မှာရောင်းဝယ်တဲ့ အလီဘာဘာကုမ္ပဏီကို ထူထောင်ခဲ့တဲ့ ဂျက်မာဟာ ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့မှာ ၁၁ ရက်၊ ၁၁ လဆိုတဲ့ double eleven ဆိုတဲ့ အင်တာနက်ဈေးရောင်းပွဲတော်ကြီးကို နာမည်ကျော်ရုပ်ရှင်မင်းသမီး နီကိုးလ်ကစ်မင်းနဲ့ ၎င်းကိုယ်တိုင်ပါဝင်ပြီး ရောင်းချခဲ့ရာမှာ တစ်ရက်ထည်း အမေရိကန် ဒေါ်လာ ၁၄ ဒသမ ၃ ဘီလီယံမျှ ရောင်းချရတယ်လို့ ဆိုပါတယ်။ ဒီပမာဏဟာ ဘရူနိုင်းနိုင်ငံရဲ့ တစ်နှစ်တာ တိုင်းပြည်ဝင်ငွေဂျီဒီပီနဲ့ ညီမျှတယ်လို့ဆိုပါတယ်။ အခုလိုပြောရခြင်းဟာ အင်တာနက်မှာ ဈေးရောင်းခြင်းဟာ ဘယ်လောက်အထိအကျိုးရှိနိုင်တယ်ဆိုတာကို တင်ပြခြင်း ဖြစ်ပါတယ်။ လာမယ့်ဒီဇင်ဘာလမှာ အာဂျင်တီးနားနိုင်ငံ ဗျူနိုစာရီမှာ ကျင်းပမယ့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ရဲ့ (၁၁)ကြိမ်မြောက်အစည်းအဝေးမှာ အီးကောမတ်စ်ဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပေးနိုင်တာကြောင့် အင်တာနက်မှာရောင်းဝယ်ခြင်းကို မြှင့်တင်ဖို့ တိုက်တွန်းတဲ့ ထုတ်ပြန်ချက်တွေ ထုတ်ပြန်သွားမယ်လို့ ဆိုပါတယ်။ အာဆီယံမှာလည်း ၂၀၁၈ ခုနှစ်မှာ အာဆီယံဥက္ကဋ္ဌအဖြစ်လာမယ့် စင်ကာပူနိုင်ငံက သူတို့ဥက္ကဋ္ဌအလှည့်မှာ digital economy နဲ့ e-commerce ဦးစားပေးမယ်လို့ဆိုပါတယ်။ အင်တာနက်မှာရောင်းဝယ်ခြင်းဟာ ကုန်သွယ်မှုနဲ့ စီးပွားရေးကို တိုးတက်စေနိုင်မယ့် အချက်တစ်ရပ်ဖြစ်ပါတယ်။ ဒီအတွက်လည်း မြန်မာနိုင်ငံက ပြင်ဆင်ထားဖို့လိုပါမယ်။

**(င) စတုတ္ထ စက်မှုတော်လှန်ရေး (Industry 4.0)**

အနာဂတ်ကို မျှော်နေတဲ့ ဗီယက်နမ်ဟာ စတုတ္ထစက်မှုတော်လှန်ရေး (Industry 4.0) ကို တက်လှမ်းဖို့လည်း အစပျိုးနေပါပြီ။ စတုတ္ထစက်မှုတော်လှန်ရေးဆိုတဲ့အသုံးအနှုန်းကို လူအတော်များများက မကြားဖူးကြသေးပါဘူး။ စတုတ္ထစက်မှုတော်လှန်ရေးဆိုတဲ့အသုံးအနှုန်းကို ကမ္ဘာ့စီးပွားရေးဖိုရမ် (World Economic Forum)ကို ထူထောင်သူနဲ့ WEF ရဲ့ အမှုဆောင်ဥက္ကဋ္ဌ ပါမောက္ခ ကလောက်စ် ရှွာပ်စ်က ၂၀၁၆ ခုနှစ်မှာ စတင်အသုံးပြုခဲ့တဲ့ အသုံးအနှုန်းပါပဲ။ သူက ဒီတော်လှန်ရေးနဲ့ ပတ်သက်လို့ စာအုပ်တစ်အုပ်လည်း ထုတ်ဝေခဲ့ပါသေးတယ်။ ဒီစာအုပ်မှာ သူက စတုတ္ထစက်မှုတော်လှန်ရေးဟာ ယခင်စက်မှုတော်လှန်ရေးတွေနဲ့ အခြေခံအားဖြင့် ခြားနားမှုရှိပြီး တိုးတက်လာတဲ့ နည်းပညာများအပေါ် အခြေခံတယ်လို့ဆိုပါတယ်။ ဒီနည်းပညာတိုးတက်မှုများဟာ ဘီလီယံနဲ့ချီတဲ့ ပြည်သူတွေကို အင်တာနက်ဖြင့် ချိတ်ဆက်ပေးနိုင်တဲ့ အလားအလာရှိပြီး စီးပွားရေးလုပ်ငန်းများနဲ့ အဖွဲ့အစည်းတွေရဲ့ စွမ်းဆောင်ရည်ကို သိသာစွာတိုးတက်စေကာ သဘာဝပတ်ဝန်းကျင်ကို ပိုမိုကောင်းမွန်စေတဲ့ သယံဇာတ စီမံခန့်ခွဲမှုတွေကနေ ပြန်လည်ရှင်သန် တိုးပွားစေမယ်လို့ ဆိုပါတယ်။

စတုတ္ထစက်မှုတော်လှန်ရေးကို ဒစ်ဂျစ်တယ်အသွင်ပြောင်းမှုတော်လှန်ရေးအပေါ်မှာ အခြေခံတည်ဆောက်ထားပြီးနည်းပညာတိုးတက်မှုတွေကို လူသားတွေရဲ့ ခန္ဓာမှာလည်းကောင်း၊ လူ့အဖွဲ့အစည်းများအတွင်းမှာလည်းကောင်း ထည့်သွင်းဆောင်ရွက်လာနိုင်တာဖြစ်ပါတယ်။ စတုတ္ထစက်မှုတော်လှန်ရေးဆိုတာမှာ စက်ရုပ်နည်းပညာ(Robotics)၊ လူ့အသိဉာဏ်အတု နည်းပညာ (Artificial Intellgence)၊ နာနိုနည်းပညာ(Nano technology)၊ ဇီဝနည်းပညာ (Biotechnology) နဲ့ သုံးဖက်ပုံဖော်ရိုက်နှိပ်ထုတ်လုပ်ခြင်း (3D Printing)၊ ကွန်တန်တွက်ချက်မှုနည်းပညာ(Quantum Computation)နဲ့ အလိုအလျောက်မောင်းယာဉ်များ နည်းပညာ(Self Driving Technology)စတဲ့ နည်းပညာတိုးတက်အောင်မြင်မှုအသစ်များဖြစ်ပေါ်တိုးတက်မှုကို ဆိုလိုပါတယ်။

ကမ္ဘာမှာ နည်းပညာတိုးတက်မှုရဲ့ ပထမဆုံးတော်လှန်ရေးကတော့ ၁၈ ရာစုနှစ်ကနေ ၁၉ ရာစုနှစ်အထိ ဥရောပနဲ့ အမေရိကမှာ ဖြစ်ပေါ်ခဲ့တဲ့ စက်မှုတော်လှန်ရေးဖြစ်ပါတယ်။ ဒီတော်လှန်ရေးဟာ လယ်ယာစိုက်ပျိုးရေးကိုအခြေခံတဲ့ ကျေးလက်ဒေသတွေကို စက်မှုလုပ်ငန်းနဲ့ မြို့ပြထူထောင်မှုတွေကို ဖြစ်ပေါ်စေခဲ့ပါတယ်။ ဒီစက်မှုတော်လှန်ရေးမှာ ကျောက်မီးသွေးသုံးရေနွေးငွေ့အင်ဂျင်များ တိုးတက်ဖြစ်ပေါ်လာပြီး အထည်အလိပ်လုပ်ငန်းနဲ့ သံထုတ်လုပ်တဲ့ စက်မှုလုပ်ငန်းတွေကို ဖြစ်ပေါ်လာစေခဲ့ပါတယ်။

ဒုတိယအကြိမ်စက်မှုတော်လှန်ရေးကတော့ ပထမကမ္ဘာစစ်မတိုင်မီ ၁၈၇၀ ပြည့်နှစ်နှင့် ၁၉၁၄ ခုနှစ်အကြား ဖြစ်ပေါ်ခဲ့ပါတယ်။ ဒီကာလမှာ သံမဏိလုပ်ငန်း၊ ရေနံနဲ့ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုတွေ ဖြစ်ပေါ်လာခဲ့ပြီး လျှပ်စစ်ဓာတ်အားကို အသုံးပြုပြီး ကုန်ချောများ အကြီးအကျယ်ထုတ်လုပ်တဲ့ လုပ်ငန်းတွေ ပေါ်ပေါက်လာခဲ့ပါတယ်။ ဒီကာလမှာ အဓိကနည်းပညာတိုးတက်မှုတွေက ဂရေဟမ်ဘဲလ်ရဲ့ တယ်လီဖုန်းတီထွင်မှု၊ အယ်ဒီဆင်ရဲ့ မီးသီးများ တီထွင်မှု၊ ကင်မရာ တီထွင်မှုနဲ့ ဓာတ်ဆီ၊ ဒီဇယ် အင်ဂျင်များ တီထွင်မှုများပဲ ဖြစ်ပါတယ်။

တတိယစက်မှုတော်လှန်ရေးကတော့ သတင်းနှင့်အချက်အလက်နည်းပညာတော်လှန်ရေး(digital revolution) ဖြစ်ပါတယ်။ ဒါကတော့ စက်ယန္တရားကို အသုံးပြုတဲ့ ကိရိယာများနဲ့ အနာလော့စနစ်(analog)ကနေ ဒစ်ဂျစ်တယ်နည်းပညာ (digital technology)ကို ပြောင်းလဲခဲ့ခြင်းဖြစ်ပါတယ်။ တတိယစက်မှုတော်လှန်ရေးဟာ ၁၉၈၀ ပြည့်နှစ်များက စတင်ခဲ့ပြီး ယခုအချိန်အထိ ဆက်လက်ဖြစ်ပေါ်နေပါတယ်။ ဒီတတိယစက်မှုတော်လှန်ရေးမှာ ကွန်ပျူတာအငယ်စားများ တီထွင်လာခြင်း၊ အင်တာနက်နဲ့ သတင်းနှင့် ဆက်သွယ်ရေးနည်းပညာများ တိုးတက်လာခြင်း ဖြစ်ပါတယ်။

ယခုအချိန်မှာတော့ ကမ္ဘာကြီးဟာ စတုတ္ထစက်မှုတော်လှန်ရေးကို တက်လှမ်းနေပါတယ်။ ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၁၂ ရက်နေ့မှာ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့မှာ ကျင်းပခဲ့တဲ့ စတုတ္ထစက်မှုတော်လှန်ရေးဖိုရမ်မှာ ဗီယက်နမ်နိုင်ငံ စက်မှုနဲ့ကူးသန်းရောင်းဝယ်ရေးဒုတိယဝန်ကြီးက ဗီယက်နမ်နိုင်ငံ ခေတ်မီစက်မှုနိုင်ငံ ဖြစ်ပေါ်မှုကို အရှိန်အဟုန်မြင့်မားစေရေးအတွက် စတုတ္ထစက်မှုတော်လှန်ရေးဟာ အခွင့်အလမ်းကောင်း တစ်ရပ်ဖြစ်တယ်လို့ဆိုပါတယ်။ စက်မှုနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဦးဆောင်ကျင်းပတဲ့ "Industrial Revolution 4.0 Forum"မှာ ဗီယက်နမ်နိုင်ငံမှာရှိတဲ့ စီးပွားရေးလုပ်ငန်းတွေ အဖွဲ့အစည်းတွေကို နည်းပညာ တိုးတက်ပြောင်းလဲမှုတွေရဲ့ အခြေအနေကို ရှင်းလင်းတင်ပြခဲ့ပြီး ဒီနည်းပညာ တိုးတက်ပြောင်းလဲမှုဟာ ဗီယက်နမ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာအပေါ် ဘယ်လိုအကျိုးသက်ရောက်မှုရှိမယ်ဆိုတာကို ဆွေးနွေးခဲ့ကြပါတယ်။ ဗီယက်နမ် စက်မှုနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက စတုတ္ထစက်မှုတော်လှန်ရေးဟာ တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ ဖြစ်ပေါ်နေပြီး ကမ္ဘာတစ်ဝန်း ထုတ်လုပ်မှု၊ စီမံအုပ်ချုပ်မှု၊ စီမံခန့်ခွဲစနစ်တွေကို ပြောင်းလဲသွားစေလိမ့်မယ်လို့ ဟောကိန်းထုတ်ခဲ့ပါတယ်။

အာဆီယံနိုင်ငံတွေဟာ စတုတ္ထစက်မှုတော်လှန်ရေးအတွက် ပြင်ဆင်နေကြပါပြီ။ ဒါကြောင့် ၂၀၁၇ ခုနှစ်အတွက် အာဆီယံဥက္ကဋ္ဌ ဖိလစ်ပိုင်နိုင်ငံက ဥက္ကဋ္ဌရဲ့ အဓိက ဦးဆောင်မှု(Theme)ကို အများပါဝင်ပြီး တီထွင်ဖန်တီးမှုက ဦးဆောင်သည့် ဖွံ့ဖြိုးတိုးတက်မှု (Inclusive, Innovation-led Growth) လို့ ပြဋ္ဌာန်းခဲ့တာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံသားတွေလည်း ဒစ်ဂျစ်တယ်ရေစီးကြောင်းမှာ လိုက်ပါနေကြပါပြီ။ မြန်မာနိုင်ငံရဲ့ လက်ကိုင်ဖုန်းထိုးဖောက်မှုဟာ ၈၉ ရာနှုန်းရှိတယ်လို့ ဆိုပါတယ်။ Wave Money, OK, M-Pitesan တွေနဲ့ ရွှေ့လျားငွေပေးချေမှု (mobile payment)တွေလုပ်လာကြပြီ၊ အင်တာနက်မှာ အရောင်းအဝယ်လုပ်လာကြပြီ၊ မြန်မာနိုင်ငံဟာ ရုပ်မြင်သံကြားခေတ်က အဖြူအမည်းရုပ်သံကို ကျော်ပြီး ရောင်စုံရုပ်သံစနစ်ကို ကူးခဲ့ကြတယ်။ ဂရေဟမ်ဘဲလ်ရဲ့ မြေပြင်တယ်လီဖုန်းစနစ်(land line phone system)အစား လက်ကိုင်ဖုန်းစနစ်(mobile telephone system)ကို ကျော်လွှားခဲ့ကြပြီ။ ဘဏ်များအစား ရွှေ့လျားငွေကြေးဖလှယ်မှုစနစ်(mobile payment system)ကို ပြောင်းခဲ့ကြပါပြီ။ မြန်မာနိုင်ငံအနေနဲ့လဲ ခေတ်တွေကိုကျော်လွှားပြီး စတုတ္ထစက်မှုတော်လှန်ရေးခေတ်ကို မကြာမီ ကျော်လွှားရောက်ရှိမယ်လို ယုံကြည်ပါတယ်။

**မြန်မာနိုင်ငံရဲ့ စိန်ခေါ်မှုက ဘာလဲ**

နိုင်ငံခြားသားတွေနဲ့ တွေ့တိုင်း မြန်မာနိုင်ငံမှာ အခွင့်အလမ်းတွေနဲ့ပြည့်နေသလို စိန်ခေါ်မှုတွေရှိနေတယ်လိုပြောကြတယ်။ ဒီစိန်ခေါ်မှုတွေကဘာလဲ။ နှစ်ပေါင်းများစွာ အထီးကျန်ဖြစ်နေခဲ့တဲ့ မြန်မာနိုင်ငံမှာ ခေတ်နောက်ပြန်ဆွဲတဲ့ အတွေးအခေါ်တွေရှိနေဆဲ ဖြစ်တာကို တွေ့ရပါတယ်။ ဥပမာ- တစ်နိုင်ငံလုံး ထင်းနဲ့မီးသွေးသုံးနေပေမယ့် ကျောက်မီးသွေးနဲ့ လျှပ်စစ်ထုတ်ဖို့ကျတော့ လက်တွန့်နေကြတယ်။ ပတ်ဝန်းကျင်ကို ထိန်းသိမ်းရမယ်ပေ့ါ။ ကျောက်မီးသွေးကြောင့် လူတွေအများကြီး သေကုန်မယ်ပေ့ါ။ တစ်နေ့တစ်နေ့ မြန်မာနိုင်ငံသုံးနေတဲ့ ထင်းနဲ့မီးသွေးဟာ တန်ချိန်ထောင်ပေါင်းများစွာရှိပြီး ဘယ်လောက်ပတ်ဝန်းကျင်ကို ထိခိုက်နေမလဲလို့တွေးကြည့်မိတယ်။ သဘာဝဓာတ်ငွေ့တွေ ထွက်ပါရက်နဲ့ သဘာဝဓာတ်ငွေ့တွေကို ပြည်ပပို့နေကြတယ်။ အာဆီယံနိုင်ငံတွေမှာ ချက်ပြုတ်ရေးအတွက်လျှပ်စစ်နဲ့ သဘာဝဓာတ်ငွေ့ရည်ကို သုံးနေကြပါတယ်။ ဘာကြောင့်မလုပ်နိုင်ကြတာလဲ။ လျှပ်စစ်ရထားလုပ်မယ်ဆိုတော့ လျှပ်စစ်ပြတ်ရင်ဘယ်လိုလုပ်မလဲလို့ မေးကြတယ်။ လျှပ်စစ်ရအောင် ဘယ်လိုလုပ်မလဲလို့စဉ်းစားရပါမယ်။ နိုင်ငံတစ်ဝန်းလုံး အာဟာရချို့တဲ့မှုဖြစ်နေတယ်။ ဒါပေမယ့်အာဟာရပြည့်ဝလှတဲ့ ပဲကိုမစားဘဲ ကမ္ဘာပေါ်မှာ တတိယအများဆုံးပဲတင်ပို့တဲ့နိုင်ငံအဖြစ် ဂုဏ်ယူနေကြတယ်။ ရှည်လျားလှတဲ့ မြစ်ကြောင်း၊ ရထားပို့ဆောင်ရေးစနစ်တွေကို ကောင်းအောင်မလုပ်ဘဲ ထရပ်ကားတွေနဲ့ လောင်စာဆီများစွာသုံးပြီး သယ်ယူပို့ဆောင်နေကြတယ်။ တရုတ်နိုင်ငံက ပိုက်လိုင်းကြောင့် မြန်မာပြည်ကြီး နှစ်ခြမ်းကွဲပါပြီလို့ မြည်တွန်နေကြပေမယ့် ဒီရေနံပိုက်လိုင်းဖြတ်သွားရာ မကွေး၊ မန္တလေးနဲ့ ရှမ်းပြည်နယ်မှာ ရေနံချက်စက်ရုံတွေတည်ပြီး အရှေ့အလယ်ပိုင်းကဝယ်တဲ့ ရေနံစိမ်းတွေကို ပိုက်လိုင်းနဲ့ သယ် ဓာတ်ဆီနဲ့ ဒီဇယ်ဆီ ထုတ်လုပ်ရောင်းချရင် သယ်ယူပို့ဆောင်ခစရိတ်တွေ အများကြီး သက်သာမှာပဲလို့ စဉ်းစားမိပါရဲ့လား။

နောက်စိန်ခေါ်မှုကတော့ စီးပွားရေးလုပ်ငန်းရှင်အချို့ဟာ ခေတ်ဟောင်းတုန်းကလို တစ်ရာကျပ်ရင်းရင် တစ်ရာထက်မက မြတ်ချင်ကြတယ်။ ဒီတော့ ဈေးကွက်စီးပွားရေးစနစ်ရဲ့ အစဉ်အလာမဟုတ်တဲ့ ဈေးကစားအမြတ်ရှာဖို့အားထုတ်ကြတယ်။ မြေတွေဝယ်ထားပြီး မြေဈေးတက်အောင်လုပ်ကြတယ်။ ကားပါမစ်တွေရအောင်လုပ်ပြီး ချမ်းသာဖို့ လုပ်ကြတယ်။ ဒေါ်လာကိုဈေးကစားကြတယ်။ ဘယ်ဘောဂဗေဒသီအိုရီနဲ့ပြောပြော လွတ်လပ်တဲ့ဈေးကွက်စီးပွားရေးစနစ်ဆိုတာ ဒါမျိုးမဟုတ်ပါဘူး။ လက်ဝါးကြီးအုပ်အမြတ်ထုတ်လို့မရတဲ့အခါ လက်ရှိစီးပွားရေးစနစ်ဟာ ပျက်တော့မှာပဲ စီးပွားရေးတွေကျဆင်းနေပြီလို့ ဝိုင်းပြောကြတယ်။ တကယ်တော့ စီးပွားရေးကိုပြဋ္ဌာန်းတာက ထုတ်လုပ်သူတို့ရဲ့ ရောင်းအားနဲ့ စားသုံးသူများရဲ့ ဝယ်အားပဲ။ ဒီရောင်းအားနဲ့ ဝယ်အားကို ထိန်းချုပ်ပြီး အမြတ်ရဖို့ ကျိုးစားမှုဟာ ထုတ်လုပ်သူကိုလည်း အကျိုးမပြုသလို စားသုံးသူကိုလည်း အကျိုးမပြုဘူး။ ဈေးကွက်အင်အားစုတွေကိုသာ လွတ်လပ်စွာ လှုပ်ရှားခွင့်ပြုရင် စီးပွားရေးဟာ တိုးတက်လာမှာအမှန်ပါပဲ။ ဘာကြောင့် စီးပွားရေးကျသလဲလို့ ပြောရရင် ခေတ်ဟောင်းကရှိခဲ့တဲ့ ထိန်းချုပ်ထားတဲ့ စီးပွားရေးစနစ်(Command Economy)ကနေ လွတ်လပ်စွာရောင်းဝယ်ဖောက်ကားနိုင်တဲ့ ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းနေလို့ပဲ။

ဒီလို ပြောင်းလဲမှုမှာ ထုတ်လုပ်သူ၊ စားသုံးသူပြည်သူတွေသာမက မြန်မာနိုင်ငံက စီးပွားရေးလုပ်ငန်းရှင်တွေကလည်း လိုက်ပါဖို့လိုပါတယ်။ ဈေးကွက်စီးပွားရေး အခြေကျလာတာနဲ့အမျှ စီးပွားရေးကတက်လာမှာမလွဲပါဘဲ။ လတ်တလော စီးပွားရေးမတက်လို့ ထိန်းချုပ်တဲ့စီးပွားရေးစနစ်ကိုပြန်သွားဖို့ဆိုတာ မဖြစ်နိုင်တော့ဘူး၊ ဈေးကွက်စီးပွားရေးစနစ်ကို ပီပြင်အောင်သာ လုပ်ကြရလိမ့်မယ်။ အာဆီယံကပေးတဲ့ အကျိုးကျေးဇူးတွေကို ရအောင်ယူနိုင်ရမယ်။ ကမ္ဘာ့ထုတ်လုပ်မှုကွင်းဆက်တွေမှာ ပါဝင်ပြီး နိုင်ငံတကာအသိုက်အဝန်းထဲက မြန်မာနိုင်ငံ ဖြစ်အောင်လုပ်ရမယ်။ ဒစ်ဂျစ်တယ် စီးပွားရေး၊ အင်တာနက် ရောင်းဝယ်မှုများမှာ ပါဝင်ကြရမယ်။ စတုတ္ထစက်မှု တော်လှန်ရေးကို တက်လှမ်းကြရမှာ ဖြစ်ပါတယ်။

အာဆီယံအသိုက်အဝန်းကို ရောက်ရှိမယ့် ၂၀၁၅ ခုနှစ်မှာပဲ အာဆီယံဟာ အာဆီယံစီးပွားရေးအသိုက်အဝန်းရဲ့ လမ်းပြမြေပုံ ၂၀၂၅ (AEC Blueprint 2025) ကို ထုတ်ပြန်ခဲ့ပါတယ်။ ဒီလမ်းပြမြေပုံဟာ လာမယ့် ၁၀ နှစ်မှာ အာဆီယံစီးပွားရေး ပေါင်းစည်းရေးနဲ့ပတ်သက်ပြီး မဟာဗျူဟာမျှော်မှန်းချက်ရဲ့ လမ်းညွှန်ချက်ဖြစ်ပါတယ်။ ဒီလမ်းညွှန်ချက်မှာ အာဆီယံကို ၂၀၂၅ ခုနှစ်မှာ အဆင့်မြင့်စွာပေါင်းစည်းမှုရှိ၍ ပြိုင်ဆိုင်နိုင်စွမ်းရှိသော၊ တီထွင်ဖန်တီးနိုင်စွမ်းရှိသော၊ တွန်းအားရှိသော အာဆီယံ ဖြစ်လာစေရန်၊ ပို့ဆောင်ဆက်သွယ်မှုများ တိုးတက်၍ ကဏ္ဍများအလိုက် ပိုမိုပူးပေါင်းဆောင်ရွက် နိုင်စွမ်းရှိသည့် အာဆီယံဖြစ်လာစေရန်၊ ပြန်လည်နိုးထနိုင်စွမ်းရှိပြီး အများပါဝင်နိုင်သည့် ပြည်သူကိုဗဟိုပြုသော ပြည်သူ့အကျိုးကို ဆောင်ရွက်နိုင်စွမ်းရှိသော အာဆီယံဖြစ်လာစေရန်နဲ့ ကမ္ဘာ့စီးပွားရေးစနစ်နဲ့ အပြည့်အဝပေါင်းစည်းစေရန် ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံအနေနဲ့ အာဆီယံအသိုက်အဝန်းမှာ အပြည့်အဝပါဝင်ပြီး အခြားအာဆီယံနိုင်ငံတွေနဲ့ ပူးပေါင်းလျက် အာဆီယံ၂၀၂၅ ရဲ့ အကျိုးကျေးဇူးတွေကို အပြည့်အဝရရှိအောင် ကြိုးပမ်းနိုင်လိမ့်မယ်လို့ ယုံကြည်ပါကြောင်း တင်ပြအပ်ပါတယ်။ ။

# ပြည်သူများ အသက်ရှည်စွာနေထိုင်နိုင်ပြီး အဆင့်မြင့်မားသည့် လူနေမှုဘဝရရှိရေးအတွက် UHC ရည်မှန်းချက်အောင်မြင်ရေးတွင် မြန်မာအစိုးရအနေဖြင့် အစွမ်းကုန်ဆောင်ရွက်သွားမည်



**နိုင်ငံတော်သမ္မတ ဦးထင်ကျော် Universal Health Coverage Forum အဆင့်မြင့်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။**

**တိုကျို ဒီဇင်ဘာ ၁၄**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ Tokyo Prince ဟိုတယ်၌ ကျင်းပသည့် Universal Health Coverage Forum အဆင့်မြင့်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားသည်။

အဆင့်မြင့်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေး၊ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် Mr. Antonio Guterres ၊ ဆီနီဂေါ နိုင်ငံသမ္မတ Mr. Macky Sall နှင့် နိုင်ငံတော်သမ္မတ ဦးထင်ကျော်တို့က အဖွင့်မိန့်ခွန်း ပြောကြားကြသည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်က မိမိတို့ ဒီမိုကရေစီ အစိုးရ စတင်တာဝန်ယူသည့် ၂၀၁၆ ခုနှစ် မတ် ၃၀ မှ စပြီး ပြည်သူများ၏ လိုအင်ဆန္ဒများဖြစ်သည့် ဒီမိုကရေစီ၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးတို့ကို ဖော်ဆောင်ရန် အစွမ်းကုန်ကြိုးစားခဲ့ပါကြောင်း၊ Universal Health Coverage (UHC) ၏ မူဘောင်အတွင်း ကျန်းမာရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးသည် မရှိမဖြစ် လိုအပ်ပါကြောင်း။

ပြည်သူလူထုကို အရည်အသွေးမြင့်မားသည့် ကျန်းမာရေးဝန်ဆောင်မှု ပေးနိုင်ရေးမှာ မိမိတို့ အစိုးရ၏ အဓိက ဦးစားပေးလုပ်ငန်းတစ်ရပ်ပင် ဖြစ်ပါကြောင်း၊ ကျန်းမာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံခြင်းသည် ကျန်းမာသန်စွမ်းသည့် လူ့အဖွဲ့အစည်းတစ်ရပ် တည်ဆောက်ခြင်းနှင့် ကျန်းမာရေးကဏ္ဍတွင် လူသားအရင်းအမြစ်များ မြှင့်တင်ခြင်းဆိုသည့် မြန်မာအစိုးရ၏ အဓိက မဟာဗျူဟာထဲမှ တစ်ခု ဖြစ်ပါကြောင်း။

### လက်လှမ်းမီနိုင်ရေး

မြန်မာနိုင်ငံသည် ၂၀၃၀ ခုနှစ်တွင် UHC ရည်မှန်းချက်အောင်မြင်ရန် သန္နိဋ္ဌာန် ချမှတ်ပြီး ဖြစ်ပါကြောင်း၊ ထိုရေရှည်ရည်မှန်းချက်သည် လူမျိုး၊ ဘာသာ၊ လူမှုစီးပွား အဆင့်အတန်း မခွဲခြားဘဲ မြန်မာနိုင်ငံသားတိုင်း ငွေကြေးအခက်အခဲမရှိ အဆင့်မြင့် ကျန်းမာရေးဝန်ဆောင်မှုကို လက်လှမ်းမီနိုင်ရေး ဖြစ်ပါကြောင်း။

နိုင်ငံတော်တည်ဆောက်ရေးတွင် ကျန်းမာရေးကဏ္ဍ၏ အထူးအရေးပါမှုကို အလေးအနက်ထားကာ အစိုးရ၊ တိုင်းရင်းသားလူမျိုးစုများ၊ အရပ်ဘက်လူ့အဖွဲ့အစည်း၊ ပုဂ္ဂလိကကဏ္ဍနှင့် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းပြီး ၂၀၃၀ ခုနှစ်တွင် UHC ရည်မှန်းချက် အောင်မြင်ရန် အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁) ကို ရေးဆွဲခဲ့ကြပါကြောင်း။

UHC အခြေခံမူဝါဒများနှင့်အညီ ပြည်သူလူထုကို ထိရောက်စွာ အကျိုးပြုမည့် ကျန်းမာရေးစနစ်တစ်ခုအတွက် ခိုင်မာသည့် အခြေခံအုတ်မြစ်များကို ချမှတ်ခဲ့ပြီး ထိုကျန်းမာရေးစနစ်အရ နိုင်ငံအတွင်းရှိ ပြည်သူများအားလုံး ကျန်းမာရေးဝန်ဆောင်မှုကို ပိုပြီး လက်လှမ်းမီလာအောင် ရည်မှန်းချက်များ ချမှတ်ထားပြီးဖြစ်ပါကြောင်း။

### အဆင့်မြင့်ဝန်ဆောင်မှုပေး

ငွေကြေးနှင့်နည်းပညာ အကန့်အသတ်ရှိမှုကို ထည့်သွင်းစဉ်းစားပြီး UHC ကို အကောင်အထည်ဖော်ရန် အဓိကကျသည့် မဟာဗျူဟာနယ်ပယ်များကို သတ်မှတ်ခဲ့ပါကြောင်း၊ ယင်းနယ်ပယ်များမှာ ကျန်းမာရေးဝန်ဆောင်မှု၏ အကြောင်းအရာနှင့် အရေးကြီးသည့် ဝန်ဆောင်မှုပေးအပ်ရေးကို သတ်မှတ်ခြင်း၊ အမျိုးသားကျန်းမာရေး ငွေကြေးထောက်ပံ့မှု မဟာဗျူဟာတစ်ရပ် ဖော်ဆောင်ခြင်းနှင့် အဆင့်မြင့်ဝန်ဆောင်မှုပေးနိုင်ရန် ကျန်းမာရေးစနစ်၏ လုပ်ငန်းဆောင်တာများကို မြှင့်တင်ခြင်းတို့ ဖြစ်ပါကြောင်း။

ထို့နည်းတူ ကျန်းမာရေးနှင့်သက်ဆိုင်သည့်ဌာနများအားလုံး အပြည့်အဝလည်ပတ်နိုင်ရေး၊ ယင်းဌာနများကို ကျွမ်းကျင် ကျန်းမာရေးဝန်ထမ်းများနှင့် စီမံခန့်ခွဲစေရေး၊ အရေးကြီး ဆေးဝါးနှင့်ဆေးပစ္စည်းအားလုံး ရရှိနိုင်ရေးအတွက်လည်း ကြိုးပမ်းလျက်ရှိပါကြောင်း။

### မဟာဗျူဟာတစ်ရပ်

နိုင်ငံတော်၏ ကျန်းမာရေးစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာရေးအရင်းအမြစ် ရရှိရေးဆောင်ရွက်ရာတွင် စဉ်ဆက်မပြတ် ငွေကြေးထောက်ပံ့မှုရရှိရေးအတွက် သက်ဆိုင်ရာ ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းလျက်ရှိပါကြောင်း၊ ထိုသို့ လုပ်ဆောင်ရာတွင် ရေရှည်တည်တံ့သည့် ကျန်းမာရေး ငွေကြေးထောက်ပံ့မှု မဟာဗျူဟာတစ်ရပ်ကို ဖော်ဆောင်နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံသည် ဒီမိုကရေစီအသွင်ကူးပြောင်းစ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးကဏ္ဍများတွင် စိန်ခေါ်မှုအမျိုးမျိုးနှင့် ရင်ဆိုင်နေရပါကြောင်း၊ ထိုစိန်ခေါ်မှုများကို အခွင့်အလမ်းများအဖြစ် မိမိတို့သတ်မှတ်ပါကြောင်း၊ ထိုစိန်ခေါ်မှုများကို ပြည်သူနှင့်အတူ ရင်ဆိုင်ကျော်လွှားသွားမည်ဖြစ်ပါကြောင်း၊ ထိုသို့ရင်ဆိုင် ကျော်လွှားနိုင်ရေးတွင် ပြည်တွင်း၊ ပြည်ပမှာရှိသည့် စိတ်တူကိုယ်တူ မိတ်ဖက်များ၏ ပူးပေါင်းဆောင်ရွက်မှု လိုအပ်ပါကြောင်း။

မြန်မာနိုင်ငံတွင် မတူညီသည့် လူမျိုး၊ ဘာသာနှင့် မြေပြင်အနေအထားရှိသည့်အတွက် ပြည်တွင်း လိုအပ်ချက်နှင့်ကိုက်ညီမည့် မဟာဗျူဟာများကို ဖော်ဆောင်နေပါကြောင်း၊ ထိုသို့ဖော်ဆောင်ရာတွင် UHC ၏ ရည်မှန်းချက်နှင့်အညီ လုပ်ဆောင်နေပါကြောင်း၊ ထိုသို့ ပြုပြင်ပြောင်းလဲမှုများတွင် အချိန်ယူရန် လိုအပ်သလို ဇွဲရှိရန်လည်း လိုအပ်သည်ဟု မိမိတို့ သိထားပါကြောင်း။

### ရှည်လျားသောလုပ်ငန်းစဉ်

UHC ရည်မှန်းချက်အောင်မြင်ရေးတွင် ပြည်သူများအနေဖြင့် ကျန်းမာရေးအသိရှိရန် လိုအပ်သည့်အပြင် ကျန်းမာရေးနှင့်အညီ ပြုမူနေထိုင်ကြရန် လိုအပ်သည်ကို မိမိတို့သိရှိပါကြောင်း၊ ထို့ကြောင့် နိုင်ငံအနှံ့အပြားရှိ ပြည်သူများ ကျန်းမာရေးဗဟုသုတမြှင့်တင်ရန် ဆက်လက်ဆောင်ရွက်နေပါကြောင်း။

UHC သည် ရှည်လျားသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့်အတွက် ၎င်း၏ မဟာဗျူဟာများကို အမြဲပြန်လည်သုံးသပ်ပြီး မြှင့်တင်ရန်လိုအပ်သလို ရေရှည်ကိုကြည့်ပြီး စဉ်းစားသုံးသပ်ရန် အမြဲလိုအပ်သည်ကိုလည်း မိမိတို့သိရှိပါကြောင်း၊ ထိုအချက်များကို ထည့်သွင်းစဉ်းစားပြီး UHC ၏ လုပ်ငန်းများကို အဆင့်လိုက် အကောင်အထည်ဖော်သွားမည်ဖြစ်ပါကြောင်း။

အမျိုးသားကျန်းမာရေးစီမံကိန်းကို စနစ်တကျ အကောင်အထည်ဖော်ခြင်းသည် UHC ၏ ရည်မှန်းချက်များ အောင်မြင်စွာ ရရှိနိုင်လိမ့်မည်ဟု မိမိတို့သိရှိပါကြောင်း၊ UHC ကို အကောင်အထည်ဖော်နေပြီ ဖြစ်သော်လည်း အထမြောက်ရန် လုပ်ဆောင်ရမည့်လုပ်ငန်းများစွာ ရှိနေသေးပါကြောင်း။

### အတွေ့အကြုံ မျှဝေရယူ

ရည်မှန်းချက် အထမြောက်ရေးအတွက် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်မည့် နိုင်ငံနှင့်အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုကို မိမိတို့ စောင့်မျှော်နေပါကြောင်း၊ ယခုအစည်းအဝေးကဲ့သို့ အတွေ့အကြုံ မျှဝေရယူနိုင်သည့် နေရာများတွင် တက်ကြွစွာ ပါဝင်နိုင်ရေးသည် အလွန်အရေးကြီးပါကြောင်း။

မြန်မာနိုင်ငံ၏ UHC ရည်မှန်းချက် အောင်မြင်ရေးတွင် ဂျပန်နိုင်ငံအစိုးရ၏ ကူညီပံ့ပိုးမှုကို မိမိတို့ကျေးဇူးတင်ရှိပါကြောင်း၊ ဂျပန်နိုင်ငံအစိုးရ၏ နှစ်ပေါင်းများစွာ ကတည်းက အကူအညီကြောင့် မြန်မာနိုင်ငံ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက တာဝန်ရှိသူများ ဂျပန်နိုင်ငံရှိ အင်စတီကျူးရှင်းများတွင် အဆင့်မြင့်ပညာရပ်များကို သင်ကြားခွင့်ရရှိခဲ့ကြပါကြောင်း။

### ခိုင်မြဲသော မိတ်ဆွေ

UHC နှင့်ပတ်သက်ပြီး ဆက်လက်ကူညီပံ့ပိုးမှု ပြုလုပ်ပေးကြသည့် ဂျပန်အစိုးရ၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)၊ ကမ္ဘာ့ဘဏ်အဖွဲ့၊ WHO၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများနှင့် UHC ၂၀၃၀ အဖွဲ့ဝင်နိုင်ငံများကို ကျေးဇူးတင်ရှိပါကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် အဆွေတော်တို့၏ မယိုင်မလဲခိုင်မြဲသော မိတ်ဆွေအဖြစ် ရှိမြဲရှိနေမည်ဟု ကတိပြုပြောကြားလိုပါကြောင်း။

မိမိတို့ ပြည်သူများ အသက်ရှည်စွာနေထိုင်နိုင်ပြီး အဆင့်မြင့်မားသည့် လူနေမှုဘဝ ရရှိရေးအတွက် UHC ရည်မှန်းချက် အောင်မြင်ရေးတွင် မြန်မာအစိုးရအနေဖြင့် အစွမ်းကုန်ဆောင်ရွက်သွားမည်ဟု ပြောကြားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အဆင့်မြင့်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသည့် ဂျပန်နိုင်ငံဝန်ကြီးချုပ်၊ ဆီနီဂေါနိုင်ငံ သမ္မတတို့နှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ဖွင့်ပွဲအခမ်းအနားသို့ ကုလသမဂ္ဂနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် အဆင့်မြင့်အရာရှိကြီးများ၊ ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့မှ ကိုယ်စားလှယ်များ၊ ဂျပန်နိုင်ငံအတွင်းရှိ NGOs, INGO များမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး Universal Health Coverage Forum အဆင့်မြင့် အစည်းအဝေးကို ဒီဇင်ဘာ ၁၂ ရက်မှ ၁၅ ရက်အထိ ဂျပန်နိုင်ငံ တိုကျိုမြို့၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**


**Universal Health Coverage Forum အဆင့်မြင့်အစည်းအဝေးဖွင့်ပွဲအခမ်းအနားတွင် ဆီနီဂေါနိုင်ငံသမ္မတ Mr. Macky Sall၊ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးနှင့် နိုင်ငံတော်သမ္မတ ဦးထင်ကျော်တို့ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။**

# အမျိုးသမီးများအခွင့်အရေး ကာကွယ်ရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံသို့ နည်းပညာအကူအညီပေးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁၄**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှုဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စ ပရာမီလာ ပတ်တန်အား ယနေ့ ညနေ ၃ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။



**ပူးပေါင်းဆောင်ရွက်**

ယင်းသို့တွေ့ဆုံရာတွင် အမျိုးသမီးများ အခွင့်အရေး ကာကွယ်ရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံသို့ နည်းပညာအကူအညီပေးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် ဒီဇင်ဘာ ၁၄**

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် National Democratic Institute (NDI) မှ Regional Director for Asia, Mr.Peter M. Manikas နှင့် အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ဓာတ်ပုံ)**

တွေ့ဆုံစဉ် လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

❖ **ကျောက်မျက်မှ**

၂၀၁၇ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်မျက်အတွဲ ၁၉၀ ကို ဒီဇင်ဘာ ၁၅ ရက်တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပြီး ဒီဇင်ဘာ ၁၆ ရက်တွင် ကျောက်စိမ်းအတွဲအမှတ်(၁)မှ (၁၁၅၀)ထိကို လည်းကောင်း၊ ဒီဇင်ဘာ ၁၇ ရက်တွင် ကျောက်စိမ်းအတွဲအမှတ်(၁၁၅၁)မှ (၂၃၀၀)ထိကို လည်းကောင်း၊ ဒီဇင်ဘာ ၁၈ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် (၂၃၀၁)မှ (၃၄၅၀)ထိကို လည်းကောင်း၊ ဒီဇင်ဘာ ၁၉ ရက်တွင် ကျောက်စိမ်းအတွဲအမှတ်(၃၄၅၁)မှ (၄၆၀၀)ထိကို လည်းကောင်း၊ ဒီဇင်ဘာ ၂၀ ရက်တွင် ကျောက်စိမ်းအတွဲအမှတ်(၄၆၀၁)မှ (၅၇၅၀) ထိကို လည်းကောင်း၊ ဒီဇင်ဘာ ၂၁ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် (၅၇၅၁)မှ (၆၆၈၅)တွဲထိ လည်းကောင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

"ယခုပြသရောင်းချတဲ့ ကျောက်တွေဟာ ကျောက်စိမ်းအရိုင်းတွဲတွေ ဖြစ်ပါတယ်၊ ကျောက်စိမ်းအချောထည်နဲ့ လက်ဝတ်ရတနာအမျိုးမျိုး ထုတ်လုပ်လို့ရတယ်၊ အခုပြသရောင်းချတဲ့ ကျောက်စိမ်းတွဲတွေကို ရတနာကုန်သည် အသီးသီးက ဝယ်ယူတဲ့ ဈေးနှုန်းတွေလည်း မတူညီနိုင်ပါဘူး၊ ရောင်းချမယ့် ပစ္စည်းအနေအထားနဲ့ ပြန်ရနိုင်တဲ့ ဈေးနှုန်းအပေါ် မူတည်ပြီး ရောင်းဝယ်ကြတယ်၊ ဒါကြောင့် ဝယ်ယူတဲ့ အဆိုပြုဈေးနှုန်းတွေကလည်း အမြဲတမ်းကွာခြားနေမယ်၊ ဈေးနှုန်းယှဉ်ပြိုင်ပြီး အမြင့်ဆုံးပေးနိုင်တဲ့ သူကို ရောင်းချနိုင်တဲ့စနစ် ကျင့်သုံးပါတယ်၊ ဒါကြောင့် လတ်တလောအနေနဲ့ အားသာချက်တွေများတဲ့ အိတ်ဖွင့်တင်ဒါစနစ်ကို အကောင်းဆုံးစနစ်တစ်ရပ်အဖြစ် ကျင့်သုံးဆောင်ရွက်နေပါတယ်"ဟု မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦးက ပြောသည်။ **သတင်းစဉ်**

# မြစိမ်းရောင်ချေးငွေဖြင့် ဆောင်ရွက်သည့် ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေး

**မှော်ဘီ ဒီဇင်ဘာ ၁၄**

ရန်ကုန် မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးတင်စိုးနှင့်ဝန်ထမ်းများသည် ဒီဇင်ဘာ ၁၃ ရက်က မှော်ဘီမြို့နယ် မြစိမ်းရောင်ကျေးရွာဖြစ်သော ရွှေမြယာကျေးရွာအုပ်စု ကျွန်းချောင်း(အရှေ့)ကျေးရွာသို့ သွားရောက်ပြီး မြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်တွေ့ဆုံကာ ငွေစာရင်းဇယားများ ထိန်းသိမ်းခြင်းနှင့် မြစိမ်းရောင်ချေးငွေဖြင့်ဆောင်ရွက်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ကြေးမုံ**



**မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ဇရပ်ဖြူကျေးရွာ ရွှေဘုံသာဓမ္မာရုံ၌ ဒီဇင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီက ကျောက်ဆည်မြို့မစခန်းမှူး ဒုရဲမှူးသိန်းဝင်း ပြည်သူများအား မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောစဉ်။ မြို့နယ်ရဲတပ်ဖွဲ့**

## တောတောင်ပျက်ပြုန်း မြေဆီသုဉ်း၏

✪ **ကျောဖုံးမှ**

ဆရာ ဆရာမပေါင်း တစ်သိန်းနှစ်သောင်းကျော် ပါဝင်ဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း နိုင်ငံတစ်ဝန်း သက်ဆိုင်ရာအဖွဲ့အစည်း၊ လူပုဂ္ဂိုလ်အားလုံးကို ညှိနှိုင်းပေါင်းစပ်ပေးခဲ့ခြင်းကြောင့် ယင်းလုပ်ငန်းစဉ်ကြီး အောင်မြင်ခဲ့ခြင်းဖြစ်ပါကြောင်း။

၂၀၁၄ သန်းခေါင်စာရင်းတွင် နိုင်ငံတကာက အသိအမှတ်ပြုခံရသည့် စာရင်းအင်းပညာရှင်များ၊ လူဦးရေပညာရှင်များ၊ လူမှုရေးသိပ္ပံပညာရှင်များစွာ ပါဝင်ဆောင်ရွက်ခဲ့ကြသကဲ့သို့ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ဖြစ်စေရန် အကြံဉာဏ်များလည်း ပေးခဲ့ကြပါကြောင်း၊ ယင်းသို့ လမ်းညွှန်ကူညီပံ့ပိုးပေးမှုများကို ကျေးဇူးအထူးတင်ပါကြောင်း ပြောကြားသည်။

**များစွာအထောက်အကူပြု**

ထို့ပြင် ဒုတိယသမ္မတက နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်သည့်နေရာတွင် အထူးသဖြင့် လူမှုစီးပွားရေးကဏ္ဍများ၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ ဒီမိုကရေစီဖော်ဆောင်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် သန်းခေါင်စာရင်း အချက်အလက်များသည် အလွန်ပင် အသုံးဝင်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ စီမံကိန်းလုပ်ငန်းများတွင် ခန့်မှန်းလူဦးရေစာရင်းများကို သုံးခဲ့ရသည်မှာ နှစ်ပေါင်း ၃၀ ကျော် ကြာခဲ့ပြီဖြစ်ပါကြောင်း၊ ခန့်မှန်းမှုနှစ်ကာလကြာရှည်လာသည်နှင့်အမျှ စာရင်းများ၏ တိကျမှန်ကန်မှုများ လျော့ကျလာခြင်း ဖြစ်ပါကြောင်း၊ ယင်းသို့ မှားယွင်းမှုများကို ၂၀၁၄ သန်းခေါင်စာရင်းက ပြန်လည်တည့်မတ်နိုင်ခဲ့ပြီ ဖြစ်ပါကြောင်း၊ သန်းခေါင်စာရင်းလုပ်ငန်းစဉ်သည် အခြားအရေးကြီးသည့် နိုင်ငံတော်အဆင့် လုပ်ငန်းစဉ်များအတွက်လည်း အရေးပါသည့် ရှေ့ဆောင်လမ်းပြဖြစ်ခဲ့ပါကြောင်း၊ သန်းခေါင်စာရင်းကရလာသည့် အတွေ့အကြုံများသည် အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် များစွာအထောက်အကူပြုခဲ့ပါကြောင်း၊ အထူးသဖြင့် တိုင်းရင်းသားမျိုးနွယ်စုငယ်လေးများ၏ အသံကိုနားထောင်ပြီး ယုံကြည်မှုတည်ဆောက်နိုင်ခဲ့ပါကြောင်း။

**အကျိုးရှိစွာအသုံးချ**

၂၀၁၄ သန်းခေါင်စာရင်းအချက်အလက်များကို အခြေခံပြီး ပြည်ထောင်စုအဆင့် အစီရင်ခံစာများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် အစီရင်ခံစာ ၁၅ စောင်၊ အသေးစိတ် ဆန်းစစ်လေ့လာသည့် သုတေသနစာတမ်း ၁၃ စောင်၊ သန်းခေါင်စာရင်း ရလဒ်မြေပုံ အစီရင်ခံစာ၊ မြို့နယ်၊ မြို့အစီရင်ခံစာပေါင်း ၄၀၀ ကျော်ကို ထုတ်ပြန်ကြေညာခဲ့ပြီး အစီရင်ခံစာအားလုံးကို online ကနေ ရရှိနိုင်အောင် ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း။

၂၀၁၄ သန်းခေါင်စာရင်းကြီးသည် နိုင်ငံတော်နှင့် နိုင်ငံတကာအဖွဲ့အစည်းများအတွက်ပါ တန်ဖိုးရှိသည့် ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်သကဲ့သို့ မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ် တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များအတွက် အဖွဲ့အစည်းများ၏ စွမ်းရည်မြှင့်တင်ရေးနှင့် တစ်ဦးချင်း၏ စွမ်းဆောင်ရည်မြှင့်တင်ရေးကိုလည်း သန်းခေါင်စာရင်းအချက်အလက်များက ထောက်ပံ့ပေးနိုင်မည် ဖြစ်ပါကြောင်း၊ ယခုအချိန်တွင် အချိန်နှင့်တစ်ပြေးညီ တိကျမှန်ကန်သည့် အချက်အလက်များရရှိနေပြီဖြစ်၍ နေ့စဉ်ဆောင်ရွက်နေသည့် လုပ်ငန်းများတွင် ရရှိပြီးသား အချက်အလက်များကို အကောင်းဆုံးအကျိုးရှိစွာ အသုံးချကြရန် မှာကြားလိုပါကြောင်း။

**၁၀ နှစ်တစ်ကြိမ်**

ယနေ့အခမ်းအနားသည် သန်းခေါင်စာရင်းလုပ်ငန်းစဉ်များ အောင်မြင်ပြီးမြောက်ခြင်း အခမ်းအနားဖြစ်သော်လည်း သန်းခေါင်စာရင်းအချက်အလက်များ ပြည်သူများထံရောက်ရှိပြီး အသုံးပြုနိုင်ရန် ဆက်လက်ဆောင်ရွက်နေရမည်ဖြစ်ပါကြောင်း၊ အနာဂတ်တွင်လည်း သန်းခေါင်စာရင်းများ ဆက်လက်ကောက်ယူနိုင်ရန် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန်လိုပါကြောင်း၊ မိမိတို့ နိုင်ငံတော်အစိုးရအနေဖြင့် သန်းခေါင်စာရင်း အချက်အလက်များထဲတွင် ထုတ်ပြန်ရန်ကျန်ရှိနေသည့် လူမျိုးစာရင်း ထုတ်ပြန်နိုင်ရန်အတွက်ကိုလည်း ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ကုလသမဂ္ဂက အကြံပြုထားသည့်အတိုင်း ၁၀ နှစ်တစ်ကြိမ် သန်းခေါင်စာရင်း ကောက်ယူနိုင်ရန် ကြိုတင်ပြင်ဆင်မှုများလည်း ပြုလုပ်ထားရန်လိုအပ်ပါကြောင်း။

သန်းခေါင်စာရင်းလုပ်ငန်းစဉ်ကြီး ချောမွေ့အောင်မြင်အောင် အကူအညီပေးခဲ့သည့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ကို ကျေးဇူးအထူးတင်ပါကြောင်း၊ အလှူရှင်နိုင်ငံများဖြစ်သည့် ဩစတြေးလျ၊ ဖင်လန်၊ ဂျာမနီ၊ အီတလီ၊ နော်ဝေ၊ ဆွီဒင်၊ ဆွစ်ဇာလန်နှင့် ဗြိတိန်နိုင်ငံတို့ကိုလည်း နိုင်ငံတော်အစိုးရကိုယ်စား ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း။

လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း လုပ်ငန်းကြီး အောင်မြင်စွာပြီးမြောက်ပါကြောင်းနှင့် နိုင်ငံတစ်ဝန်း၊ ကမ္ဘာတစ်ဝန်းမှ အချက်အလက် အသုံးပြုသူအားလုံးအတွက် အစီရင်ခံစာများ တစ်ပြိုင်တည်း ရရှိနိုင်ပြီဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် သန်းခေါင်စာရင်းအချက်အလက်များမှ ဖော်ထုတ်ရရှိသော "Policy Brief" နှင့် စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး Mr. Knut Ostby က အမှာစကား ပြောကြားသည်။

ထို့နောက် သန်းခေါင်စာရင်းအချက်အလက်များ အသုံးဝင်ပုံနှင့် ပတ်သက်၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်နှင့် The Leprosy Mission Myanmar ဒေါက်တာဇော်မိုးအောင်တို့က ဆွေးနွေးကြသည်။ ယင်းနောက် သန်းခေါင်စာရင်းလုပ်ငန်းစဉ်များနှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပခဲ့သည်။ ယင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၅ ရက်ထိ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ရေးရာကော်မတီ ဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အလှူရှင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ်သတင်း

## ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ကျောက်ဖြူခရိုင်အတွင်း သာသနာရေးဆိုင်ရာများ ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁၄**
ရခိုင်ပြည်နယ် ကျောက်ဖြူမြို့တွင် ရောက်ရှိနေသော သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် ယနေ့နံနက်ပိုင်းတွင် ကျောက်ဖြူမြို့ နဂါးကျောင်းတိုက်သို့ရောက်ရှိ၍ ကျောက်ဖြူမြို့ပေါ်ရှိ ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းများနှင့် ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများထံ သာသနာရေးဆိုင်ရာများ လျှောက်ထားဆောင်ရွက်ပြီး ကြွရောက်လာကြသော ဆရာတော်ကြီးများအား နေ့ဆွမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ရမ်းဗြဲမြို့သို့ ရောက်ရှိ၍ အောင်ဓမ္မဗိမာန်တော်တွင် ရမ်းဗြဲမြို့နယ်မှ ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းများနှင့် ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများထံ သာသနာရေးဆိုင်ရာများ လျှောက်ထားဆောင်ရွက်ပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ပြည်ထောင်စုဝန်ကြီးသည် ရခိုင်ပြည်နယ်အတွင်းရှိ ဆရာတော်ကြီးများထံ နိုင်ငံတော်အစိုးရနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်စီမံမှုဖြင့် ဆောင်ရွက်လျက်ရှိသော ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ဆောင်ရွက်နေမှုများကို အကျယ်တဝင့် ရှင်းလင်းလျှောက်ထားခဲ့ရာ ဆရာတော်ကြီးများက နိုင်ငံတော်အစိုးရနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့ ဦးဆောင်မှုဖြင့် ရခိုင်ပြည်နယ်ဆိုင်ရာ ဆောင်ရွက်ချက်များနှင့် အခြေအနေမှန်ကို အကျယ်တဝင့်သိရှိရပါသဖြင့် အထူးပင် ဝမ်းမြောက်ကြည်နူးဖြစ်ရပါကြောင်း၊ တစ်ဖက်နိုင်ငံသို့ ရောက်ရှိနေသောသူများကို လက်ခံဆောင်ရွက်ရာတွင် ၁၉၉၃ ခုနှစ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံသဘောတူစာချုပ်အရသာ စိစစ်လက်ခံဆောင်ရွက်သင့်ကြောင်း၊ ၁၉၈၂ ခုနှစ် နိုင်ငံသားဖြစ်မှုဥပဒေနှင့်အညီ တိကျစွာ စိစစ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နယ်စပ်ခြံစည်းရိုးကာရံမှုကို ခိုင်မာတောင့်တင်းစွာ ဆောင်ရွက်စေလိုကြောင်း၊ ပြည်ပအကူအညီ အထောက်အပံ့များကို ရခိုင်ပြည်နယ် အစိုးရအဖွဲ့မှတစ်ဆင့် မျှတစွာ ထောက်ပံ့ဆောင်ရွက်ပေးစေလိုကြောင်း၊ နိုင်ငံတော်အစိုးရနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့ ဆောင်ရွက်ချက်များကို ရခိုင်ပြည်နယ်အတွင်းရှိ ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်မှ ဆရာတော်ကြီးများက ဝမ်းမြောက်ဝမ်းသာ ထောက်ခံသည်ဟု ဩဝါဒမိန့်ကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## လူ့အခွင့်အရေးချိုးဖောက်မှုတွေ မတွေ့ရှိရပေမယ့် လူ့အခွင့်အရေးဆိုင်ရာ ခံစားခွင့်များ ပိုမိုရရှိစေရေးအတွက် ဆောင်ရွက်ပေးသင့်တဲ့ အချက်အချို့ကိုတော့ တွေ့မြင်ခဲ့ရပါတယ်

**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့ ဦးဆောင်သောအဖွဲ့သည် ရခိုင်ပြည်နယ်ရှိ ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြရာ ခရီးစဉ်နှင့်ပတ်သက်၍ အဖွဲ့ဝင်ခေါင်းဆောင်ဖြစ်သည့် ဦးယုလွင်အောင်နှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်-**

**မေး။ ။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့အနေနဲ့ ယခုခရီးစဉ်မှာ ဘယ်ဒေသတွေ ရောက်ရှိခဲ့ပါသလဲ။**

ဖြေ။ ။ ကျွန်တော်တို့ ဒီခရီးစဉ်ကို ဒီဇင်ဘာ ၁၀ ရက်က စစ်တွေမြို့ကို စတင်ရောက်ရှိခဲ့ပြီး ၁၁ ရက်မှာ စစ်တွေမြို့ပေါ်က အကျဉ်းထောင်နဲ့ ရဲအချုပ်ခန်းများ၊ တရားရုံးအချုပ်ခန်းများကို စစ်ဆေးခဲ့ပါတယ်။ ဒီဇင်ဘာ ၁၂ ရက်မှာ မောင်တောမြို့ကိုရောက်ရှိပြီး မြို့ပေါ်က နေရပ်စွန့်ခွာထွက်ပြေးခဲ့တဲ့ ဟိန္ဒူစောင့်ရှောက်ရေးစခန်း နှစ်ခုကို သွားရောက်ကြည့်ရှုခဲ့ပြီး မှိုဝင်ချောင်းဝနယ်ခြားစောင့်စခန်းအနီးက ဂေါ်ဒူသာရချောင်းဝ၊ ပင်လယ်ကမ်းခြေသဲသောင်ပြင်မှာ တစ်ဖက်နိုင်ငံကို ထွက်ခွာဖို့ ရောက်ရှိနေတဲ့ ဘင်္ဂါလီတွေကို သွားရောက်တွေ့ဆုံခဲ့ပါတယ်။ ပြီးတော့ ပန်းတောပြင်(အလယ်)ကျေးရွာကို သွားရောက်ပြီး ဘင်္ဂါလီမိသားစုတွေနဲ့ သွားရောက်တွေ့ဆုံခဲ့ပါတယ်။ ဒီဇင်ဘာ ၁၃ ရက်မှာ ငါးခူရနဲ့ တောင်ပြိုလက်ဝဲမြို့တွေမှာ တည်ဆောက်နေတဲ့ ပြန်လည်လက်ခံရေးစခန်းတွေကို သွားရောက်ကြည့်ရှုခဲ့ပြီး တိုင်းရင်းသားကျေးရွာအချို့ ပြန်လည်တည်ဆောက်နေမှုကိုလည်း ကြည့်ရှုခဲ့ပါတယ်။ ပြီးတော့ တစ်ဖက်နိုင်ငံကို ထွက်မပြေးဘဲ ကျန်ရှိနေတဲ့ ဘင်္ဂါလီကျေးရွာတွေကို သွားရောက်ပြီး ရွာသူရွာသားတွေနဲ့ တွေ့ဆုံကာ အခက်အခဲများ မေးမြန်းခြင်း၊ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများရှိ၊ မရှိ မေးမြန်းခြင်းများဆောင်ရွက်ခဲ့ပါတယ်။

**မေး။ ။ အရင်က ရခိုင်ပြည်နယ်မှာ သွားရောက်ခဲ့တဲ့ ခရီးစဉ်နဲ့ပတ်သက်ပြီးတော့လည်း ပြောပြပေးပါဦး။**

ဖြေ။ ။ ပြီးခဲ့တဲ့ စက်တင်ဘာလက ဘူးသီးတောင်၊ မောင်တောဒေသကို လာရောက်ခဲ့ပြီး ဟိန္ဒူတိုင်းရင်းသားအချို့ကို အကြမ်းဖက်ဘင်္ဂါလီများက သတ်ဖြတ်ခံခဲ့ရတဲ့ အထောက်အထားတွေကို လေ့လာခြင်း၊ ကျန်ရှိနေတဲ့ ဟိန္ဒူလူမျိုးများ၊ မြို၊ ခမီ၊ ရခိုင်တိုင်းရင်းသားကျေးရွာတွေကို သွားရောက်ပြီး လူ့အခွင့်အရေးဆိုင်ရာ အခြေအနေများကို မေးမြန်းလေ့လာခဲ့ပြီး နိုင်ငံတော်သမ္မတထံ အစီရင်ခံစာပေးပို့အကြံပြုခဲ့တဲ့အပြင် အများပြည်သူသိရှိနိုင်ရေးအတွက် ကော်မရှင်ဝက်ဘ်ဆိုက်မှာ တင်ပြခဲ့ပါတယ်။

**မေး။ ။ ဆရာတို့အနေနဲ့ ယခုခရီးစဉ်မှာ ဘာတွေ မေးမြန်းလေ့လာခဲ့တယ်ဆိုတာ သိချင်ပါတယ်။**

ဖြေ။ ။ အဓိကတော့ ကယ်ဆယ်ရေးစခန်းတွေမှာ ဘာလိုအပ်ချက်တွေရှိနေသလဲဆိုတာ လေ့လာခဲ့ပြီး တစ်ဖက်နိုင်ငံကိုထွက်ခွာဖို့ ကြိုးပမ်းနေတဲ့ ဘင်္ဂါလီတွေနဲ့ တွေ့ဆုံတဲ့နေရာမှာတော့ ဘာအကြောင်းကြောင့် ထွက်ခွာရသလဲဆိုတဲ့အချက်ကို အဓိကထား မေးမြန်းခဲ့ပါတယ်။



အထူးသဖြင့် တပ်မတော်နဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက ညှဉ်းပန်းနှိပ်စက်မှု၊ လိင်ပိုင်းဆိုင်ရာ ကျူးလွန်စော်ကားမှုများရှိ၊ မရှိ မေးမြန်းခဲ့ပါတယ်။ လက်ခံရေးစခန်းတွေမှာတော့ တစ်ဖက်နိုင်ငံကို ရောက်ရှိသွားတဲ့ ဘင်္ဂါလီတွေကို ဘယ်လိုပြန်လည်လက်ခံမလဲဆိုတာနဲ့ ဘယ်လိုလက်ခံဖို့ စီစဉ်ပြင်ဆင်ထားသလဲဆိုတာတွေကို လေ့လာခဲ့ပါတယ်။ ဘင်္ဂါလီကျေးရွာတွေကို သွားရောက်ပြီး ရွာသားတွေနဲ့ တွေ့ဆုံခဲ့တာကတော့ ကျေးရွာသူ ကျေးရွာသားတွေအပေါ် တပ်မတော်နဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက ညှဉ်းပန်းနှိပ်စက်မှု၊ လိင်ပိုင်းဆိုင်ရာ ကျူးလွန်စော်ကားမှုများရှိ၊ မရှိ မေးမြန်းခဲ့ပါတယ်။

**မေး။ ။ အခုလို တွေ့ရှိလေ့လာ မေးမြန်းစုံစမ်းမှုများအရ လူ့အခွင့်အရေးချိုးဖောက်မှုတွေရှိ၊ မရှိကိုလည်း သိလိုပါတယ်ခင်ဗျား။**

ဖြေ။ ။ ထူးခြားတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေ မတွေ့ရှိရပေမယ့် လူ့အခွင့်အရေးဆိုင်ရာ ခံစားခွင့်များ ပိုမိုရရှိစေရေးအတွက် ဆောင်ရွက်ပေးသင့်တဲ့ အချက်အချို့ကိုတော့ တွေ့မြင်ခဲ့ရပါတယ်။ ဒါတွေကိုတော့ နိုင်ငံတော်သမ္မတထံ တင်ပြပြီးမှသာ အများပြည်သူသိရှိနိုင်ရေး ထုတ်ပြန်ကြေညာသွားမှာဖြစ်ပါတယ်။

**မေး။ ။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ရဲ့ ရခိုင်ပြည်နယ်အတွင်း လေ့လာတွေ့ရှိသမျှတွေကို ဘယ်လိုဆက်လက်တင်ပြပြီး ထိရောက်အောင် အကောင်အထည်ဖော်သွားမယ့် အစီအမံကိုလည်း သိလိုပါတယ်ခင်ဗျား။**

ဖြေ။ ။ လေ့လာတွေ့ရှိချက်များကို နိုင်ငံတော်သမ္မတထံ တင်ပြတဲ့အခါ တွေ့ရှိချက်၊ သုံးသပ်ချက်နဲ့ အကြံပြုချက်ဆိုပြီး အပိုင်း သုံးပိုင်း ခွဲတင်ပြမှာဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတထံ တင်ပြပြီးနောက် အများပြည်သူသိရှိနိုင်ရေး ဆက်လက်တင်ပြသွားမှာဖြစ်ပါတယ်။

**မေး။ ။ ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောဒေသမှာရှိတဲ့ ကယ်ဆယ်ရေးစခန်းတွေမှာ လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေတွေကိုလည်း ပြောပြပေးစေလိုပါတယ်။**

ဖြေ။ ။ ကယ်ဆယ်ရေးစခန်းတွေရဲ့ အနေအထားကတော့ လုံခြုံရေးစခန်းများနဲ့ တိုင်းရင်းသားကျေးရွာများကို အကြမ်းဖက်သောင်းကျန်းသူတွေရဲ့ တိုက်ခိုက်မှုများခံရပြီးနောက် နေရပ်စွန့်ခွာထွက်ပြေးခဲ့တဲ့ ဟိန္ဒူဒုက္ခသည်တွေအနေနဲ့ အခုအချိန်မှာ နယ်မြေအေးချမ်းသွားပြီဖြစ်ပေမယ့် မိမိတို့ရဲ့ မူရင်းနေရပ်ကျေးရွာများကို ပြန်သွားလိုစိတ်မရှိကြတာ တွေ့ရပါတယ်။ ၎င်းတို့အနေနဲ့ မူလနေရာတွေပြန်သွားရင် နောက်ထပ်တစ်ဖန် ဘင်္ဂါလီတွေရဲ့ နှောင့်ယှက်တိုက်ခိုက်မှုတွေ ခံရမှာစိုးရိမ်နေကြဆဲဖြစ်ပါတယ်။ စခန်းတွေရဲ့ အခြေအနေကတော့ သန့်ရှင်းမှုအားနည်းပြီး ဆန်၊ ဆီ၊ ဆား စတဲ့ အခြေခံစားသောက်ကုန်မရသေးတဲ့ မိသားစုတွေရှိနေတာကိုလည်း တွေ့ရပါတယ်။ မိလ္လာခန်း မလုံလောက်မှုနဲ့ သန့်ရှင်းမှုလိုအပ်တာတွေ တွေ့ရပြီး စာသင်ကျောင်းမှာ ဒုက္ခသည်တွေ ထားနေရတဲ့အတွက် ကျောင်းသူ ကျောင်းသားတွေဟာ တခြားကျောင်းမှာသွားပြီး သင်ကြားနေကြရတာကိုလည်း တွေ့ရပါတယ်။

**မေး။ ။ တောင်ပြိုလက်ဝဲမြို့မှာ လက်ခံကြိုဆိုရေးစခန်း တည်ဆောက်နေတာနဲ့ ပတ်သက်ပြီး တွေ့ရှိလေ့လာခဲ့သမျှ အခြေအနေတွေကိုလည်း ရှင်းပြပေးပါခင်ဗျား။**

ဖြေ။ ။ တောင်ပြိုလက်ဝဲမှာ ကြိုဆိုရေးတာဝန်ယူမယ့် ဝန်ထမ်းတွေအတွက် ယာယီနေထိုင်ဖို့ Modular အဆောက်အအုံ ငါးခန်းတွဲတန်းလျား နှစ်လုံးဆောက်ပြီးတာ တွေ့ရပြီး စိစစ်ရေးအတွက် Modular အဆောက်အအုံ ရှစ်လုံးကိုတော့ ဆောက်လုပ်နေဆဲဖြစ်တာ တွေ့ရပါတယ်။ ဌာနဆိုင်ရာဝန်ထမ်းတွေ နေထိုင်ဖို့ အမြဲတမ်းအဆောက်အအုံတွေကိုလည်း ပြုပြင်နေဆဲဖြစ်တာ တွေ့ရပါတယ်။

**မေး။ ။ ဘူးသီးတောင်၊ မောင်တောဒေသမှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေ မရှိစေဖို့ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေနဲ့ ဘယ်လို ဆက်လက်အကောင်အထည်ဖော်သွားမယ်ဆိုတာနဲ့ ပတ်သက်ပြီးတော့လည်း ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။ လူ့အခွင့်အရေးချိုးဖောက်မှုတွေ မရှိစေဖို့ဆိုတာကတော့ ဘူးသီးတောင်၊ မောင်တောဒေသတွင်သာမက မြန်မာတစ်ပြည်လုံး မရှိစေချင်တာဖြစ်ပါတယ်။ ဒီလိုဖြစ်ဖို့ကတော့ လူ့အခွင့်အရေးချိုးဖောက်မှု လုံးဝကင်းစင်တဲ့ နိုင်ငံရယ်လို့ ကမ္ဘာပေါ်မှာမရှိပါဘူး။ အနည်းနဲ့အများတော့ ရှိနေကြတာပါပဲ။ တတ်နိုင်သရွေ့ လျော့နည်းသွားအောင် ကြိုးပမ်းတဲ့နေရာမှာ အသိပညာပေးလုပ်ငန်းဟာ အဓိကကျပါတယ်။ အသိပညာပေးတယ်ဆိုတဲ့ နေရာမှာလည်း လူ့အခွင့်အရေးချိုးဖောက်နိုင်ဖွယ်ရာရှိတဲ့ အစိုးရဝန်ထမ်းတွေကို ဦးစားပေးပြီး ဆောင်ရွက်ရမှာဖြစ်သလို လူ့အခွင့်အရေးချိုးဖောက်ခြင်း ခံရနိုင်ဖွယ်ရှိတဲ့ ပြည်သူတွေကိုလည်း ချိုးဖောက်ခံရရင် တိုင်ကြားနိုင်တဲ့နည်းလမ်းများ အသိပေးရမှာဖြစ်ပါတယ်။ ထို့အတူ ပြည်ထောင်စုအဆင့်ဌာနကြီးများကလည်း လူ့အခွင့်အရေးချိုးဖောက်မှုများ လျော့နည်းသွားစေဖို့ ကော်မရှင်နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ အထူးလိုအပ်ပါတယ်။

**မေး။ ။ လက်ရှိ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရဲ့ မြန်မာနိုင်ငံအတွင်းမှာ လုပ်ဆောင်နေတဲ့ လုပ်ငန်းစဉ်တွေကိုလည်း သိလိုပါတယ်ခင်ဗျား။**

ဖြေ။ ။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှာ အဓိကလုပ်ငန်းတာဝန် ထမ်းဆောင်နေတဲ့ ဌာနကြီး လေးခုရှိပါတယ်။ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာပေးရေးဌာနအနေနဲ့ ခုနကပြောကြားခဲ့တဲ့ အစိုးရဌာနဝန်ထမ်းတွေကို အသိပညာပေးခြင်း၊ ပြည်သူလူထုကို အသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

**စာမျက်နှာ ၁၁ သို့** ❖

# ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူများအတွက် စင်ကာပူနိုင်ငံမှ လူသားချင်းစာနာမှု အကူအညီပစ္စည်းများ ပေးအပ်လှူဒါန်း



**ရန်ကုန် ဒီဇင်ဘာ ၁၄**

ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူများအတွက် စင်ကာပူနိုင်ငံမှ လှူဒါန်းသော လူသားချင်းစာနာမှု အကူအညီပစ္စည်းများကို အာဆီယံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး ညှိနှိုင်းမှုဗဟိုဌာန (AHA Centre) မှတစ်ဆင့် လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အင်ဒိုနီးရှားနိုင်ငံအခြေစိုက် အာဆီယံလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး ညှိနှိုင်းမှုဗဟိုဌာန (AHA Centre) မှ Executive Director Adelina Kamal နှင့် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး မစ္စတာ ရောဘတ်ချွာတို့က လှူဒါန်းထောက်ပံ့ရသည့် အကြောင်းရင်းအား ရှင်းလင်းပြောကြားသည်။

ထို့နောက် စင်ကာပူနိုင်ငံမှ လှူဒါန်းသော လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပစ္စည်းများကို စင်ကာပူသံအမတ်ကြီးက လွှဲပြောင်းပေးအပ်ရာ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထိုသို့ ကူညီမှုနှင့်ပတ်သက်၍ စင်ကာပူသံအမတ်ကြီးက "ဒီကနေ့ လှူဒါန်းတာကတော့ မီးဖိုချောင်သုံးပစ္စည်းတွေ ဖြစ်ပါတယ်၊ ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ ပြည်သူတွေ အတွက်ပါ၊ စင်ကာပူအစိုးရအနေနဲ့လည်း ဒေသတွင်း နိုင်ငံအနေနဲ့အပြင် အိမ်နီးချင်းနိုင်ငံကောင်းပီပီ မြန်မာ အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်၊ ပြန်လည် ထူထောင်ရေးနဲ့ ငြိမ်းချမ်းရေး ကဏ္ဍတွေမှာလည်း အမြန်ဆုံးအကောင်အထည်ပေါ်ပါစေလို့ ဆန္ဒပြုပါတယ်၊ ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေ မှာလည်း ပူးပေါင်းပါဝင်ကူညီဆောင်ရွက်သွားမှာဖြစ်ပါ တယ်၊ စင်ကာပူနိုင်ငံအစိုးရအနေနဲ့ မြန်မာနိုင်ငံအတွက် လိုအပ်တာမှန်သမျှ ပူးပေါင်းဆောင်ရွက်သွားဖို့ အဆင်သင့် ရှိနေပါတယ်"ဟု ပြောကြားသည်။

ယနေ့ အကူအညီပေးသည့် ပစ္စည်းများမှာ စင်ကာပူ ဒေါ်လာတစ်သိန်း တန်ဖိုးရှိ မီးဖိုချောင်သုံးပစ္စည်း ၁၃ မျိုးပါ ဖာ ၃၈၀၀ ဖြစ်ပြီး အဆိုပါ ပစ္စည်းများကို ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန အနေဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ အခက်အခဲကြုံတွေ့နေ သော နေရပ်စွန့်ခွာ ပြည်သူများ လက်ဝယ်အရောက် ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီကနေ့ လှူဒါန်းလိုက်တဲ့ပစ္စည်းတွေကို ချက်ချင်းပဲ ရခိုင်ပြည်နယ်ကို ပို့ဆောင်သွားမှာဖြစ်ပါတယ်၊ ဟိုရောက်ရင် ရခိုင်ပြည်နယ်အစိုးရအပါအဝင် သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ပေါင်းစပ်ပြီး တကယ် အခက်အခဲဖြစ်နေတဲ့ ဒေသခံပြည်သူတွေလက်ဝယ် အရောက် ပစ္စည်းတွေကို ထောက်ပံ့သွားမှာပါ၊ ရှေ့ပိုင်းမှာ အလှူရှင်တွေ လှူဒါန်းခဲ့တဲ့ ပစ္စည်းတွေကိုလည်း ဘယ်နေရာတွေမှာ ထောက်ပံ့လှူဒါန်းခဲ့တယ်ဆိုတဲ့ အကြောင်းအရာတွေကို အလှူရှင်တွေထံ ပြန်ပြီး အကြောင်းကြားပေးခဲ့ပါတယ်၊ အခုပစ္စည်းတွေကိုလည်း ပြည်သူတွေထံ တိုက်ရိုက်အမြန်ဆုံးရောက်ရှိအောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်က ပြောကြားသည်။

ယနေ့အခမ်းအနားသို့ ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ အာဆီယံ နိုင်ငံသံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အလားတူ ရခိုင်ပြည်နယ်အတွင်းရှိ အခက်အခဲ ကြုံတွေ့နေသော ဒေသခံပြည်သူများအတွက် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ကူညီမှုများအနေဖြင့် နိုဝင်ဘာ ၂၄ ရက်တွင် အိန္ဒိယနိုင်ငံက အိန္ဒိယရူပီး သိန်း ၄၀ တန်ဖိုးရှိ မိသားစုသုံးပစ္စည်းများနှင့် စားသောက်ကုန်များကို လည်းကောင်း၊ စက်တင်ဘာ ၂၁ ရက်တွင် အင်ဒိုနီးရှားနိုင်ငံက အမေရိကန်ဒေါ်လာ ၂၈၆၀၄၉ တန်ဖိုးရှိ လူသုံးကုန်၊ ဆေးဝါး၊ စားသောက်ကုန်၊ ယာယီမိုးကာတဲစသည့် ပစ္စည်းများကိုလည်းကောင်း၊ အောက်တိုဘာ ၁၄ ရက်တွင် အာဆီယံလူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး ညှိနှိုင်းမှု ဗဟိုဌာန (AHA Centre) က အမေရိကန်ဒေါ်လာ ၄၄၄၈၈၆ ဒသမ ၇၅ တန်ဖိုးရှိ မိသားစုသုံးပစ္စည်းများ ဖြစ်သော မီးဖိုချောင်သုံးပစ္စည်းများ၊ တစ်ကိုယ်ရေ သန့်ရှင်းရေးသုံးပစ္စည်းများ၊ ရွက်ဖျင်တဲများ၊ လျှပ်စစ်ဖြန့်ဖြူး ရေးပစ္စည်းများနှင့် မီးစက်အကြီးနှစ်လုံး၊ မီးစက် ဆက်စပ် ပစ္စည်းများကိုလည်းကောင်း လှူဒါန်းခဲ့မှုများ ရှိသကဲ့သို့ တရုတ်နိုင်ငံကလည်း ငွေကြေးလှူဒါန်းမှုများ ရှိကြောင်း သိရသည်။

**ဇော်ကြီး**

# စက်မှုလယ်ယာဦးစီးဌာနမှ ရခိုင်ပြည်နယ်အတွင်း မိုးစပါး ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိ

**စစ်တွေ ဒီဇင်ဘာ ၁၄**

ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် စပါးရိတ်သိမ်းရန် အခက်အခဲဖြစ်နေသော မောင်တော မြို့နယ်ရှိ မြို့သူကြီး၊ အုန်းတော၊ ကံပူး၊ ကျောင်းတောင်၊ အလယ်သံကျော်၊ နွားရုံတောင်၊ ဝါးချ၊ သံဒါ၊ မြင်းလွတ်၊ ကျီးကန်းပြင်၊ သီဟိုဠ်ကျွန်း၊ ဥဒေါင်း၊ လောင်းဒုံ၊ အောင်စစ်ပြင်၊ စပယ်ကုံး၊ သပြေတော၊ ဇော်မတက်၊ ဒိုးတန်း၊ ရွာသစ်ကေ၊ ကျောက်ပန္ဒု၊ တပ်ဦးချောင်း၊ ဒုချီးရားတန်း၊ သရေကုန်းတန်း၊ သဝန်ချောင်း၊ ငါးခူရ၊ အင်းဒင်၊ သဘော်ကွေ့၊ ကညင်တန်း၊ ညောင်ချောင်း၊ နတ်ချောင်း၊ သက်ကိုင်ညာကျေးရွာများတွင် စက်မှု လယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၁၃ ရက်အထိ စုစုပေါင်း ၆၈၀၅ ဧက ရိတ်သိမ်းပြီး ဖြစ်သည်။

ထို့အတူ စစ်တွေမြို့နယ်အတွင်းရှိ ချောင်းနွယ်၊ ပါတလိပ်၊ သင်္ဂနက်၊ ကြို့တဲ၊ ကံ့ကော်ကျွန်း၊ မင်းဂံ၊ နာရီကန်ကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်း လျက်ရှိရာ အောက်တိုဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၁၃ ရက်အထိ စုစုပေါင်း ၄၅၈ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

မြောက်ဦးမြို့နယ်အတွင်းရှိ ပြလှ၊ ဆင်အိုးရှည်၊ မြက်ရိတ်ကျွန်း၊ ခွဆုံ၊ လေညှင်းသာ၊ ရုတ်ချောင်း၊ အလယ်ဈေး၊ တိမ်ညို၊ ကန်စောက်ကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများ ဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၅ ရက်မှ ဒီဇင်ဘာ ၁၃ ရက်အထိ စုစုပေါင်း ၆၄၈ ဧက ရိတ်သိမ်း ပြီးဖြစ်သည်။

မင်းပြားမြို့နယ်အတွင်းရှိ ထောင်ရှည်၊ ကင်းဆိပ်၊ မော်ရွာ၊ ဖားပျော်၊ တောင်တိုက်ငပုက္ခ၊ ဝင်းဇားကျေးရွာ များနှင့် ဦးစိုးတင့်ရပ်ကွက်တွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်း လျက်ရှိရာ နိုဝင်ဘာ ၇ ရက်မှ ဒီဇင်ဘာ ၁၃ ရက်အထိ စုစုပေါင်း ၁၄၇ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ကျောက်တော်မြို့နယ်အတွင်းရှိ ပုဏ္ဏား၊ လမ်းမတော်၊ ဒေါင်းတော်ယိုး၊ ကာဒီ၊ စဖိုသား၊ အပေါက်ဝ၊ ဂါပုကျေးရွာ များတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့ စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ဒီဇင်ဘာ ၁၃ ရက်အထိ စုစုပေါင်း ၄၄၁ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ရသေ့တောင်မြို့နယ်အတွင်းရှိ ချိန်ခါလိန်၊ ကိုးတန် ကောက်ကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်း လျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ဒီဇင်ဘာ ၁၃ ရက်အထိ စုစုပေါင်း ၂၉၉ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ဘူးသီးတောင်မြို့နယ်အတွင်းရှိ သပြုချောင်းကျေးရွာ တွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီး များဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၁၀ ရက်မှ ဒီဇင်ဘာ ၁၃ ရက်အထိ စုစုပေါင်း ၉၆ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိ

**မောင်တော ဒီဇင်ဘာ ၁၄**

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်ရေး အဖွဲ့သည် ပန်းတောပြင်စခန်း ပတ်ဝန်းကျင်ရှိ ဥဒေါင်း(တိုင်းရင်းသား)ကျေးရွာတွင် ဆိတ်တစ်ကောင်၊ ခုံတိုင်စခန်း ပတ်ဝန်းကျင်ရှိ တမန်းသား (တိုင်းရင်းသား)ကျေးရွာတွင် နွားတစ်ကောင်၊ ငါးခူရစခန်းပတ်ဝန်းကျင်ရှိ ခြံပြင်(တိုင်းရင်းသား)ကျေးရွာတွင် ဆိတ်တစ်ကောင်အား ကာကွယ်ကုသ ဆောင်ရွက်ပေးပြီး စုစုပေါင်း စခန်းသုံးခု ပတ်ဝန်းကျင် ကျေးရွာတို့တွင် နွားတစ်ကောင်နှင့် ဆိတ်နှစ်ကောင်အား ကာကွယ်ကုသဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်းသုံးခုရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၃၃၄ ကောင်အား ကာကွယ်ကုသဆေး ထိုးနှံပေးခြင်း၊ ဆိတ် ၆၉၅ ကောင်အား ဆေးကုသ ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



❖ စာမျက်နှာ ၁၀ မှ

လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနကတော့ နေ့စဉ်နဲ့အမျှ ရောက်ရှိလာတဲ့ တိုင်တန်းစာတွေကိုဖတ်ရှုပြီး ဖြေရှင်းပေးခြင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် ဌာနများထံသို့ ဖြေရှင်းပေးနိုင်ရေး အကြောင်းကြားခြင်းများ ပြုလုပ်ပြီး အရေးကြီးတဲ့ ကိစ္စရပ်များကိုတော့ ကိုယ်တိုင်ကွင်းဆင်းစုံစမ်း စစ်ဆေးဖြေရှင်းမှုများ ဆောင်ရွက်ပေးရပါတယ်။ ဒါ့အပြင် အကျဉ်းထောင်များ၊ အကျဉ်းစခန်းများ၊ ရဲစခန်းအချုပ်ခန်းများ၊ တရားရုံးအချုပ်ခန်းများ၊ ဆေးရုံ အချုပ်ခန်းများကို ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများကို ကွင်းဆင်းပြီး လူ့အခွင့်အရေးနဲ့ သက်ဆိုင်တဲ့ နိုင်ငံတကာစံနှုန်းများနဲ့အညီ ထားရှိခြင်း ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးမှုတွေကိုလည်း ပြုလုပ်ရပါတယ်။ ဥပဒေရေးရာဌာန ကတော့ နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာဥပဒေများကို လေ့လာပြီး ပြည်တွင်းဥပဒေများနဲ့ လိုက်လျောညီထွေမှု ရှိ၊ မရှိ စိစစ်ပြီး လိုအပ်သလိုအကြံပြု ခြင်းများ ပြုလုပ်ရပါတယ်။ နိုင်ငံတကာဆက်ဆံရေးဌာနကတော့ ပြည်တွင်း သာမက ဒေသတွင်းနဲ့ နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများနဲ့ ဆက်သွယ်ဆက်ဆံမှုတွေ ပြုလုပ်ရပါတယ်။ ပြောခဲ့တဲ့ အဓိကဌာန လေးခုရဲ့ လုပ်ငန်းတာဝန်တွေ ဆောင်ရွက်နိုင်ဖို့အတွက် ကော်မရှင်ရုံးဖွင့်လှစ်ထားပြီး ဝန်ထမ်းများ ခန့်ထားဆောင်ရွက်ရတာဖြစ်တာမို့ ဝန်ထမ်းများအတွက် စီမံ ခန့်ခွဲရေးဆိုင်ရာလုပ်ငန်းများ၊ ငွေကြေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်စေ ရေးအတွက် စီမံရေးရာနှင့်ဘဏ္ဍာရေးဌာနဆိုပြီး ဌာနတစ်ခုကိုလည်း ဖွဲ့စည်း ထားရပါတယ်။ ဒီဌာန ငါးခုနဲ့ ကော်မရှင်ဟာ နိုင်ငံသားများရဲ့ လူ့အခွင့်အရေး မြှင့်တင်ရေးနဲ့ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါတယ်။

လူတွေရှိနေရင် လူ့အခွင့်အရေးချိုးဖောက်မှုဆိုတာက အနည်းနဲ့ အများရှိနေကြမှာဖြစ်တဲ့အတွက် တတ်နိုင်သလောက် လျော့နည်းသွားစေဖို့ စွမ်းအားရှိသလောက် ကြိုးပမ်းကြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ကော်မရှင် အနေနဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုဆိုင်ရာ သတင်းများရရှိတဲ့အခါ သို့မဟုတ် ကြားသိရတဲ့အခါ အမှုကိုလေ့လာပြီး ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်နယ်နဲ့ တိုင်းဒေသကြီးအစိုးရများထံ ညှိနှိုင်းအကြောင်းကြား ရပါတယ်။ အဲဒီအခါ ဆိုင်ရာဌာနများအနေနဲ့ ကော်မရှင်အပေါ် နားလည်မှု ရှိပြီး ပူးပေါင်းဆောင်ရွက်ပေးဖို့ အထူးအရေးကြီးပါကြောင်း တင်ပြလိုပါ တယ်။

**တွေ့ဆုံမေးမြန်း-မြင့်မောင်၊ ဇေယျာ**
**ဓာတ်ပုံ-နေဝင်းထွန်း**

# ဂုဏ်ထူးဆောင်ပါရဂူဘွဲ့များ ချီးမြှင့်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ယနေ့ကျင်းပသည့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)၏ (၂၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဂုဏ်ထူးဆောင်ပါရဂူဘွဲ့များကို အပ်နှင်းချီးမြှင့်ရာ ဆရာတော် ဘဒ္ဒန္တသဒ္ဓိယ၊ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့အား ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ (Doctor of Letter)၊ ဦးမြင့်သိန်းဖေ(ရုပ်ရှင်နှင့်ဓာတ်ပုံပညာရှင်)၊ ကောင်စီဝင်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များကောင်စီ၊ ဧည့်ပါမောက္ခ၊ ရုပ်ရှင်နှင့်ပြဇာတ်ပညာဌာနနှင့် ဦးမြင့်စံ၊ ပါမောက္ခ (ငြိမ်း) ပန်းပုပညာဌာန၊ ပညာရေးအဖွဲ့ဝင်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)တို့အား ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ (Doctor of Arts)ဘွဲ့များ ချီးမြှင့်အပ်နှင်းခဲ့သည်။

တက္ကသိုလ်မှ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့များ ပေးအပ်ချီးမြှင့်ရာတွင် တိုင်းကျိုးပြည်ပြုဆောင်ရွက်မှုတို့တွင် ထူးထူးခြားခြား စွမ်းစွမ်းတမံ ထင်ထင်ရှားရှား ဆောင်ရွက်ခြင်း၊ အနုပညာရပ်နယ်ပယ်တွင် ထူးချွန်ထက်မြက်ထင်ရှားခြင်း၊ မိမိဆောင်ရွက်လျက်ရှိသော အနုပညာရပ်နှင့်စပ်လျဉ်း၍ သင်ကြား၊ သုတေသနပြု၊ ပညာပြန့်ပွား၊ ပညာဖြန့်ဖြူးရေးတို့တွင် ကိုယ်တိုင်ပါဝင်၍ ထိထိရောက်ရောက် ထူးချွန်ပြောင်မြောက်စွာ ဆောင်ရွက်ခြင်း၊ အနုပညာရပ်နှင့်စပ်လျဉ်း၍ လူငယ်များ၏ အနုပညာအရည်အသွေးမြင့်မားရေး၊ ပညာရပ်မြင့်မားရေး၊ ယဉ်ကျေးသိမ်မွေ့ရေး၊ စာရိတ္တမြင့်မားရေးနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ တတ်မြောက်ရေးတို့အတွက် ပြုစုပျိုးထောင်ဆောင်ရွက်ရာ၌ အထူးအောင်မြင်ထင်ရှားကျော်ကြားသူဖြစ်ခြင်း၊ အနုပညာလုပ်ငန်းနှင့် အနုပညာလုပ်ငန်း အတွေ့အကြုံ နှစ်ကာလများစွာ ရှိသူဖြစ်ခြင်း၊ တက္ကသိုလ်အတွက်



စာတွေ့လက်တွေ့သင်ကြားပို့ချခြင်း၊ စာတမ်းများကြီးကြပ်ခြင်း၊ ကော်မတီဝင်များအဖြစ် ပါဝင်ဆောင်ရွက်ခြင်း၊ ပြည်တွင်း၊ ပြည်ပတွင် မိမိဆောင်ရွက်လျက်ရှိသော အနုပညာရပ်ဆိုင်ရာ သုတေသနနှင့်ပတ်သက်၍ ကျော်ကြားထင်ရှားအသိအမှတ်ပြုခံရခြင်း၊ မိမိဆောင်ရွက်လျက်ရှိသည့် အနုပညာရပ်နှင့်ပတ်သက်၍ နိုင်ငံတော်အဆင့်ချီးမြှင့်ထိုက်သူဖြစ်ခြင်း စသည့် အရည်အချင်းများပေါ်တွင် မူတည်၍ အမျိုးသားယဉ်ကျေးမှုနှင့် တက္ကသိုလ်များကောင်စီက ရွေးချယ်အပ်နှင်းချီးမြှင့်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၁၃ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀၁၆ စီး၊ သွင်းကုန် ၉၂၁ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၇ စီး၊ သွင်းကုန် ၁၃၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၃ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၁၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃ ဒသမ ၀၇၂ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၄၉၂ သန်းခန့်) စုစုပေါင်းတားဆီးမှု ၁၅ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅ ဒသမ ၅၆၄ သန်းခန့်)ကို သိမ်းဆည်းခဲ့ကြောင်း သိရသည်။

ထူးခြားသိမ်းဆည်းမှုအနေဖြင့် ဒီဇင်ဘာ ၁၃ ရက်တွင် မန္တလေးသို့ သွားရောက်မည့် Nissan၁၂ ဘီးယာဉ်တစ်စီးကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရားဝင် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ဟင်းချိုမှုန့်အိတ် ၆၉၀၊ ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀ ဒသမ ၇ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တောဆင်ရိုင်းတစ်ကောင် သတ်ဖြတ်ခံရ

**ပုသိမ် ဒီဇင်ဘာ ၁၄**

ပုသိမ်ခရိုင် ငပုတောမြို့နယ် ခရင်ဝါးချောင်းကျေးရွာအုပ်စု ဆူးပိတ်ချောင်းဖျားအနီးတွင် တောဆင်ရိုင်းတစ်ကောင် သတ်ဖြတ်ခံရကြောင်း သိရသည်။

ဒီဇင်ဘာ ၁၃ ရက် နံနက် ၈ နာရီခန့်က ငပုတောမြို့နယ် ခရင်ဝါးချောင်းကျေးရွာအုပ်စု ရာအိမ်မှူး ဦးဆင်ဝိုင်းက မိမိတို့ကျေးရွာအုပ်စုအနီး ဆူးပိတ်ချောင်းဖျားခွေးနက်ခွတွင် တောဆင်ရိုင်းတစ်ကောင် သတ်ဖြတ်ခံရကြောင်း အကြောင်းကြားသဖြင့် ငပုတောမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးသက်အောင်ခိုင်သည် သစ်တောရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ ဆင်ဆရာဝန် ဒေါက်တာဇော်မင်းဦးနှင့်အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖ အသိသက်သေများနှင့် FOW အဖွဲ့ဝင်များ ပူးပေါင်း၍ သွားရောက်စစ်ဆေးခဲ့ကြသည်။ အသတ်ခံရသော တောဆင်ရိုင်းမှာ ဟိုင်းဆင်အမျိုးအစား အထီးဖြစ်ပြီး အရပ် ရှစ်ပေခန့်ရှိသည်။ လွန်ခဲ့သော တစ်ပတ်ခန့်က သတ်ဖြတ်ခံရပြီး ၎င်း၏ခန္ဓာကိုယ်ဘယ်ဘက်ခြမ်း အရေခွံခွာ၊ နှာမောင်းအဖျား ဖြတ်ခံရကာ သေဆုံးရခြင်းဖြစ်သည်ဟု သိရသည်။

ထို့ကြောင့် ငပုတောမြို့နယ် တောင်ကလေးနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်ခင်မောင်ထွေးက တရားခံဖမ်းဆီးရမိရေးနှင့် ဒေသခံများအား မြန်မာ့တောဆင်ရိုင်းများ မျိုးသုဉ်းသတ်ဖြတ်ခံနေရမှုကို တားဆီးကာကွယ်ကြရန် အသိပညာပေးခြင်းများလည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။ **ပုသိမ်လှကြည်**

# အင်းဝဘဏ်လီမိတက်(သရက်ဘဏ်ခွဲ)ဖွင့်လှစ်

**သရက် ဒီဇင်ဘာ ၁၄**

အင်းဝဘဏ်လီမိတက်(သရက်ဘဏ်ခွဲ) ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၃ ရက် နံနက်ပိုင်းက အဆိုပါဘဏ်ခွဲပရိဝုဏ်တွင် ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူး၊ အင်းဝဘဏ်လီမိတက် အုပ်ချုပ်မှုဒါရိုက်တာနှင့် သရက်ခရိုင်



အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးတို့က နံနက် ၉ နာရီ ၃၆ မိနစ်တွင် အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းဗိုလ်ရှိန်က အင်းဝဘဏ်လီမိတက် (သရက်ဘဏ်ခွဲ) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ ဘဏ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ဖွင့်လှစ်လိုက်သော အင်းဝဘဏ်လီမိတက်(သရက်ဘဏ်ခွဲ)သည် အင်းဝဘဏ်လီမိတက်၏ ၄၅ ခုမြောက် ဘဏ်ခွဲဖြစ်ပြီး သရက်မြို့အမှတ် (၂) ဈေးရပ်ကွက် သံကြိုးလမ်းနှင့် ကုန်သည်လမ်းထောင့် အကွက်အမှတ် (၂၈၇/ ၄၄၇)တွင် ဖွင့်လှစ်ထားရှိကာ အပ်ငွေများ လက်ခံခြင်း၊ ငွေစုဘဏ်လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ငွေလွှဲလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ချေးငွေများ ထုတ်ချေးပေးခြင်း၊ ငွေပေးအမိန့်လွှာ (Payment Order)များ ထုတ်ပေးခြင်း၊ ဘဏ်အာမခံ (Bank Guarantee) အမျိုးမျိုးထုတ်ပေးခြင်း၊ Debit Card များ ထုတ်ပေးခြင်း စသည့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကို ဝန်ဆောင်မှုပေးသွားမည်ဖြစ်သည်။

အင်းဝဘဏ်လီမိတက်အနေဖြင့် ပြည်တွင်းငွေလွှဲဝန်ဆောင်မှုလုပ်ငန်းများအပြင် ငွေစုဘဏ်အပ်ငွေအပေါ် အတိုးနှုန်း ကိုးရာခိုင်နှုန်းနှင့် စာရင်းသေအပ်ငွေများအပေါ် ငွေစုဆောင်းသူများ၏ သဘောဆန္ဒအလျောက် စုဆောင်းသည့် အချိန်ကာလအပိုင်းအခြားအလိုက် မူတည်၍ ၁၀ ရာခိုင်နှုန်းအထိ အတိုးနှုန်းများ ပေးလျက်ရှိပြီး စီးပွားရေးလုပ်ငန်း မတည်ရင်းနှီးလုပ်ကိုင်လိုသူများအတွက် ချေးငွေများ ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ဆိုင်ကယ်တစ်စီး လမ်းဘေးထနောင်းပင်ဝင်တိုက် အမျိုးသားတစ်ဦး သေဆုံး

**ကျောက်ဆည် ဒီဇင်ဘာ ၁၄**

ကျောက်ဆည်-တံစိုးကားလမ်းဘေးတွင် ဒီဇင်ဘာ ၁၂ ရက် နံနက် ၂ နာရီက ဆိုင်ကယ်တစ်စီး လမ်းဘေးထနောင်းပင်အား ဝင်တိုက်ပြီး အမျိုးသားတစ်ဦး နေရာတွင် သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁၂ ရက် နံနက် ၂ နာရီတွင် တံစိုးကျေးရွာအနီး၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းရသဖြင့် ကျောက်ဆည်မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ ကျောက်ဆည်မြို့နယ် မင်းစုကျေးရွာနေ ကျောက်ဆည်ဆေးရုံကြီးတွင် ဓာတ်ခွဲခန်းမှူး တာဝန်ထမ်းဆောင်နေသည့် ဦးကိုကိုလေးသည် ၄၀ယ/---(New Feeling) အနက်ရောင်ဆိုင်ကယ်ဖြင့် ကျောက်ဆည်မှ မင်းစုသို့ တစ်ဦးတည်း ဆိုင်ကယ်စီးလာစဉ် တံစိုးကျေးရွာနားအရောက်တွင် အရှိန်မထိန်းနိုင်ဖြစ်ပြီး လမ်းဘေးထနောင်းပင်အား ဝင်တိုက်မိရာ ဒဏ်ရာများရရှိခဲ့ပြီး နေရာတွင် သေဆုံးမှုဖြစ်ပွားခဲ့သောကြောင့် ကျောက်ဆည်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ပြီး ကျောက်ဆည်မြို့မရဲစခန်းမှ ဦးကိုကိုလေးအား အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **သက်မောင်(ကျောက်ဆည်)**

# မြန်မာ့ဗိသုကာလက်ရာများပြပွဲ ခင်းကျင်းပြသမည်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

မြန်မာနိုင်ငံ ဗိသုကာအသင်းက ဦးစီးကျင်းပသော ဗိသုကာပြပွဲ (Architects' Fair 2017-18) ကို (၃၀၊ ၃၁ ဒီဇင်ဘာမှ ၁ ဇန်နဝါရီ ၂၀၁၈ ထိ)ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံတွင် ကျင်းပသွားမည်ဟု သိရသည်။

ပြည်သူ့အတွက် ဗိသုကာဟူသော ခေါင်းစဉ်ဖြင့် ဗိသုကာပညာရပ်နှင့် သက်ဆိုင်သည့် အခန်းကဏ္ဍများ၊ အများပြည်သူအတွက် ဝန်ဆောင်မှုပေးနေသည့် ဗိသုကာတို့၏ လုပ်ငန်းများကို ပြသမည့်ပြပွဲ ဖြစ်သည်ဟု မြန်မာနိုင်ငံ ဗိသုကာအသင်းမှ အဆိုပါ ပြပွဲဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ဆိုသည်။ မြန်မာနိုင်ငံရှိ ဗိသုကာများ ရေးဆွဲပုံထုတ်ခဲ့သည့် စီမံကိန်းများနှင့် ဒီဇိုင်းလက်ရာများ၊ နိုင်ငံတော်စီမံကိန်းများတွင် ပါဝင်ခဲ့သော ဗိသုကာလက်ရာများ၊ အများပြည်သူအတွက် ရည်ရွယ်သည့် စီမံကိန်းဒီဇိုင်းလက်ရာများ၊ မြန်မာနိုင်ငံ ဗိသုကာအသင်း၏ ပြကွက်များ၊ မြန်မာ့ဗိသုကာသမိုင်းဆိုင်ရာ ပြကွက်များနှင့် ခေတ်အဆက်ဆက် ထင်ရှားခဲ့သော မြန်မာဗိသုကာကြီးများ၏ လက်ရာ အဆောက်အအုံတို့၏ ဒီဇိုင်းပုံစံနှင့် ဓာတ်ပုံများကို ခင်းကျင်းပြသသွားမည်ဟု သိရသည်။




ဗိသုကာပညာရပ်နှင့် ဆက်စပ်နေသော အဖွဲ့အစည်းများဖြစ်သည့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း၊ ရန်ကုန်မြို့ပြ အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၊ မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများအသင်း စသည်တို့ကလည်း ပြပွဲတွင် ပူးပေါင်းပါဝင် ပြသသွားကြမည်ဟု သိရသည်။

ထို့ပြင် အမျိုးသားဇာတ်ရုံအတွင်း၌ ဗိသုကာပညာရပ်ဆိုင်ရာ ဟောပြောပွဲများ၊ သုတေသနစာတမ်းများ၊ အမျိုးသားစီမံကိန်းများနှင့် ပတ်သက်၍ ဆွေးနွေးပြောဆိုပွဲများ၊ ဗိသုကာပညာ၊ မြို့ပြစီမံကိန်းဆိုင်ရာ လုပ်ငန်းများ၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ တိုက်ရိုက် ဆွေးနွေးပြောဆိုချက်များ၊ ပြည်သူလူထု၏ ရှုမြင်သုံးသပ်ပုံ အတွေးအမြင်နှင့် သဘောထားများကို ဖလှယ်ဆွေးနွေးမည့် အစီအစဉ်များ နေ့စဉ်ပြုလုပ်သွားမည်ဟုလည်း သိရသည်။

ထိုသုံးရက်ကြာ ဗိသုကာပြပွဲတွင် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများ၊ ဆောက်လုပ်ရေး နည်းပညာသစ်များ၊ ခိုင်ခံ့မှုအပါအဝင် စက်မှုပိုင်း၊ လျှပ်စစ်နှင့် စွမ်းအင်ပိုင်း အစရှိသည့် ဆက်စပ်ပညာရပ်ဆိုင်ရာ ပညာရှင်များ၏ အခန်းကဏ္ဍနှင့် ဆောင်ရွက်နေမှုများကိုလည်း သက်ဆိုင်ရာ ပညာရှင်အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၊ ကုမ္ပဏီများက ပူးတွဲပြသသွားမည်ဟုသိရသည်။ ပွဲနောက်ဆုံးရက်တွင်လည်း ဗိသုကာများက စရိတ်သက်သာ လူနေအိမ်ဒီဇိုင်း၊ ဘုန်းတော်ကြီးကျောင်း၊ ဓမ္မာရုံ၊ ကိုယ်ထူကိုယ်ထ မူလတန်းစာသင်ကျောင်း အစရှိသည့် အဆောက်အအုံ ဒီဇိုင်းတို့ကို အများပြည်သူ အဆင်သင့်အသုံးပြု ဆောက်လုပ်နိုင်မည့် ပြည့်စုံသော ဆွဲပုံများ လှူဒါန်းမည်ဟု သိရသည်။ ရန်ကုန်မြို့တွင် ၂၀၁၂ ခုနှစ် မတ်လက ပထမအကြိမ် ကျင်းပခဲ့ပြီး ယခုဗိသုကာပြပွဲသည် ဒုတိယအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဖားကန့်တွင် တစ်ချိန်တည်း ပေါက်ကွဲမှု သုံးကြိမ်ဖြစ်

**ဖားကန့် ဒီဇင်ဘာ ၁၄**

ဖားကန့်မြို့ မြို့မရဲစခန်းအနီး၌ ဒီဇင်ဘာ ၁၃ ရက် ည ၁၁ နာရီခွဲ တစ်ချိန်တည်းတွင် ပေါက်ကွဲမှုသုံးကြိမ် ဖြစ်ပွားခဲ့ကြောင်း ယင်းဒေသခံများထံမှ သိရသည်။

ယင်းနေ့ညက ဖားကန့်မြို့မရဲစခန်း အနီးတစ်ဝိုက်ရှိ လမ်းသုံးနေရာတွင် ပေါက်ကွဲမှုသုံးကြိမ်ဖြစ်ပွားခဲ့ပြီး ပေါက်ကွဲမှုကြောင့် လူနှင့် တိရစ္ဆာန်ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းနှင့် ဖြစ်စဉ်အနီးတွင် ရဲတပ်ဖွဲ့မှ လုံခြုံရေးရယူ၍ ဆောင်ရွက်နေကြောင်း ကချင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ကချင်ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီး ဦးHလအောင်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် (ခ)ဦးဒိတ်နှင့် လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးအားတီယောဟန်တို့မှာလည်း ဖားကန့်ဒေသတွင် လူထုတွေ့ဆုံပွဲများ ကျင်းပရန် ရောက်ရှိနေသည့်အချိန် ဖြစ်သည်။

**မင်းမင်းဦး**

# စီးပွားရေး အခွင့်အလမ်းများ ရှာဖွေရန် မျှော်လင့်၊ သမ္မတမွန်း၏ တရုတ်ခရီးစဉ်တွင် လုပ်ငန်းရှင် ၃၀၀ ခန့်လိုက်ပါ



**ဆိုးလ် ဒီဇင်ဘာ ၁၄**
ယခုနှစ်အစောပိုင်းက သံတမန်ရေးတင်းမာမှုကြောင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်ခဲ့ရပြီးနောက် စီးပွားရေး အခွင့်အလမ်းသစ်များကို ရှာဖွေနိုင်ရန် မျှော်လင့်ချက်ဖြင့် တောင်ကိုရီးယား စီးပွားရေးလုပ်ငန်းရှင်ကြီး ၃၀၀ ခန့်သည် တရုတ်နိုင်ငံသို့ သွားရောက်သည့် သမ္မတမွန်းဂျေအန်နှင့်အတူ လိုက်ပါသွားခဲ့ကြကြောင်း ရိုက်တာသတင်းဌာနက ဒီဇင်ဘာ ၁၄ ရက်တွင် သတင်းထုတ်ပြန်သည်။

သမ္မတမွန်း၏ လေးရက်ကြာခရီးစဉ်သည် တရုတ်နိုင်ငံနှင့် ဆက်ဆံရေး ပြန်လည်နွေးထွေးလာစေနိုင်သော ခရီးစဉ်အဖြစ်ရှုမြင်ရပြီး ၎င်းနှင့်အတူ လိုက်ပါသွားသော တောင်ကိုရီးယား စီးပွားရေးလုပ်ငန်းရှင် ဦးရေမှာ ၃၀၀ ခန့်ရှိသဖြင့် တောင်ကိုးရီးယား ခေါင်းဆောင်တစ်ဦး၏ ပြည်ပခရီးစဉ်နှင့်အတူ လိုက်ပါသည့် ကိုယ်စားလှယ်အဖွဲ့များအနက် အကြီးဆုံးကိုယ်စားလှယ်အဖွဲ့ တစ်ဖွဲ့ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံသည် ယခုနှစ် အစောပိုင်းက တရုတ်နိုင်ငံ၏ ကန့်ကွက်မှုရှိနေသည့်ကြားမှ အမေရိကန် လုပ် THAAD ဒုံးခွင်းဒုံးစနစ်ကို ဖြန့်ကြက်ခဲ့ရာမှ သံတမန်ရေးတင်းမာမှုဖြစ်ပေါ်ခဲ့ရပြီး နှစ်နိုင်ငံကုန်သွယ်ရေးနှင့် စီးပွားရေးဆက်ဆံမှုပါ ထိခိုက်ခဲ့ရသည်။

တရုတ်နိုင်ငံသည် တောင်ကိုရီးယား၏ အကြီးဆုံးသော ကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး နှစ်နိုင်ငံစီးပွားရေးဆက်ဆံမှု ပြန်လည်တိုးတက်ရေးကို ကိုရီးယားစီးပွားရေးလုပ်ငန်းရှင်များက မျှော်လင့်အားထားသည့် ခရီးစဉ်အဖြစ် ရှုမြင်ကြသည်။

နှစ်နိုင်ငံ ဆက်ဆံရေးတင်းမာမှု၏ ဂယက်ရိုက်ခတ်မှုကို ပြင်းပြင်းထန်ထန် ခံစားခဲ့ကြရသော တောင်ကိုရီးယား ကုမ္ပဏီကြီးများတွင် လော်တီဂရု၊ အမိုရီပစိဖိတ်နှင့် အက်စ်အမ်ဖျော်ဖြေရေးကုမ္ပဏီတို့ ပါဝင်ကြပြီး ယခုခရီးစဉ်တွင် ယင်းကုမ္ပဏီများမှ အမှုဆောင်အရာရှိချုပ်များလည်း လိုက်ပါသွားကြောင်း သတင်းတွင်ဖော်ပြသည်။

မိမိတို့နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု၏ အခြေခံအုတ်မြစ်ကို စနစ်တကျတည်ဆောက်ရန် လိုအပ်ကြောင်း ပေကျင်း၌ ကျင်းပသော ဖိုရမ်ဆွေးနွေးပွဲတစ်ရပ်တွင် သမ္မတမွန်းက တရုတ်နှင့် တောင်ကိုရီးယားစီးပွားရေး လုပ်ငန်းရှင် ၅၀၀ ခန့်အား တိုက်တွန်းပြောကြားသည်။

သမ္မတမွန်းသည် ဒီဇင်ဘာ ၁၄ ရက်တွင် သမ္မတရှီကျင့်ဖျင်နှင့် ထိပ်သီးဆွေးနွေးပွဲ ပြုလုပ်မည်ဖြစ်ပြီး ကုန်သွယ်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ တစ်ရပ်ကို လက်မှတ်ရေးထိုးမည်ဟု မျှော်လင့်ရသည်။

**ရိုက်တာ**



# လိုင်အင်ဂျီ ပြောင်းထားသူများအား စစ်မှုထမ်းခွင့်ပြုရန် အမေရိကန် ဖက်ဒရယ်တရားသူကြီး ဆုံးဖြတ်

**ဝါရှင်တန် ဒီဇင်ဘာ ၁၄**
အမေရိကန်ပြည်ထောင်စု၌ လိင်အင်္ဂါပြောင်းထားသူများသည် ဇန်နဝါရီ ၁ ရက်မှအစပြု၍ တပ်မတော်တွင် တပ်သားသစ်များအဖြစ် ပါဝင်ခွင့်ရှိလိမ့်မည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ရေးသားဖော်ပြသည်။

လိင်အင်္ဂါပြောင်းထားသူများအား တပ်မတော်သို့ ဝင်ရောက်ခြင်းကို ဥပဒေနှင့်အညီ တရားဝင်တားမြစ်ပိတ်ပင်ပေးရန် သမ္မတဒေါ်နယ်ထရန့်က တရားရုံးတော်သို့ ဦးတိုက်လျှောက်ထားခဲ့မှုကို ဖက်ဒရယ်တရားသူကြီးတစ်ဦးက ပယ်ချလိုက်ပြီဖြစ်ရာ လိင်အင်္ဂါပြောင်းထားသူများ စစ်မှုထမ်းရန် လမ်းပွင့်သွားပြီဖြစ်သည်။

အမေရိကန် ဖက်ဒရယ်တရားသူကြီး ကော်လင်းကိုလာ၏ ဆုံးဖြတ်ချက်ကို လိုက်နာပါမည်ဟု အမေရိကန်၏ ကာကွယ်ရေးဌာနက ဝန်ခံခဲ့သည်။

လိင်အင်္ဂါပြောင်းထားသူများအား စစ်မှုထမ်းခွင့်ပိတ်ပင်သည့် အမိန့်ကို သမ္မတထရန့်က အာဏာသက်ဝင်ရန် လိုလားခဲ့ပြီး ယင်းသို့ဆောင်ရွက်နိုင်ရေးအတွက် တားဆီးပိတ်ပင်နေသည့် တရားရုံးအမိန့်တစ်ရပ်ကို ပြန်လည်ပယ်ဖျက်ပေးရန် အမေရိကန်အစိုးရက ပန်ကြားခဲ့သည်။

အစိုးရ၏ တားမြစ်ပိတ်ပင်ချက်ကို ရပ်ဆိုင်းပေးရန် တရားသူကြီးကိုလာက အောက်တိုဘာ ၃၀ တွင် အမိန့်ချမှတ်ခဲ့ပြီး တရားရုံးအမိန့်တစ်ရပ်ကို ပြန်လည်ပယ်ဖျက်ပေးရေး အမေရိကန်အစိုးရ၏ ပန်ကြားချက်ကို ၎င်းက ငြင်းဆိုသည်။

ဥပဒေအရ လူတိုင်းကိုတန်းတူညီမျှ အကာအကွယ်ပေးရန် လိုအပ်ပြီး အမေရိကန်အစိုးရ၏ ပန်ကြားချက်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ အာမခံချက်များအား ချိုးဖောက်ရာ ရောက်ဖွယ်ရှိသည်ဟု ဆိုသည်။

တရားရေးဌာနသည် ယင်းကိစ္စနှင့်ပတ်သက်၍ အခြားလုပ်ဆောင်နိုင်မည့်နည်းလမ်းများကို ပြန်လည်သုံးသပ်လျက်ရှိကြောင်း အိမ်ဖြူတော်က ပြောကြားသည်။

တရားရုံးတော်၏ အမိန့်များအတိုင်း မိမိတို့လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လိင်အင်္ဂါပြောင်းထားသူများ၏ စစ်မှုထမ်းခွင့် လျှောက်ထားမှုများကို ဇန်နဝါရီ ၁ ရက်မှစ၍ စိစစ်သည့်လုပ်ငန်းစဉ် စတင်ပြုလုပ်မည်ဖြစ်ကြောင်း ပင်တဂွန်က ထုတ်ပြန်ကြေညာသည်။

**ရိုက်တာ**

# ဂျပန်ဝန်ကြီးချုပ် အာဘေးနှင့် ကုလအတွင်းရေးမှူးချုပ်တို့ တွေ့ဆုံ

**ကျိုတို ဒီဇင်ဘာ ၁၄**
ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်တို့သည် ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ဒီဇင်ဘာ ၁၄ ရက်က တွေ့ဆုံခဲ့ပြီး ကိုရီးယားကျွန်းဆွယ်ဒေသအတွင်း တည်ငြိမ်အေးချမ်းမှု ရရှိနိုင်ရေးအတွက် နျူကလီးယားလက်နက် ပပျောက်မှုသည် အဓိကကျသောအချက်ပင်ဖြစ်ကြောင်း သဘောတူညီခဲ့ကြသည်။

ခေါင်းဆောင်နှစ်ဦး တွေ့ဆုံရာတွင် မြောက်ကိုရီးယား နျူကလီးယားအရေးအပါအဝင် အခြားသော ကိစ္စရပ်များနှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ကြသည်။ ပြုံယမ်းအပေါ် စီးပွားရေးပိတ်ဆို့သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဖြေရှင်းချက်ကို ပြည့်ဝစွာအကောင်အထည် ဖော်ဆောင်သင့်သည်ဟု ခေါင်းဆောင်နှစ်ဦးက သဘောတူညီခဲ့ကြသည်။

ထို့ပြင် ၁၉၇၀-၁၉၈၀ ပြည့်နှစ်များအတွင်း မြောက်ကိုရီးယား စုံထောက်များ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည့် ဂျပန်ပြည်သူများနှင့်ပတ်သက်ပြီး ဝန်ကြီးချုပ်ရှင်ဇိုအာဘေးနှင့် ကုလအတွင်းရေးမှူးချုပ်တို့က ဆွေးနွေးခဲ့ကြသည်။

ကမ္ဘာတစ်ဝန်း ဆင်းရဲမှုပပျောက်ရေးနှင့် ငတ်မွတ်ခေါင်းပါးမှုမရှိစေရေးအတွက် နိုင်ငံ့ခေါင်းဆောင်များ ချမှတ်ခဲ့သည့် ထောင်စုနှစ်ရည်မှန်းချက်များ အောင်မြင်စေရန် ဂျပန်နိုင်ငံအနေဖြင့် ကုလသမဂ္ဂအဖွဲ့နှင့် အနီးကပ်ပူးပေါင်းပါဝင်ဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက အတည်ပြုပြောကြားခဲ့သည်။

ကမ္ဘာတစ်ဝန်း ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် ဂျပန်နိုင်ငံအနေဖြင့် ကုလသမဂ္ဂအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက အလေးပေးပြောကြားခဲ့သည်။

ကိုရီးယားကျွန်းဆွယ်ဒေသအတွင်း နျူကလီးယားလက်နက်ပပျောက်ရေးအတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အလေးပေးလုပ်ဆောင်လျက်ရှိကြောင်းနှင့် ရည်မှန်းချက်အထမြောက်အောင်မြင်စေရန် ကုလသမဂ္ဂအဖွဲ့က ဂျပန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဂူတာရက်စ်က ပြန်လည်ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**



# ဆိုမာလီယာနိုင်ငံ မိုဂါဒစ်ရှူးရှိ ရဲသိပ္ပံကျောင်း၌ အကြမ်းဖက်တိုက်ခိုက်၊ ၁၃ ဦးထက်မနည်း သေဆုံး

**မိုဂါဒစ်ရှူး ဒီဇင်ဘာ ၁၄**
ဆိုမာလီယာနိုင်ငံ မြို့တော် မိုဂါဒစ်ရှူးရှိ ရဲသိပ္ပံကျောင်းတစ်ကျောင်း၌ ဒီဇင်ဘာ ၁၄ ရက် နံနက် အစောပိုင်းက အသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ သေဆုံးသူ ၁၃ ဦးထိ တိုးမြင့်လာခဲ့ကြောင်း၊ လူ ၁၅ ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ယနေ့ဆင်ဟွာ သတင်းတွင်ဖော်ပြသည်။

မိုဂါဒစ်ရှူးမြို့တော်ရှိ မဒီနာဆေးရုံသို့ သေဆုံးသူ ရုပ်အလောင်း ၁၃ လောင်းပို့ဆောင်ပေးခဲ့ရကြောင်း အေမင် လူနာတင်ယာဉ်လုပ်ငန်းမှ ညွှန်ကြားရေးမှူး အဘူကာဒီဟာ အဘက်ဒီယာမင်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ဒီဇင်ဘာ ၂၀ ရက်တွင် ကျင်းပမည့် ရဲတပ်ဖွဲ့နေ့ အခမ်းအနားအတွက် ဝတ်စုံပြည့် အစမ်းလေ့ကျင့်စဉ်အတွင်း အသေခံဗုံးဖောက်ခွဲသူတစ်ဦးက တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ဆိုမာလီရဲတပ်ဖွဲ့က ပြောကြားသည်။ အဆိုပါအသေခံ ဗုံးဖောက်ခွဲတိုက်ခိုက်မှုသည် ဒီဇင်ဘာ ၁၄ ရက် နံနက် ၇ နာရီခွဲတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

သေဆုံးသူများထဲတွင် အမျိုးသမီး ရဲအရာရှိများလည်း ပါဝင်သည်။ ယင်းဗုံးခွဲတိုက်ခိုက်မှုကို ၎င်းတို့ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း အယ်လ်ရှာဘက် စစ်သွေးကြွအဖွဲ့က ကြေညာခဲ့သည်။ ရဲအရာရှိ ၂၇ ဦး သေဆုံးခဲ့ကြောင်း ယင်းစစ်သွေးကြွအဖွဲ့က ပြောကြားသည်။

**ဆင်ဟွာ**

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

(ခခ) ထိုပုဂ္ဂိုလ်ကကုမ္ပဏီတွင် ပါဝင်သူအဖြစ်ဆောင်ရွက်ရန် သဘောတူကြောင်းနှင့်

(ဂဂ) ထိုပုဂ္ဂိုလ်သည် ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဖြစ်ကြောင်း။

**အပိုင်း (၃)**

**ကုမ္ပဏီ၏မတည်ငွေရင်းနှင့် စပ်လျဉ်းသည့် အစုရှယ်ယာများ၊ ယင်းနှင့်သက်ဆိုင်သည့် အကြောင်းအရာများ**

**အခန်း (၁၁)**

**အစုရှယ်ယာများနှင့် အခြားသော ငွေချေးသက်သေခံလက်မှတ်များ**

**အစုရှယ်ယာမတည်ငွေရင်း**

**အစုရှယ်ယာများနှင့် အခြားသောငွေချေးသက်သေခံလက်မှတ်များအကြောင်း**

၆၀။ (က) ကုမ္ပဏီတစ်ခုတွင် ပါဝင်သူတစ်ဦးဦး၏ အစုရှယ်ယာများ သို့မဟုတ် အခြားငွေချေး သက်သေခံလက်မှတ်များသည်ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို လိုက်နာလျက် ဤဥပဒေအရသော်လည်းကောင်း၊ အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အရသော် လည်းကောင်း ပြဋ္ဌာန်းထားသည့် သို့မဟုတ် ခွင့်ပြုထားသည့် နည်းလမ်းများနှင့်အညီ လွှဲပြောင်းနိုင်ခွင့်ရှိသည့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများ ဖြစ်စေရမည်။

(ခ) အစုရှယ်ယာတစ်ခုတွင်အမည်ခံတန်ဖိုး သို့မဟုတ် မူရင်းတန်ဖိုး တစ်ရပ်ပါရှိရန်မလို။

**အစုရှယ်ယာများနှင့်ဆက်စပ်ပါရှိသော အခွင့်အရေးများနှင့် လုပ်ပိုင်ခွင့်များ**

၆၁။ (က) ပုဒ်မခွဲ (ခ) နှင့်အညီ ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာတစ်ခုသည် အဆိုပါအစုရှယ်ယာအား ပိုင်ဆိုင်သူသို့ အောက်ပါအခွင့်အရေးများကို ရရှိစေရမည် -

(၁) ကုမ္ပဏီ၏ အစည်းအဝေးတစ်ခုတွင် ဆုံးဖြတ်ချက်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ဆန္ဒမဲကောက်ယူရာ၌ ဆန္ဒမဲတစ်မဲပေးနိုင်ခွင့်၊

(၂) အမြတ်ဝေစုခွဲဝေရာတွင် တူညီသည့်အချိုးအတိုင်းရရှိခွင့်နှင့်

(၃) ကုမ္ပဏီ၏ရရန်ပိုင်ခွင့်များအား ခွဲဝေပေးရာတွင် တူညီသည့်အချိုးအတိုင်းရရှိခွင့်။

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြထားသောအခွင့်အရေးများကို ကုမ္ပဏီ၏ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းတွင်ဖြစ်စေ၊ အစုရှယ်ယာများထုတ်ဝေခြင်းအတွက် သတ်မှတ်ထားသော စည်းကမ်းချက်များတွင်ဖြစ်စေ ငြင်းပယ်ခြင်း၊ ပြောင်းလဲပြင်ဆင်ခြင်း သို့မဟုတ် ဖြည့်စွက်ခြင်းများ ပြုလုပ်နိုင်သည်။

**ကုမ္ပဏီတစ်ခု၏အစုရှယ်ယာများနှင့် အခြားသောငွေချေးသက်သေခံလက်မှတ်များ အမျိုးအစားများ**

၆၂။ (က) အစုရှယ်ယာများနှင့် အခြားသော ငွေချေးသက်သေခံလက်မှတ်များအား ထုတ်ဝေရန်နှင့် အဆိုပါအစုရှယ်ယာများနှင့် အခြားသော ငွေချေးသက်သေခံလက်မှတ်များနှင့် စပ်လျဉ်းသည့် စည်းကမ်းချက်များအား သတ်မှတ်ရန်အတွက် ကုမ္ပဏီတစ်ခု၏ အခွင့်အာဏာများတွင် ဤဥပဒေအရဖြစ်စေ၊ အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရဖြစ်စေ၊ အစုရှယ်ယာထုတ်ဝေသည့် စည်းကမ်းချက်များအရဖြစ်စေ အောက်ပါအစုရှယ်ယာများကို ထုတ်ဝေနိုင်သည့် အခွင့်အာဏာများလည်း ပါဝင်သည် -

(၁) အစုရှယ်ယာအမျိုးအစားအမျိုးမျိုး၊

(၂) ပြန်လည်ရွေးနုတ်ရယူနိုင်သော အစုရှယ်ယာများ၊

(၃) မတည်ငွေရင်းခွဲဝေခြင်း သို့မဟုတ် ဝင်ငွေပေးဝေခြင်းနှင့် သက်ဆိုင်သောဦးစားပေး သို့မဟုတ် ကန့်သတ်ထားသည့် အခွင့်အရေးများပါရှိသော အစုရှယ်ယာများ၊

(၄) အထူးမဲပေးနိုင်သည့် သို့မဟုတ် ကန့်သတ်ချက် သို့မဟုတ် စည်းကမ်းချက် ထားရှိသော မဲပေးနိုင်သည့်အခွင့်အရေးများပါရှိသည့် အစုရှယ်ယာများနှင့်

(၅) မဲပေးနိုင်သည့် အခွင့်အရေးမပါရှိသော အစုရှယ်ယာများ။

(ခ) ဤဥပဒေအရဖြစ်စေ၊ အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရဖြစ်စေ၊ အစုရှယ်ယာထုတ်ဝေသည့် စည်းကမ်းချက်များအရဖြစ်စေ ကုမ္ပဏီသည် အောက်ပါတို့ကိုလည်း ထုတ်ဝေနိုင်သည် -

(၁) အစုရှယ်ယာရယူရန်အတွက် အော့ပ်ရှင်(option) များ၊

(၂) အစုရှယ်ယာများအဖြစ် ပြောင်းလဲနိုင်သည့် အခြားငွေချေးသက်သေခံလက်မှတ်များနှင့်

(၃) အခြားသောအကျိုးခံစားခွင့်များ။

**အစုရှယ်ယာ ထုတ်ဝေခြင်း**

၆၃။ (က) ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊ ဤဥပဒေနှင့် အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်တို့နှင့်အညီ ကုမ္ပဏီ၏ဒါရိုက်တာအဖွဲ့သည် အစုရှယ်ယာများ သို့မဟုတ် အခြားငွေချေး သက်သေခံလက်မှတ်များကို မည်သည့်အချိန်တွင်မဆို ဒါရိုက်တာအဖွဲ့ဝင်များက သင့်သည်ထင်မြင်သော စည်းကမ်းချက်များအားသတ်မှတ်၍ ပုဂ္ဂိုလ်တစ်ဦးဦးသို့ ထုတ်ဝေရောင်းချနိုင်သည်။

(ခ) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ အစုရှယ်ယာများကို အပြည့်အဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ ငွေပေးချေရန် ထုတ်ဝေရောင်းချနိုင်သည်။ အစုရှယ်ယာများကို တစ်စိတ်တစ်ဒေသအားဖြင့် ငွေပေးချေပြီး ထုတ်ဝေရောင်းချခဲ့လျှင် အစုရှယ်ယာထုတ်ဝေသည့်စည်းကမ်းချက်၌ မည်သည့်အချိန်တွင် ငွေပေးချေစေရန် တောင်းခံမည် ဖြစ်ကြောင်းနှင့် အစုရှယ်ယာရှင်သည် အဆိုပါတောင်းခံသည့် ငွေအားပေးချေရန် တာဝန်ရှိကြောင်း ဖော်ပြပါရှိစေရမည်။

(ဂ) ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ဒါရိုက်တာများသည် ကုမ္ပဏီ၏မတည်ငွေရင်းကို အစုရှယ်ယာများ ထပ်မံထုတ်ဝေရောင်းချခြင်းဖြင့် တိုးမြှင့်ရန်ဆုံးဖြတ်သည့်အခါ ကုမ္ပဏီတွင် ပါဝင်သူ တစ်ဦးစီကပိုင်ဆိုင်ထားသည့် လက်ရှိအစုရှယ်ယာအချိုးအစားအားဖြင့် မည်သည့်အစုရှယ်ယာအမျိုးအစားဖြစ်စေ အဆိုပါအစုရှယ်ယာများကို ၎င်းတို့မှ ဝယ်ယူကမ်းလှမ်းနိုင်ရန် ထည့်သွင်းဖော်ပြနိုင်သည်။

**ထုတ်ဝေသည့် အစုရှယ်ယာများအားတန်ဖိုးသတ်မှတ်ခြင်း**

၆၄။ (က) ထုတ်ဝေရောင်းချမည့် အစုရှယ်ယာများအတွက်တန်ဖိုးကို ဒါရိုက်တာအဖွဲ့မှ ဆုံးဖြတ်ထားသည့် နည်းလမ်းတစ်ရပ်ရပ်ဖြင့် သတ်မှတ်နိုင်သည်။

(ခ) အစုရှယ်ယာများ ထုတ်ဝေရောင်းချခြင်းအတွက် တန်ဖိုးသတ်မှတ်ခြင်းကို ငွေသားဖြင့်မပြုလုပ်ဘဲ အခြားတစ်ခုခုဖြင့် သတ်မှတ်ခဲ့ပါက ဒါရိုက်တာအဖွဲ့သည် -

(၁) ယင်းအား ပိုင်းခြားသတ်မှတ်နိုင်မည့် လုံလောက်သော အသေးစိတ်ဖော်ပြချက်များဖြင့် တန်ဖိုးသတ်မှတ်ခြင်းအား မှတ်တမ်းတင်ထားရှိရမည်။

(၂) ထုတ်ဝေရောင်းချခြင်းအတွက် တန်ဖိုးသတ်မှတ်မှုအား သင့်လျော်သော လက်ရှိငွေတန်ဖိုးဖြင့် ဆုံးဖြတ်ရမည်ဖြစ်ပြီး ထိုသို့သတ်မှတ်ဆောင်ရွက်မှုနှင့် အကဲဖြတ်မှု အခြေခံများကို မှတ်တမ်းတင်ထားရှိရမည်။ ၎င်းအပြင်

(၃) အောက်ပါအကြောင်းအရာများ ပေါ်ပေါက်ခြင်းဖြစ်သည်ဟု ဆုံးဖြတ်ချက်ချမှတ်ခဲ့လျှင် တန်ဖိုးသတ်မှတ်ခြင်းကို ဆောင်ရွက်နိုင်သည် -

(ကက) အစုရှယ်ယာများကို ထုတ်ဝေရောင်းချရန်အတွက် တန်ဖိုးသတ်မှတ်ချက်နှင့် စည်းကမ်းချက်များသည် ကုမ္ပဏီနှင့်ယင်းတွင် တည်ဆဲပါဝင်သူများအတွက် သင့်လျော်မျှတမှုရှိကြောင်း၊

(ခခ) အဆိုပါ တန်ဖိုးသတ်မှတ်မှု၏ လက်ရှိငွေတန်ဖိုးသည် အစုရှယ်ယာများအား ထုတ်ဝေရောင်းချခြင်း အတွက်ရရှိမည့် ဝင်ငွေပမာဏထက် မလျော့နည်းကြောင်း တွေ့ရှိရလျှင်။

(ဂ) အစုရှယ်ယာများထည့်ဝင်မှုနှင့် ထုတ်ဝေမှုအတွက် တန်ဖိုးကို ငွေသားဖြင့် မသတ်မှတ်ဘဲ အခြားတစ်ခုခုဖြင့် သတ်မှတ်ပါက ယင်းနှင့်စပ်လျဉ်း၍ ချုပ်ဆိုဆောင်ရွက်သည့် ပဋိညာဉ် စာချုပ်တစ်ရပ်ရပ်အတွက် သက်ဆိုင်ရာဥပဒေအရ တံဆိပ်ခေါင်းခွန်ကို ထမ်းဆောင်ရမည်ဖြစ်ပြီး ကုမ္ပဏီ၏စာရင်းစာအုပ်များနှင့် မှတ်တမ်းများတွင် ထိန်းသိမ်းထားရှိရမည်။

၆၅။ ပုဒ်မ ၆၄၊ ပုဒ်မခွဲ (ခ) ပါပြဋ္ဌာန်းချက်ကို လိုက်နာရန်ပျက်ကွက်သည့် ဒါရိုက်တာတစ်ဦးစီသည် ဒဏ်ကြေးငွေ ကျပ်နှစ်သိန်းငါးသောင်းကို ပေးဆောင်ရမည်။

**ငွေသားဖြင့်မပြုလုပ်ဘဲ တန်ဖိုးသတ်မှတ်ခြင်းနှင့် သက်ဆိုင်သည့် ခြွင်းချက်ကိစ္စရပ်များ**

၆၆။ ပုဒ်မ ၆၄ ၏ ပုဒ်မခွဲ (ခ) သည် အောက်ပါကိစ္စရပ်များနှင့် သက်ဆိုင်ခြင်းမရှိစေရ -

(က) ကုမ္ပဏီ၏ရှယ်ယာများကိုရယူရန် အော့ပ်ရှင် (option) တစ်ခုခုကို ကျင့်သုံးဆောင်ရွက်ခြင်း၊

(ခ) ကုမ္ပဏီ၌ အစုရှယ်ယာများအဖြစ်သို့ ပြောင်းလဲနိုင်သည့် အခြားငွေချေးသက်သေခံ လက်မှတ်များကို ပြောင်းလဲသတ်မှတ်ခြင်း၊

(ဂ) ကုမ္ပဏီ၏ သီးသန့်ဘဏ္ဍာငွေမှ အပြည့်အဝပေးချေထားသည့် အစုရှယ်ယာများကို တူညီသော အစုရှယ်ယာအမျိုးအစားအား ပိုင်ဆိုင်ထားသည့် ပါဝင်သူအားလုံးထံသို့ ၎င်းတို့၏ အစုရှယ်ယာအရေအတွက် အချိုးအစားဖြင့် အစုရှယ်ယာများအား ထုတ်ဝေရောင်းချခြင်း၊

(ဃ) ကုမ္ပဏီရှိ အစုရှယ်ယာများ သို့မဟုတ် အစုရှယ်ယာ အမျိုးအစားတစ်ရပ်ရပ်တို့အား အဆိုပါအစုရှယ်ယာများ သို့မဟုတ် အဆိုပါအမျိုးအစားရှိ အစုရှယ်ယာများနှင့် တူညီသည့် အချိုးအစားအားဖြင့် စုပေါင်းခြင်းနှင့် ပိုင်းခြားခြင်း၊

(င) ကုမ္ပဏီရှိ အစုရှယ်ယာများ သို့မဟုတ် အမျိုးအစားတစ်ရပ်ရပ်ရှိ အစုရှယ်ယာတို့အား အဆိုပါအစုရှယ်ယာများ သို့မဟုတ် အဆိုပါအမျိုးအစားရှိ အစုရှယ်ယာများနှင့် တူညီသည့် ရှယ်ယာအချိုးအစားအားဖြင့် ထပ်ဆင့်ပိုင်းခြားခြင်း။

**လဲလှယ်နိုင်သော ငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေခြင်းအတွက် တန်ဖိုးသတ်မှတ်ခြင်း**

၆၇။ (က) ကုမ္ပဏီ၏အစုရှယ်ယာများရယူရန်အတွက် အော့ပ်ရှင် (option) များ သို့မဟုတ် အခြားလဲလှယ်နိုင်သော ငွေချေးသက်သေခံလက်မှတ်များအား ထုတ်ဝေရောင်းချမည့်တန်ဖိုးကို ဒါရိုက်တာအဖွဲ့က ဆုံးဖြတ်ထားသည့် နည်းလမ်းတစ်ရပ်ရပ်ဖြင့် သတ်မှတ်နိုင်သည်။

(ခ) အော့ပ်ရှင် (option) များနှင့် လဲလှယ်နိုင်သော ငွေချေးသက်သေခံ လက်မှတ်များအတွက် သို့မဟုတ် အဆိုပါအော့ပ်ရှင် (option) များနှင့် လဲလှယ်နိုင်သော ငွေချေးသက်သေခံလက်မှတ်များဖြင့် နောင်တွင်လဲလှယ်မည့် သို့မဟုတ် ထုတ်ဝေမည့် အစုရှယ်ယာများအတွက် တန်ဖိုးသတ်မှတ်ခြင်းကို ငွေသားဖြင့် မပြုလုပ်ဘဲ အခြားတစ်ခုခုဖြင့် သတ်မှတ်ခဲ့ပါက ဒါရိုက်တာအဖွဲ့သည် -

(၁) ယင်းအား ပိုင်းခြားသတ်မှတ်နိုင်မည့် လုံလောက်သော အသေးစိတ်ဖော်ပြချက်များဖြင့် တန်ဖိုးသတ်မှတ်ခြင်းအား မှတ်တမ်းတင်ထားရှိရမည်။

(၂) အော့ပ်ရှင် (option) များ၊ လဲလှယ်နိုင်သော ငွေချေးသက်သေခံ လက်မှတ်များ၊ အဆိုပါ အော့ပ်ရှင် (option) များနှင့် လဲလှယ်နိုင်သော ငွေချေးသက်သေခံ လက်မှတ်များဖြင့် နောင်တွင်လဲလှယ်မည့် သို့မဟုတ် ထုတ်ဝေမည့် အစုရှယ်ယာများတို့အတွက် တန်ဖိုးသတ်မှတ်မှုအား သင့်လျော်သော လက်ရှိငွေတန်ဖိုးဖြင့် ဆုံးဖြတ်ရမည်ဖြစ်ပြီး ထိုသို့သတ်မှတ်ဆောင်ရွက်မှုနှင့် အကဲဖြတ်မှုအခြေခံများကို မှတ်တမ်းတင်ထားရှိရမည်။ ၎င်းအပြင်

(၃) အောက်ပါအကြောင်းအရာများ ပေါ်ပေါက်ခြင်းဖြစ်သည်ဟု ဆုံးဖြတ်ခဲ့လျှင် တန်ဖိုးသတ်မှတ်ခြင်းကို ဆောင်ရွက်နိုင်သည် -

(ကက) အော့ပ်ရှင်(option)များ သို့မဟုတ် အခြားလဲလှယ်နိုင်သော ငွေချေး သက်သေခံလက်မှတ်များ သို့မဟုတ် အဆိုပါ အော့ပ်ရှင် (option) နှင့် ငွေချေးသက်သေခံ လက်မှတ်များဖြင့် နောင်တွင်လဲလှယ်မည့် သို့မဟုတ် ထုတ်ဝေမည့် အစုရှယ်ယာတို့အတွက် တန်ဖိုးသတ်မှတ်ချက်များ၊ စည်းကမ်းချက်များသည် ကုမ္ပဏီနှင့် ယင်းကုမ္ပဏီတွင် တည်ဆဲပါဝင်သူများအတွက် သင့်လျော် မျှတမှုရှိကြောင်းနှင့်

(ခခ) အဆိုပါတန်ဖိုးသတ်မှတ်မှု၏ လက်ရှိငွေတန်ဖိုးသည် အော့ပ်ရှင်(option) များ သို့မဟုတ် အခြားလဲလှယ်နိုင်သော ငွေချေးသက်သေခံလက်မှတ်များ သို့မဟုတ် အစုရှယ်ယာများအား ထုတ်ဝေရောင်းချခြင်းအတွက် ရရှိမည့် ဝင်ငွေပမာဏထက် မလျော့နည်းကြောင်း။

(ဂ) အော့ပ်ရှင် (option) များ သို့မဟုတ် အခြားလဲလှယ်နိုင်သော ငွေချေးသက်သေခံ လက်မှတ်များထည့်ဝင်မှုနှင့် ထုတ်ဝေမှုအတွက် တန်ဖိုးကို ငွေသားဖြင့် မသတ်မှတ်ဘဲ အခြားတစ်ခုခုဖြင့် သတ်မှတ်ပါက ယင်းနှင့်စပ်လျဉ်း၍ ချုပ်ဆိုဆောင်ရွက်သည့် ပဋိညာဉ်စာချုပ်တစ်ရပ်ရပ်ကို သက်ဆိုင်ရာဥပဒေအရ တံဆိပ်ခေါင်းခွန်ကို ထမ်းဆောင်ရမည်ဖြစ်ပြီး ကုမ္ပဏီ၏ စာရင်းစာအုပ်များနှင့် မှတ်တမ်းများတွင် ထိန်းသိမ်းထားရှိရမည်။

၆၈။ ပုဒ်မ ၆၇၊ ပုဒ်မခွဲ (ခ) ပါပြဋ္ဌာန်းချက်ကိုလိုက်နာရန် ပျက်ကွက်သည့် ဒါရိုက်တာတစ်ဦးစီသည် ဒဏ်ကြေးငွေ ကျပ်နှစ်သိန်းငါးသောင်းကို ပေးဆောင်ရမည်။

၆၉။ တာဝန်ရှိမှုအားထိခိုက်စေမည့် အစုရှယ်ယာများထုတ်ဝေခြင်းတွင် သဘောတူညီချက်ရယူရန် အစုရှယ်ယာပိုင်ဆိုင်သူဖြစ်လာမည့်ပုဂ္ဂိုလ်မှ စာဖြင့်ရေးသား၍ ကြိုတင်သဘောတူညီထားခြင်းမရှိလျှင် ကုမ္ပဏီသည် လူပုဂ္ဂိုလ်တစ်ဦး၏တာဝန်ရှိမှုများကို ပိုမိုများပြားလာစေမည့် သို့မဟုတ် ၎င်းအပေါ်တွင် တာဝန်ရှိမှုတစ်ရပ်ရပ်ဖြစ်ပေါ်လာစေမည့် အစုရှယ်ယာ တစ်ခုခုအား ထုတ်ဝေခြင်းသည် ပျက်ပြယ်စေရမည်။

**အစုရှယ်ယာများအတွက် ပေးချေရမည့်ငွေပမာဏအသီးသီးအပေါ်တွင် ကုမ္ပဏီကစီစဉ်ဆောင်ရွက်နိုင်မည့် အခွင့်အာဏာ**

၇၀။ ကုမ္ပဏီတစ်ခုသည် ယင်း၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ အောက်ပါကိစ္စတစ်ရပ်ရပ်ကို ဖြစ်စေ၊ အားလုံးကိုဖြစ်စေ ဆောင်ရွက်နိုင်သည်-

(က) အစုရှယ်ယာများအတွက် ပေးချေရမည့်ငွေပမာဏနှင့် ပေးချေရမည့်အချိန်ကာလတို့ကို အစုရှယ်ယာ ပိုင်ရှင်များအကြား ခြားနား၍ အစုရှယ်ယာထုတ်ဝေမှုနှင့် သက်ဆိုင်သော စီစဉ်ဆောင်ရွက်မှုများကို ပြုလုပ်နိုင်သည်။

(ခ) အစုရှယ်ယာအတွက် ပေးချေရမည့်ငွေပမာဏတစ်စိတ်တစ်ဒေသကို ပေးချေရန်တောင်းဆိုခြင်း မပြုသော်လည်း အစုရှယ်ယာရှင်မှ ၎င်းပိုင်ဆိုင်ထားသည့် အစုရှယ်ယာအတွက် ပေးချေရန် ကျန်ရှိနေသော ငွေပမာဏအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပေးချေပါက လက်ခံနိုင်သည်။

(ဂ) အစုရှယ်ယာတစ်ခုစီအတွက် ပေးချေထားသည့် ငွေပမာဏ အချိုးအစားအလိုက် အမြတ်ငွေခွဲဝေမှုကို ပြုလုပ်နိုင်သည်။

**ငွေချေးသက်သေခံလက်မှတ်များထုတ်ဝေရန် အချိန်ကာလသတ်မှတ်ခြင်းနှင့် မှတ်တမ်းတင်ထားရှိခြင်း**

၇၁။ (က) အစုရှယ်ယာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များကို ထုတ်ဝေသည့်နေ့မှ ၂၁ ရက်အတွင်း ကုမ္ပဏီသည် -

(၁) ကုမ္ပဏီ၏ သက်ဆိုင်ရာမှတ်ပုံတင်စာရင်းတွင် ဖြည့်သွင်းဖော်ပြရမည်။ ၎င်းအပြင်

**ဆက်လက်ဖော်ပြပါမည်။**

# ရှမ်းပြည်နယ်၏အမြင့်ဆုံးတောင်ဖြစ်သည့် အရှေ့မြင်အနောက်မြင်တောင် (အမြင့်ပေ ၇၇၉၃) အားမိတ္ထီလာခြေလျင်တောင်တက်အဖွဲ့တက်ရောက်မည်



**မိတ္ထီလာ ဒီဇင်ဘာ ၁၄**
ရှမ်းပြည်နယ်တွင် အမြင့်ဆုံးတောင်ထိပ်တစ်ခုဖြစ်သည့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်အတွင်းမှ အရှေ့မြင် အနောက်မြင်တောင် (ပင်လယ်ရေမျက်နှာပြင်အထက် ၇၇၉၃ ပေ) အား ဒီဇင်ဘာ ၁၇ ရက်တွင် မိတ္ထီလာခြေလျင်နှင့် တောင်တက်အဖွဲ့ဝင်များ တက်ရောက်မည်ဖြစ်ကြောင်း ယင်းအဖွဲ့မှ သတင်းနှင့် ပြန်ကြားရေးတာဝန်ခံကိုထွန်းလွင်ထံမှ သိရသည်။

"ရှမ်းပြည်နယ်အတွင်းမှာ အမြင့်ဆုံးတောင်ထိပ်တစ်ခုဖြစ်တဲ့ ရွာငံမြို့နယ်အတွင်းက အရှေ့မြင် အနောက်မြင်တောင် (ပင်လယ်ရေ မျက်နှာပြင်အထက် ၇၇၉၃ ပေ) ကို ဒီဇင်ဘာ ၁၇ ရက်မှာ မိတ္ထီလာခြေလျင်နဲ့ တောင်တက်အဖွဲ့ဝင်တွေ တက်ရောက်သွားမှာဖြစ်ပါတယ်၊ ကျွန်တော်တို့ ခြေလျင်တောင်တက်အဖွဲ့အနေနဲ့ တောင်တက်ခရီးစဉ်တိုင်းမှာ ပါဝင်သူအားလုံးကို သဘာဝပတ်ဝန်းကျင်ကို မြတ်နိုးတန်ဖိုးထားဖို့၊ တက်ရောက်တဲ့ ဒေသက တောင်တက် ခရီးစဉ်မှာ တွေ့ရတဲ့ သဘာဝပတ်ဝန်းကျင် သစ်ပင်ပန်းမန်တွေကို လုံးဝခူးယူခြင်းမပြုဖို့နဲ့ ပျက်စီးအောင်ပြုမူခြင်းမပြုဖို့ တင်းတင်းကျပ်ကျပ်စည်းကမ်းချမှတ်ထားပါတယ်" ဟု အရှေ့မြင်အနောက်မြင်တောင် အားတက်ရောက်မည့် မိတ္ထီလာခြေလျင်နှင့် တောင်တက်အသင်းမှ သတင်းနှင့် ပြန်ကြားရေးတာဝန်ခံ ကိုထွန်းလွင်က ပြောသည်။

မိတ္ထီလာ ခြေလျင်တောင်တက်အဖွဲ့အနေဖြင့် လူငယ်များ တောင်တက်အားကစားနည်းကို စိတ်ဝင်စားလာပြီး မူးယစ်ဆေးဝါးအန္တရာယ်မှ ကင်းဝေးစေရေး၊ စုပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရေးတို့အတွက် တောင်တက်ခရီးစဉ်များကို တစ်နှစ် ငါးကြိမ်နှုန်းဖြင့် အမြင့်ပေ ၃၈၀၀ ကျော်မှ ပေ ၇၀၀၀ ကျော်တောင်များကို တက်ရောက်ခဲ့သည်။

ယခုနှစ်တွင် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်မကြီး၊ ကလောမြို့နယ် ဆင်တောင်၊ မြင်းမထိတောင်၊ မြစ်သားမြို့နယ် ပြက္ခရွေတောင်တို့ကို တက်ရောက်ခဲ့ပြီးဖြစ်ကာ ယခုအခါ ရှမ်းပြည်နယ်တွင် အမြင့်ဆုံးတောင်ထိပ်တစ်ခုဖြစ်သည့် အရှေ့မြင်အနောက်မြင်တောင်ကို ယခုနှစ်၏ နောက်ဆုံးတောင်တက်ခရီးစဉ် အဖြစ် တက်ရောက်ခြင်းဖြစ်သည်။ မိတ္ထီလာခြေလျင်တောင်တက်အဖွဲ့အနေဖြင့် အရှေ့မြင်အနောက်မြင်တောင်ကို တက်ရောက်ပြီးစီးပါက လာမည့်နှစ် ဇန်နဝါရီလထဲတွင် ကချင်ပြည်နယ် ပူတာအိုမြို့နယ်အတွင်းရှိ အမြင့်ပေ ၁၁၉၂၀ရှိသည့် ဖုန်ကန်ရာဇီ (ရေခဲတောင်ခရီးစဉ်) တောင်အား တက်ရောက်နိုင်ရေးအတွက် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

# ကြက်ခြေနီအသိပညာပြန့်ပွားရေး ဆွေးနွေးပွဲကျင်းပ

**မန္တလေး ဒီဇင်ဘာ ၁၄**
မြန်မာနိုင်ငံကြက်ခြေနီအသင်း ကြက်ခြေနီအသိပညာပြန့်ပွားရေး အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၃ ရက် နံနက် ၉ နာရီက ၆၅ လမ်း၊ ၃၁ လမ်းနှင့် ၃၂လမ်းကြားရှိ Golden Country Hotel ပထမထပ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် ကြက်ခြေနီလှုပ်ရှားမှုအကြောင်း၊ I.C.R.Cအခန်းကဏ္ဍ၊I.F.R.C အခန်းကဏ္ဍ၊ အမျိုးသားကြက်ခြေနီအသင်းတို့၏အခန်းကဏ္ဍ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးနှင့် လူမှုကရုဏာလုပ်ငန်းများ၊ အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားသည့် ဥပဒေအကြောင်းအရာများ၊ ရှေးဦးပြုစုခြင်းနှင့် အန္တရာယ်ကင်းရှင်းရေး၊ ကြက်ခြေနီတပ်ဖွဲ့အကြောင်း၊ ကြက်ခြေနီအခြေခံမူ (၇) ချက်အကြောင်း၊ ယာယီအမှုဆောင်အဖွဲ့ဖွဲ့စည်းပုံနှင့် အသင်းခွဲဖွံ့ဖြိုးတိုးတက်ရေးပုံစံများ၊ မိသားစုပြန်လည်ဆက်သွယ်ပေးရေးဌာနအကြောင်း၊ အန္တရာယ်ကင်းစွာသွားရောက်လုပ်ကိုင်ဆောင်ရွက်ခြင်းတို့ကို သုံးရက်ကြာ ဆွေးနွေးပေးသွားမည်ဖြစ်ကြောင်းသိရသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌကြီး ပါမောက္ခ ဒေါက်တာဒေါ်မြသူ၊ လူမှုကရုဏာလုပ်ငန်းဆိုင်ရာပြန်ကြားဆက်သွယ်ရေးဌာန ညွှန်ကြားရေးမှူး ဒေါ်ရွှေစင်ကျော်စိုးနှင့် တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနရုံး ညွှန်ကြားရေးမှူး ဦးကျော်ဝင်းနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာခင်သီလွင်နှင့် တိုင်းဒေသကြီးကြက်ခြေနီကြီးကြပ်မှုကော်မတီဝင်များ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) ပူးပေါင်းဆောင်ရွက်ရေးညှိနှိုင်းရေးမှူး ဦးအောင်မိုးကျော်နှင့် တာဝန်ရှိသူများ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ ကြက်ခြေနီကြီးကြပ်မှုကော်မတီများ ကြက်ခြေနီစေတနာ လုပ်အားရှင်များ၊ ဌာနဆိုင်ရာမှတာဝန်ရှိသူများ တက်ရောက် ကြသည်။

**ကျော်စိုးဦး(မန္တလေး)**

# ဓာတုဆိုးဆေးကင်းစင်သောဈေးများပေါ်ထွန်းရေး စုပေါင်းဆောင်ရွက်

**ချမ်းအေးသာစံ ဒီဇင်ဘာ ၁၄**
မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (မန္တလေးဌာနခွဲ)တို့ ပူးပေါင်း၍ ခွင့်မပြုဓာတုဆိုးဆေးကင်းစင်သော ဈေးများပေါ်ထွန်းလာစေရေးအသိပညာပေး လူထုလှုပ်ရှားမှုကို ဒီဇင်ဘာ ၁၃ ရက် နံနက် ၈ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ဈေးချိုတော်ဈေးနှင့် သားသတ်ဌာနခွဲ ဈေးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့် သားသတ်ဌာနဌာနမှူး ဦးခင်အောင်က ဆိုးဆေးကင်းစင်သော စားသောက်ကုန်များ ရောင်းချရေးလူထုလှုပ်ရှားမှုဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်ဇော်ဦးက အစားအသောက် ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများ အစားအသောက်တွင် သုံးစွဲရန်ခွင့်မပြုသော ဓာတုဆိုးဆေးများ လုံးဝအသုံးမပြုရန်နှင့် ဥပဒေအရ တားမြစ်ချက်များအား လည်းကောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (မန္တလေးဌာနခွဲ) ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာကျော်ကျော်က ဓာတုဆိုးဆေးများကြောင့် ရောဂါဖြစ်ပွားမှုများ၊ ဝယ်ယူစားသုံးသူများအားစားသောက်ကုန်များရောင်းချရာတွင် ဓာတုဆိုးဆေးအသုံးမပြုဘဲ သဘာဝအတိုင်းရောင်းချစေလိုကြောင်း၊ သဘာဝအရောင်အတိုင်းစားသုံးခြင်းဖြင့် ကျန်းမာရေးအကျိုးကျေးဇူးများနှင့် ဓာတုဆိုးဆေးပါသော အစားအစာများစားသုံးခြင်းကြောင့် ဆိုးကျိုးများကို ဟောပြောသည်။

ခွင့်မပြုဓာတုဆိုးဆေးပါ အစားအစာများစားသုံးခြင်းဖြင့် အစာအိမ်အူလမ်းကြောင်း ရောင်ရမ်းခြင်း၊ ပျို့ခြင်း၊ အန်ခြင်း၊ ဦးနှောက်အာရုံကြောထိုင်းမှိုင်းခြင်းစသော လတ်တလောဆိုးကျိုးများဖြစ်စေပြီး ခန္ဓာကိုယ်ကြီးထွားမှုကို ထိခိုက်ကာ အသည်းနှင့် ကျောက်ကပ်များပျက်စီးခြင်း၊ ကင်ဆာရောဂါများဖြစ်နိုင်သည်။ မြန်မာနိုင်ငံတွင် အများဆုံးတွေ့ရသော အစားအသောက်သုံးခွင့်မပြုဆိုးဆေးများမှာ Auramine O၊ Rhodamine B၊ Orange II တို့ဖြစ်သည်။

**သီဟကိုကို(မန္တလေး)**

# (၅၉)ကြိမ်မြောက် အမျိုးသားတံခွန်စိုက်ဆုဖလား BMX, Downhill & MTB XC စက်ဘီးစီးပြိုင်ပွဲ ဆုပေးပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၄**
Myan Shwe Pyi Tractors Limited, Myanmar C.P. Livestock Co.,Ltd, F&N Co.,Ltd (100 PLUS)နှင့် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် (၅၉) ကြိမ်မြောက် အမျိုးသားတံခွန်စိုက်ဆုဖလား Mountain Bike စက်ဘီးစီးပြိုင်ပွဲကို ဒီဇင်ဘာ ၁၄ ရက် နံနက် ၇ နာရီက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း ပြင်ပ ပတ်လမ်း၌ ကျင်းပသည်။

ပြိုင်ပွဲအပြီး ဆုပေးချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသား BMX (Beginner) ပြိုင်ပွဲ၊ BMX (Elite) ပြိုင်ပွဲ၊ Downhil (Beginner) ပြိုင်ပွဲ၊ Downhill (Elite) ပြိုင်ပွဲ၊ အမျိုးသမီး Mountain Bike ပြိုင်ပွဲ၊ အမျိုးသား (၂၅)နှစ်အောက် Mountain Bike ပြိုင်ပွဲ၊ အမျိုးသား (၂၅-၄၀) နှစ်အောက် Mountain Bike ပြိုင်ပွဲ၊ အမျိုးသား(၄၀) နှစ်အထက် Mountain Bike ပြိုင်ပွဲနှင့် အမျိုးသား Mountain Bike(Elite)ပြိုင်ပွဲ များတွင် ဆုရရှိသော အားကစားသမားများအား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမျိုးလှိုင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများ၊ Myanmar C.P. Livestock Co.,Ltdမှ ဒေါက်တာစိုးလွင်၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးများက ဆုများကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ အမျိုးသား Mountain Bike (Elite) ပြိုင်ပွဲတွင် ပထမဆုရရှိသော စောအယ်ခူးအား မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးအောင်ဝင်ထွန်းမှ ငွေကျပ် နှစ်သိန်းနှင့်အတူ စက်ဘီးစီးဖိနပ်အား ထပ်မံချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မောင်မောင်ဇော်**



# မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးတွင် ၄၂ ဦးမြောက် ကျောက်ကပ်အစားထိုးလဲလှယ်ကုသမှု အောင်မြင်

**မန္တလေး ဒီဇင်ဘာ ၁၄**
မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး ဆီးနှင့် ကျောက်ကပ်ခွဲစိတ်ကုဌာန၊ ဆေးတက္ကသိုလ်(မန္တလေး) နှလုံးခွဲစိတ်ကုပညာဌာန၊ မေ့ဆေးပညာဌာန၊ ရောဂါဗေဒတို့မှ ဆရာဝန်ကြီးများပူးပေါင်း၍ ၄၂ ဦးမြောက် ကျောက်ကပ် အစားထိုးလဲလှယ်ကုသမှုကို ဒီဇင်ဘာ ၁၃ ရက် နံနက် ၉ နာရီခွဲက မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးတွင် ဆောင်ရွက်ရာ နံနက် ၁၁ နာရီ ၃၅ မိနစ်တွင် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။

၄၂ ဦးမြောက် ကျောက်ကပ်အစားထိုးလဲလှယ်ကုသမှုတွင် ကျောက်ကပ်ပျက်စီး၍ ဆေးကုသမှုခံယူနေသော မောင်ဇော်ငယ်ချစ် အသက် ၂၉ နှစ်၏ ကျောက်ကပ်ကို အလှူရှင်၏ ကျောက်ကပ်နှင့် အစားထိုးလဲလှယ်ကုသပေးခဲ့သည်။

ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသရာတွင် မန္တလေးအထွေထွေရောဂါကုဆေးရုံ



ကြီး ဆေးရုံအုပ်ကြီး ဒေါက်တာတင်တင်မိုးက အနီးကပ်ကြီးကြပ်၍ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး ဆီးနှင့် ကျောက်ကပ်ခွဲစိတ်ကုဌာန ပါမောက္ခ၊ ဌာနမှူး ဒေါက်တာမင်းသူ၊ ပါမောက္ခဒေါက်တာ တင်မောင်လင်း၊ ပါမောက္ခ ဒေါက်တာ ထားကြည်ဆွေ၊ ကျောက်ကပ်အထူးကု ဆရာဝန်ကြီး ဒေါက်တာကျော်ဆန်းလင်း၊ ဆေးတက္ကသိုလ် (မန္တလေး) နှလုံးသွေးကြောခွဲစိတ်ကုပညာဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာခင်မောင်ထွေးတို့က ခွဲစိတ်ကုသပြီး ပါမောက္ခ ဒေါက်တာယဉ်စန္ဒာသိန်း၊ ပါမောက္ခ ဒေါက်တာမီမီသော်တို့က ကူညီပံ့ပိုးပေးခဲ့သည်။

မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး ဆီးနှင့်ကျောက်ကပ် ခွဲစိတ်ကုဌာနအနေဖြင့် ၂၀၀၁ ခုနှစ်မှ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်အထိ ကျောက်ကပ်ဝေဒနာရှင် ၄၂ ဦး အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့သည်။

ကျောက်ကပ်သည် ရေသောက်နည်းခြင်း၊ ဆီးအချိန်ကြာမြင့်စွာအောင့်ထားခြင်း၊ အရက်သေစာ အလွန်အကျွံသောက်သုံးခြင်း၊ သွေးတိုးနှင့် ဆီးချိုရောဂါဖြစ်ပွားရာမှ ကျောက်ကပ်ပျက်စီးခြင်းများ ဖြစ်ပေါ်တတ်ကြောင်းသိရသည်။

**မောင်ပြည့်သူ(မန္တလေး)**

## ကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်မှု ကွင်းဆင်းစစ်ဆေး

**ကျောက်တန်း ဒီဇင်ဘာ ၁၄**

ငါးလုပ်ငန်းဦးစီးဌာန တောင်ပိုင်းခရိုင်ဦးစီးမှူး၏ ဦးဆောင်ကြီးကြပ်လမ်းညွှန်မှုဖြင့် ကျောက်တန်းမြို့နယ် ငါးလုပ်ငန်းဦးစီးမှူးနှင့်အဖွဲ့သည် ကျောက်တန်းမြို့နယ် သောင်ကြီးကျေးရွာမှ ကျောက်တန်း-တံတားကားလမ်းမအထိ ကျေးရွာမြစိမ်းရောင်ရန်ပုံငွေဖြင့် မြေသားလမ်းဖောက်လုပ်ရန် ကျေးရွာမြစိမ်းရောင်ကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒီဇင်ဘာ ၁၂ ရက် မွန်းတည့် ၁၂ နာရီ က တွေ့ဆုံညှိနှိုင်းစစ်ဆေး၍ အတည်ပြုပေးခဲ့သည်။

ကျေးလက်နေရေလုပ်သားကြီးများအား ဘက်ထရီရှော့တိုက်ငါးဖမ်းခြင်းကို ရှောင်ကြဉ်ကြရန် ဟောပြောဆွေးနွေးအသိပညာပေးခဲ့ကြောင်းသိရသည်။ **အောင်ဆွေ (ရှွေတံတား)**

## ကော့မှူးမြို့နယ်တွင် လူထုဗဟိုပြုစီမံကိန်း ပညာပေးပြခန်းဖွင့်လှစ်

**ကော့မှူး ဒီဇင်ဘာ ၁၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သော လူထုဗဟိုပြုစီမံကိန်းအကြောင်း အများပြည်သူများ ပိုမိုသိရှိစေရန် ရည်ရွယ်၍ ကျင်းပသော ပညာပေးပြခန်းဖွင့်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ဘောလုံးကွင်း၌ ဒီဇင်ဘာ ၇ ရက် ညနေ ၅ နာရီက ကျင်းပခဲ့သည်။

အဆိုပါပညာပေးပြခန်းအား ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် ထဲထဲဝင်ဝင် ပိုမိုသိရှိနိုင်စေရန် ကျေးရွာလူထုနှင့် ထိတွေ့ဆက်ဆံမှု အားကောင်းလာကာ အပြန်အလှန်နားလည်မှုများ တိုးတက်ဖြစ်ထွန်းလာပြီး စီမံကိန်းတွင် ပူးပေါင်းပါဝင်မှု ပိုမိုအားကောင်းလာစေရန်နှင့် စီမံကိန်းအကြောင်း ထိထိရောက်ရောက် အသိပညာဖြန့်ပေးနိုင်စေရန်ရည်ရွယ်ပြီး ကျင်းပခဲ့ခြင်းဖြစ်သည်။

အဆိုပါ ပြခန်းသို့ လာရောက်လေ့လာကြသော ကော်မတီဝင်များနှင့် ကျေးရွာလူထုအား စီမံကိန်းနှင့် သက်ဆိုင်သော မေးခွန်းများ မေးမြန်းဖြေဆိုကာ စီမံကိန်း လက်ဆောင်ပစ္စည်းများ ပေးအပ်သွားခဲ့သည်။ အဆိုပါ ပြခန်းအား ဒီဇင်ဘာ ၇ ရက်မှ ၈ ရက်အထိ နှစ်ရက်တိုင်တိုင် ကျင်းပခဲ့ကြောင်း သိရသည်။ **ကော့မှူး (CDD)**

# ရေလုပ်သားများ ဘဝတိုးတက်မြင့်မားရေး ကမ်းနီးကမ်းဝေး ရေချိုငါးဖမ်းလုပ်ငန်း လိုင်စင်ရရှိရေး ဆွေးနွေး



**ဒလ ဒီဇင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်အတွင်းရှိ ရေချိုငါးဖမ်းလုပ်ငန်းဖြင့် အသက်မွေးမြူနေကြသော ငါးဖမ်းရေလုပ်သားပေါင်း ၆၅၀ ကျော်ရှိရာ တရားဝင် လုပ်ငန်းလိုင်စင်မရရှိ၍ ဆင်းရဲချို့တဲ့သော ရေလုပ်သားများစွာတို့မှာ ကမ်းနီးကမ်းဝေး ငါးဖမ်းရာတွင် အတားအဆီးအခက်အခဲ များစွာဖြင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း၊ ငါးဖမ်းလုပ်ငန်း လိုင်စင်မရရှိခြင်းကြောင့် နိုင်ငံတော်အနေဖြင့် အခွန်ဆုံးရှုံးမှုများလည်းရှိကြောင်း သိရသည်။

အမှတ် (၁) ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရင်က "မြန်မာနိုင်ငံ၌ ရေချိုငါးဖမ်းဥပဒေနှင့်ပတ်သက်၍ တရားဝင်ထုတ်ပြန်ထားပြီးသော်လည်း နည်းဥပဒေ မရှိသေးကြောင်း၊ ၁၉၉၅-၁၉၉၆ ခုနှစ်ကစတင်ပြီး ငါးလုပ်ငန်းနှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း တရားဝင်လိုင်စင်မထုတ်ပေးတော့ ကမ်းနီးကမ်းဝေး ရေလုပ်သားများစွာ အခက်အခဲတွေဖြစ်နေရပါတယ်၊ ကမ်းနီး ရေမိုင် သုံးမိုင်အတွင်းနှင့် ကမ်းဝေး ရေမိုင် ၂၀ ကျော်တို့၌ ငါးဖမ်းနေကြတဲ့သူတွေက တရားဝင် ငါးဖမ်းလိုင်စင်မရှိတဲ့အခါကျတော့ ခိုးဖမ်းတယ်၊ ငါးဦးစီးဌာနမှ ဖမ်းလို့မိရင်ထောင်ကျတယ်၊ နိုင်ငံတော်ပိုင်အဖြစ်သိမ်းတယ်၊ ဒါကို နည်းဥပဒေတစ်ခု ပြဋ္ဌာန်းလိုက်ရင် ပြည်သူလူထုတွေရဲ့ တရားဝင် ငါးဖမ်းခွင့်လည်းရမယ်၊ နိုင်ငံတော်အတွက် အခွန်ကို ထမ်းဆောင်ခွင့်ရမယ်၊ ရေလုပ်သားတွေရဲ့ ကုန်ထုတ်စွမ်းအားတွေလည်း တိုးတက်မြင့်မားလာနိုင်မှာပဲဖြစ်တယ်" ဟု ပြောကြားခဲ့သည်။

အမှတ် (၂) ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထွေးတင်က "ရေချိုငါးဖမ်းလုပ်သား ၂၅၀ ကျော်ရှိသော ခနောင်မီးခြစ်စက်ကျေးရွာ၌ ကမ်းနီးကမ်းဝေး ငါးဖမ်းရာတွင် တစ်နေ့ကို ပိသာချိန် ၆၀၀ ကျော်ခန့်ရရှိရာ၊ တစ်လကို ပိသာချိန် ၁၈၇၅၀ ကျော်ခန့်ရှိပြီး၊ တစ်နှစ်လျှင် ပိသာချိန်ပေါင်း ၂၂၅၀၀၀ ခန့်ထွက်ရှိသောကြောင့် အဆိုပါ ရေလုပ်သားများအနေဖြင့် ငါးဖမ်းခွင့်လုပ်ငန်း လိုင်စင်မရှိခြင်းတို့ကြောင့် ပင်လယ်ပြင်တွင် ရေလုပ်ငန်းဖြင့် အသက်မွေးနေကြသော ဒေသခံပြည်သူများစွာတို့က တရားဝင် အခွန်ပေးဆောင်ထားသော သင်္ဘောကြီးများ၏ အတားအဆီးနှင့် ငါးဖမ်းရာတွင် မျှောပိုက်(ငါးဖမ်းပိုက်) များစွာတို့မှာ ကျောက်များဖြင့် ငြိခြင်းတို့ကြောင့် ပျက်စီးဆုံးရှုံးမှုများရှိ၍၊ ရေလုပ်သားတွေရဲ့ ဘဝတိုးတက် မြင့်မားစေရေးအတွက် ငါးဖမ်းခွင့်လုပ်ငန်းလိုင်စင်ဖြင့် ဥပဒေအရ ထိန်းသိမ်းပေးနိုင်မှာဖြစ်ပါတယ်၊ ကုန်ထုတ် စွမ်းအားဖြင့် အထောက်အပံ့ပေးနေကြတဲ့ ရေလုပ်သားများစွာလည်း နိုင်ငံတော်အတွက် အခွန်ပေး ဆောင်နိုင်မှာပါ၊ နောက်ပိုင်း နှစ်တို၊ နှစ်ရှည် စီမံကိန်းများဖြင့် ချေးငွေထုတ်ချေးပေးပါက ရေလုပ်သားများ၏ဘဝ တိုးတက်မြင့်မားနိုင်လာမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

ရေလုပ်သားများ၏ ဘဝတိုးတက်မြင့်မားစေရေးနှင့် ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းခြင်းလုပ်ငန်း လိုင်စင်ရရှိစေရေးတို့ကို ဒီဇင်ဘာ ၁၂ ရက် နံနက် ၁၀ နာရီက ခနောင်မီးခြစ်စက်ကျေးရွာရှိ ရေချိုငါးဖမ်း လုပ်သား ၂၅၀ ကျော်တို့အားလည်းကောင်း၊ ညနေ ၃ နာရီက တုံတင်ဂံ(တောင်)အုပ်စု သက္ကယ်ကွင်း ကျေးရွာနှင့် ရေတံခါးကျေးရွာတို့ရှိ ရေလုပ်သားပေါင်း ၄၀၀ ကျော်စုစုပေါင်းရေလုပ်သားပေါင်း ၆၅၀ ကျော်ရှိ ဒေသခံငါးဖမ်းရေလုပ်သားများနှင့် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်၊ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး အမှတ် (၁) လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရင်၊ အမှတ် (၂) လွှတ်တော်ကိုယ်စားလှယ် ဦးထွေးတင်တို့က ရေလုပ်သားများ၏ အခက်အခဲများနှင့် ငါးဖမ်းလုပ်ငန်းလိုင်စင်ရရှိစေရေးတို့အတွက် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။ **နိုင်လင်းကျော်(ဒလ)**

## မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေနှင့်စပ်လျဉ်း မိတ်ဆက်ရှင်းလင်း

**ရန်ကုန် ဒီဇင်ဘာ ၁၄**

၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်-၂၉ ဖြင့် ပြဋ္ဌာန်းခဲ့သည့် မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေနှင့် ပတ်သက်၍ မိတ်ဆက်ရှင်းလင်းခြင်းကို ဒီဇင်ဘာ ၁၃ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ Melia Hotel ၌ ပြုလုပ်သည်။



"အရင်သုံးခဲ့တဲ့ ဥပဒေက ၁၉၁၄ ခုနှစ်ကတည်းကရှိခဲ့တဲ့ ဥပဒေ၊ အခု ပြီးခဲ့တဲ့ ဒီဇင်ဘာ ၆ ရက် အတည်ပြုလိုက်တဲ့ ဥပဒေက အသစ်ဖြစ်လာပြီ၊ ဥပဒေအသစ်ဖြစ်လာရင် ချက်ချင်းကျင့်သုံးလို့မရသေးတဲ့ အခြေအနေရှိပါတယ်၊ ၂၀၁၈ ခုနှစ် ဩဂုတ် ၁ ရက်ကျလို့ရှိရင် ဒီဥပဒေ အသက်ဝင်ကျင့်သုံးလို့ရအောင် အခုအသစ်ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေရဲ့ အခြေအနေကို ရှင်းလင်းတဲ့ မိတ်ဆက်ပွဲဖြစ်တယ်" ဟု ကုမ္ပဏီရေးရာဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးမျိုးမင်းက ပြောသည်။

အဆိုပါ အခမ်းအနားတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးနှင့် ADB ၏ ဒါရိုက်တာ Mr.Kelly Bird တို့က အဖွင့်အမှာစကားပြောကြားပြီး ADB ကျွမ်းကျင်သူ Ms. Melinda Thet Tun က အသစ်ပြဋ္ဌာန်းသော ကုမ္ပဏီဥပဒေ၏ ထူးခြားချက်များ၊ အီလက်ထရွန်းနစ် မှတ်ပုံတင်စနစ်တည်ထောင်မည့်အခြေအနေများ၊ ဥပဒေအကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ADB ၏ နည်းပညာပံ့ပိုးကူညီမှု အခြေအနေနှင့် ဥပဒေကျင့်သုံးဆောင်ရွက်နိုင်ရန် အချိန်ကာလ လျာထားမှုများကို Ms.Sophie Nguyen က ရှင်းလင်းဆွေးနွေးကြသည်။

မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပြဋ္ဌာန်းပြီးဖြစ်သော်လည်း ကျင့်သုံးဆောင်ရွက်ရသည့် အပိုင်းတွင် လိုအပ်သောပြင်ဆင်မှုများ၊ ပုံစံသတ်မှတ်ချက်များ၊ ပညာပေးဆွေးနွေးမှု အစီအစဉ်များနှင့် အီလက်ထရွန်းနစ်နည်း ပြောင်းလဲမှုအခြေအနေများကို ပြင်ဆင်ရန် ကျန်ရှိနေခြင်းကြောင့် ၂၀၁၈ ခုနှစ် ဇူလိုင်လကုန်အထိ ပြင်ဆင်မှု ကာလတစ်ခုသတ်မှတ်ထားကြောင်း ယင်းနောက်တွင်မှသာ ဥပဒေသစ်၏ အာဏာသက်ရောက်မှုနှင့် အတူ ကုမ္ပဏီမှတ်ပုံတင်လုပ်ငန်းများကို ဥပဒေအသစ်နှင့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း အဆိုပါ အခမ်းအနားမှ သိရသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက "ဒီဥပဒေအသစ်က ကုမ္ပဏီထောင်ရတာလွယ်သွားတယ်၊ ကန့်သတ်ချက်တွေ အများကြီးကို ဖြေလျှော့ပေးလိုက်တယ်၊ အွန်လိုင်းကနေ မှတ်ပုံတင်လို့ရတယ်၊ အဲဒီတော့ ငွေကြေးအများကြီးမကုန်ဘဲ လွယ်လွယ်ကူကူနဲ့ မြန်မြန်ဆန်ဆန် ကုမ္ပဏီထောင်လို့ရသွားမယ်၊ ကုမ္ပဏီမထောင်ဘဲနဲ့ လုပ်နေတဲ့ ကုမ္ပဏီလေးတွေက ကုမ္ပဏီတစ်ခုရတဲ့ အခွင့်အရေးကို သူတို့ရသွားမယ်၊ သူတို့အတွက် အများကြီးကောင်းသွားမယ်" ဟု ပြောသည်။

အဆိုပါ ရှင်းလင်းပွဲကို ဥပဒေအကြံပေးအဖွဲ့ Asian Development Bank(ADB) နှင့် အတူ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ဦးဆောင်ကျင်းပခြင်းဖြစ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့သည်။ **သီသီမင်း**

## တရားမဝင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ဩစတြေးလျ နယ်စပ်တပ်ဖွဲ့နှင့်မြန်မာ အကောက်ခွန်ဌာနတို့ လက်မှတ်ရေးထိုး

**ရန်ကုန် ဒီဇင်ဘာ ၁၄**

တရားမဝင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက် ဩစတြေးလျ နယ်စပ်တပ်ဖွဲ့ (ABF) နှင့် မြန်မာ့အကောက်ခွန်ဌာန (MCD) တို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းကို ဒီဇင်ဘာ ၁၂ ရက် ညနေ ၃ နာရီက ရန်ကုန်မြို့ အကောက်ခွန်ဦးစီးဌာနရုံးချုပ်၌ ကျင်းပခဲ့သည်။

အဆိုပါ နှစ်နိုင်ငံ အဖွဲ့အစည်းနှစ်ခုအကြား တရားမဝင်မူးယစ်ဆေးဝါးများ မှောင်ခိုကူးခြင်း၊ အကောက်ခွန်နှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေများချိုးဖောက်မှုများကို စုံစမ်းထောက်လှမ်းရန်၊ ဟန့်တားရန်နှင့် ကာကွယ်တားဆီးရန်အတွက် သမိုင်းဝင် သတင်းအချက်အလက်မျှဝေ ရေးဆိုင်ရာနားလည်မှု စာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းသို့ လက်မှတ်ရေးထိုးနိုင်ခြင်းသည် မဲခေါင်ဒေသဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် နယ်စပ် ကာကွယ်စောင့်ရှောက်ရေး (DIBP) နှင့် မြန်မာ့အကောက်ခွန်တို့အကြား ပထမဆုံး ရေးထိုးသည့် နားလည်မှုစာချွန်လွှာဖြစ်ပြီး အဖွဲ့အစည်းနှစ်ခုအကြား ဆက်ဆံရေးတွင် သိသာထင်ရှားသည့် မှတ်တိုင်တစ်ခုအဖြစ် ကိုယ်စားပြု၍ ဒေသအတွင်း တရားမဝင် မူးယစ်ဆေးဝါးများနှင့် အစပျိုးစမ်းသပ်ပစ္စည်းများအား တိုက်ဖျက်ရာတွင် အတူလုပ်ဆောင်နိုင်ရေး အနာဂတ်မူဘောင်တစ်ရပ်ဖြစ်ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ဩစတြေးလျနိုင်ငံသည် မြန်မာ့အကောက်ခွန်ဌာန၏ ခေတ်မီတိုးတက်ရေးလုပ်ငန်းစဉ်နှင့်ဒေသတွင်း တရားမဝင် မူးယစ်ဆေးဝါးများ မှောင်ခိုကူးခြင်းကို စုံစမ်းထောက်လှမ်းတားဆီးရေးအတွက် အခိုင်အမာ အားပေးထောက်ခံလျက်ရှိပြီး နားလည်မှု စာချွန်လွှာလက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် မူးယစ်ဆေးဝါး စမ်းသပ်သည့် ပစ္စည်းများနှင့် မိုဘိုင်းနည်းပညာဆိုင်ရာ ပစ္စည်းများကို မြန်မာ့အကောက်ခွန်ဌာနသို့ လက်ဆောင်အဖြစ်ပေးအပ်ခဲ့ရာ အဆိုပါ ပစ္စည်းကိရိယာများသည် သံသယရှိသည့် ကုန်စည်များတွင် တရားမဝင် မူးယစ်ဆေးဝါးများကို စစ်ဆေးရာတွင် စွမ်းဆောင်ရည် ပိုမိုကောင်းမွန်စေမည်ဖြစ်ပြီး မိုဘိုင်းနည်းပညာဆိုင်ရာ ပစ္စည်းများသည် ရန်ကုန်ဆိပ်ကမ်းကဲ့သို့သော လုပ်ငန်းဆောင်ရွက်ရသည့် ပတ်ဝန်းကျင်များတွင် ပိုမိုထိရောက်စွာ ဆက်သွယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့မိတ်ဖက်ဆောင်ရွက်မှုသည် DIBP နှင့် အခြားသော တားဆီးနှိမ်နင်းရေးအဖွဲ့များ အကောက်ခွန်နှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အဖွဲ့အစည်းများကြား ထူထောင်ထားသည့် အပြန်အလှန်အကျိုးရှိမည့် ဆက်ဆံရေးများကို ကောင်းမွန်စေမည်ဖြစ်သည်။ အဆိုပါ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲသို့ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်နှင့် မဲခေါင်ဒေသဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် နယ်စပ်ကာကွယ်စောင့်ရှောက်ရေး (DIBP) ညွှန်ကြားရေးမှူး မစ္စတာဒေးဗစ်နက်စ်တို့က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မဲခေါင်ဒေသဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် နယ်စပ်ကာကွယ်စောင့်ရှောက်ရေး (DIBP) ညွှန်ကြားရေးမှူး မစ္စတာ ဒေးဗစ်နက်စ်နှင့် မြန်မာ့အကောက်ခွန်ဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဆန်းထွန်းတို့က နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။ **ဆုနှင်းလှဲ့**

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*



# ဥပဒေရွှေရတုခရီးမိတ်ဆက်

မောင်စာဂ

စာရေးသူသည် ဥပဒေပညာကို ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ် ဥပဒေဌာန၌ ၁၉၆၇ ခုနှစ်က စ၍ သင်ယူခဲ့သည်။ ၁၉၇၁ ခုနှစ်တွင် ဥပဒေ (ဝိဇ္ဇာ)ဘွဲ့ရရှိပြီး ၁၉၇၂ ခုနှစ်တွင် ဥပဒေဘွဲ့ရရှိခဲ့သည်။ ဥပဒေဘွဲ့ရရှိပြီးသည့်နောက်တွင် ဥပဒေပညာဖြင့် ပြည်သူနှင့် နိုင်ငံတော်ကို အလုပ်အကျွေးပြုရင်း ခရီးချီလာခဲ့သည်။ ၂၀၁၇ ခုနှစ်သို့ ရောက်ရှိနေပြီ။ နှစ် (၅၀) တင်းတင်းပြည့်ခဲ့ပြီ။ နှစ် (၅၀) ဆိုလျှင် ရွှေရတုဟု သတ်မှတ်ကြသည်။ ဥပဒေရွှေရတု ခရီးလမ်းတွင် ဖြတ်သန်းခဲ့ရသည့် ဥပဒေအတွေ့အကြုံများကို မျှဝေပါရစေ။

**အခွင့်အလမ်းကောင်းနှင့် ကြုံခဲ့ရသည်**

ဥပဒေပညာသင်ယူသည့် ငါးနှစ်တာကာလအတွင်း ဥပဒေဌာန ပါမောက္ခဦးလှအောင် (နောင်တွင်ရှေ့နေချုပ်)၊ ကထိကများဖြစ်ကြသော ဆရာမကြီး ဒေါ်ကျင်သန်း၊ ဒေါ်ခင်ခင်သီ၊ ဒေါ်မေမျိုးငွေ၊ ဒေါ်သန်းနွဲ့ (နောင်တွင် ဥပဒေပါမောက္ခ)နှင့်ဆရာကြီးဦးခိုင်တို့၏ သင်ကြားပို့ချမှုကို နာယူခဲ့ရသည်။ အချိန်ပိုင်းကထိက ဆရာကြီးများဖြစ်ကြသော ဦးချန်ထွန်းအောင် (ဝတ်လုံတော်ရ၊ တရားရုံးချုပ်တရားသူကြီး၊ ငြိမ်း)၊ ဦးချွန်ဖောင်း (ဝတ်လုံတော်ရ၊ ရှေ့နေချုပ်၊ ငြိမ်း)၊ ဦးမြသိန်း (ဝတ်လုံတော်ရ၊ တရားရုံးချုပ်တရားသူကြီး၊ ငြိမ်း)၊ ဦးအောင်ရှိန်ဝမ်(ဝတ်လုံတော်ရ)၊ ဆရာဦးမြင့်စိုး (ဝတ်လုံတော်ရ)၊ လက်ထောက်နိုင်ငံတော်ရှေ့နေချုပ် ဦးမျိုးထွန်းလင်း(နောင်တွင် တရားရုံးချုပ်တရားသူကြီး)၊ ဒေါက်တာကျော်ရင် (ဗဟိုလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ အတွင်းရေးမှူး)၊ လက်ထောက်နိုင်ငံတော်ရှေ့နေချုပ် ဦးထွန်းရွှေ၊ ဒေါက်တာကျင်စိုးစသော ဥပဒေပညာရှင်ကြီးများ၊ ရှေ့နေကြီးများ၏ သင်ကြားမှုကို နာယူခဲ့ရသည်။

လုပ်ငန်းခွင်မဝင်မီ အချိန်ကပင် ရာထူးကြီးကြီးများတွင် တာဝန်ထမ်းဆောင်ခဲ့သော၊ တာဝန်ထမ်းဆောင်နေသော ဆရာကြီးများ၏ သင်ကြားပို့ချမှုကို ရယူနိုင်ခဲ့သည့်အတွက် ကြီးမားသော အခွင့်အလမ်းကောင်းတစ်ရပ်နှင့်ကြုံခဲ့ရသည်ဟူ၍ ပြန်လည်မြင်ယောင်မိသည်။

**သင်ယူရင်း လက်တွေ့လေ့လာ**

ထိုအချိန်ကာလသည် တော်လှန်ရေးကောင်စီ အစိုးရ အုပ်ချုပ်နေသော ကာလဖြစ်သည်။ ၁၉၆၂ ခုနှစ်၊ မတ် ၂ ရက်တွင် တပ်မတော်သည် တော်လှန်ရေးကောင်စီကို ဖွဲ့စည်းကာ နိုင်ငံတော်၏ အချုပ်အခြာအာဏာသုံးရပ်ဖြစ်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာတို့ကို ရယူခဲ့သည်။ မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီကို တည်ထောင်ခဲ့သည်။ ဆိုရှယ်လစ်စီးပွားရေးစနစ်ဖြင့် ချီတက်ခဲ့သည်။

တစ်ဖက်တွင်လည်း ပြည်သူ့တရားကို ပြည်သူတွေ စီရင်ရမည်ဟူသော ပြည်သူတရားစီရင်ရေးစနစ်ကို စတင်ပုံဖော်နေချိန်ဖြစ်သည်။ တရားစီရင်ရေးဥပဒေများကို ပြင်ဆင်သည်။ အထူးရာဇဝတ်ရုံး ဥပဒေကို ပြဋ္ဌာန်းသည်။ အထူးရာဇဝတ်ရုံးများ ဖွဲ့စည်းသည်။ ပြည်သူတွေ ပါလာသည်။ အဖွဲ့ဖြင့် တရားစီရင်သည်။ အထူးရာဇဝတ်ရုံးများ၏ ဆုံးဖြတ်ချက်ကို အယူခံဝင်နိုင်ရန် အထူးရာဇဝတ်ရုံး အယူခံအဖွဲ့ကို ဖွဲ့စည်းပေးသည်။

ပညာသင်ယူနေရင်း အားလပ်သည့်အချိန်များတွင် အထူးရာဇဝတ်ရုံးများ၏ စစ်ဆေးပုံ စစ်ဆေးနည်း၊ အထူးရာဇဝတ်ရုံး အယူခံအဖွဲ့၏ကြားနာပုံ ကြားနာနည်းများကို သွားရောက် လေ့လာခွင့်ရခဲ့သည်။ အထူးရာဇဝတ်ရုံး အယူခံအဖွဲ့သည် တရားစီရင်မှုပြုရာတွင် စံပြုလိုက်နာရမည့် အခြေခံမှုများကို ချမှတ်ပေးခဲ့သည်။ သစ်လွင်သော အတွေး၊ အမြင်၊ အသိတွေကို လမ်းညွှန်ပေးနိုင်ခဲ့သည်။ စီရင်ချက်များကို စုပေါင်း၍ "အထူးရာဇဝတ်ရုံး၊ အယူခံအဖွဲ့စီရင် ထုံးများ (၁၉၆၅-၇၀)" ဟူ၍ အထူးတရားစီရင်ထုံးစာအုပ်ထွက်ပေါ်ခဲ့သည်။ ကိုယ်တိုင်နားထောင်ခဲ့ရသည့် စီရင်ထုံးတော်တော်များပါသည်။ ယင်းစီရင်ထုံးများသည် ယနေ့အချိန်အခါအထိ တရားစီရင်ရေးနယ်ပယ်တွင် မားမားမတ်မတ် ခိုင်ခိုင်မာမာရပ်တည် ဝင့်ကြွားနေလျက်ရှိသည်။

**တာဝန်ရှိသူများ၏ ပညာရင်နို့သောက်စို့ရပြန်ပြီ**

၁၉၇၂ ခုနှစ်တွင် ဥပဒေဘွဲ့ရရှိသည်။ စာမေးပွဲအောင်စာရင်းထွက်ပြီးသည်နှင့် တစ်ပြိုင်နက် လုပ်အားပေးအဖြစ် လုပ်ငန်းခွင်ဝင်ရောက်ခဲ့ရသည်။ လုပ်ငန်းခွင်ဆိုသည်ကား အခြားမဟုတ်၊ ထိုစဉ်က မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အထွေထွေအတွင်းရေးမှူးဖြစ်သည့် ဗိုလ်ချုပ်ကြီးစန်းယု ဥက္ကဋ္ဌအဖြစ် ဦးဆောင်သော ဥပဒေမူကြမ်းများရေးဆွဲရေးကော်မရှင်တွင် ပါဝင်ခဲ့ရခြင်းဖြစ်သည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ရေးဆွဲနေသည်။ ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီဖြစ်သော ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းနိုင်ရန်ဖြစ်သည်။ ထိုစဉ်က ချင်းချောင်းနန်းတော်ဟု ခေါ်ဆိုသောအဆောက်အအုံကြီးအတွင်း လုပ်ငန်းများဆောင်ရွက်ကြရသည်။

မိမိနှင့်အတူ တစ်နှစ်တည်းအောင်မြင်သည့် သူငယ်ချင်းများစုစုပေါင်း ၅၀ ကျော် ၆၀ ဦးခန့် ပါဝင်ခဲ့ကြသည်။ ကော်မရှင်တွင် အဖွဲ့များခွဲ၍ ဥပဒေမူကြမ်းများရေးဆွဲရသည်။ မိမိတို့လည်း အဖွဲ့အသီးသီးတွင် ပါဝင်လုပ်အားပေးရသည်။ စာကြမ်းများရေးရသည်။ စာအုပ်စာတမ်း မှတ်စုမှတ်ရာများ ရှာဖွေတင်ပြရသည်။ လိုအပ်သည့်ရုံးလုပ်ငန်းကိစ္စရပ်များ ကူညီဆောင်ရွက်ပေးရသည်။ အဖွဲ့အစည်းအဝေးတိုင်းတွင် တက်ရောက်နားထောင်ခွင့်ရှိသည်။ ကော်မရှင်ကြီး၏ အစည်းအဝေးတွင်လည်း တက်ရောက်နားထောင်ခွင့်ရသည်။ နိုင်ငံတော်တာဝန်ရှိ အကြီးအကဲများ၏ ဥပဒေရေးဆွဲရေးအမြင်၊ အတွေးအခေါ်၊ အယူအဆ၊ အသိ၊ အမြင်များကို နားထောင်လေ့လာသိရှိခွင့်ရရှိခဲ့သည်။ ဤသည်လည်း ကြီးမားသော အခွင့်အရေးတစ်ရပ်ဖြစ်သည်။

**ဖောင်ကြီးဗဟိုပြည်သူ့ဝန်ထမ်းကျောင်းသို့ တက်ရောက်ပြီ**

ဥပဒေမူကြမ်းများရေးဆွဲရေးကော်မရှင်တွင် တာဝန်ထမ်းဆောင်နေစဉ် တစ်နှစ်နီးပါးအကြာ တရားရေးဝန်ကြီးဌာနမှ ဥပဒေအကျိုးဆောင်အဆင့်(၄) ရာထူးများခေါ်သဖြင့် စာမေးပွဲဝင်ရောက်ဖြေဆိုသည်။ အောင်မြင်ခဲ့သည်။ ၁၉၇၃ ခုနှစ်၊ ဇူလိုင် ၁၀ ရက်တွင် ဖောင်ကြီးဗဟိုပြည်သူ့ဝန်ထမ်းကျောင်း၏ ပြည်သူ့ရေးရာအရာရှိ သင်တန်း အမှတ်စဉ်(၆) အောင်ဆန်းတပ်ခွဲတွင် သင်တန်းတက်ခဲ့သည်။ စုစုပေါင်း ၁၃၇ဦး ရှိပြီး သင်တန်းကာလမှာ တစ်နှစ် ဖြစ်သည်။ သင်တန်းတက်ရောက်နေစဉ်မှာ သင်တန်းကာလ သုံးလလျှော့ပေးခဲ့သဖြင့် ကိုးလကြာ သင်တန်းတက်ရောက်ခဲ့ရသည်။

ဥပဒေဘာသာရပ်များအပြင် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေး၊ ဘာသာရပ်များ ပို့ချသည်။ အခြေခံစစ်ပညာကိုအထူးသင်ကြားပေးခဲ့သည်။ ထိုစဉ်က တရားရေးဝန်ကြီးသည် ဒေါက်တာ မောင်မောင်ဖြစ်သည်။ သင်တန်း တက်နေစဉ်ကာလ ရက်တစ်ရက်တွင် ဒေါက်တာမောင်မောင် လာရောက်၍ မိန့်ခွန်းပြောကြားခဲ့သည်။ ၁၉၇၄ ခုနှစ် မတ် ၁ ရက်တွင် သင်တန်းဆင်းခဲ့သည်။

**အခြေအနေပြောင်းလဲလာခြင်း**

သင်တန်းမတက်မီ ကာလနှင့် သင်တန်းဆင်းပြီးကာလ အခြေအနေတွေ မတူတော့ပါ။ သင်တန်းတက်စဉ်က တရားရေးဝန်ကြီးဌာနလက်အောက် ရှေ့နေချုပ်ဌာနခွဲ၌ ဥပဒေအကျိုးဆောင် အဆင့် (၄) တာဝန်ဖြင့် သင်တန်းတက်ခဲ့သည်။ သင်တန်းဆင်းသည့်အခါ ပြည်သူ့ဥပဒေအကျိုးဆောင် အဖွဲ့အောက်ရှိ ဗဟိုဥပဒေရုံးတွင် ဥပဒေဝန်ထမ်းအဆင့်(၄) အဖြစ်နှင့် တာဝန်ထမ်းဆောင်ရသည်။

အကြောင်းသော်ကား သင်တန်းတက်ရောက်နေစဉ် တော်လှန်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို အကောင်အထည်ဖော်ရေးအတွက် ကြိုတင်ဆောင်ရွက်သည့်အနေဖြင့် ၇-၁၂-၁၉၇၃ ရက်နေ့တွင် ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးကောက်တင်မြှောက်ပွဲများကို ကျင်းပခဲ့သည်။ ပြည်သူများက ဆန္ဒမဲပေး၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်အတွက် ကိုယ်စားလှယ်များကို ရွေးချယ်ခဲ့သည်။ ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၇၄ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့တွင် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကြီးဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ယင်းဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်သူ့လွှတ်တော်၊ နိုင်ငံတော်ကောင်စီနှင့် ဗဟိုအာဏာပိုင်အဖွဲ့အစည်းများဖြစ်သော ဝန်ကြီးအဖွဲ့၊ ပြည်သူ့တရားသူကြီးအဖွဲ့၊ ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့များပေါ်လာသည်။ ပြည်သူ့တရားသူကြီးအဖွဲ့၏ အောက်တွင် ပြည်နယ်/တိုင်းဒေသကြီး၊ မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာအုပ်စုအထိ အဆင့်ဆင့်သော တရားသူကြီးအဖွဲ့များကို ပြည်သူ့ကောင်စီဝင် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသည်။

ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့၏အောက်တွင်မူကား ပြည်နယ်/တိုင်းဒေသကြီး၊ မြို့နယ်များတွင် ပြည်သူ့ကောင်စီဝင်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော အဖွဲ့မရှိခဲ့။ ဗဟိုဥပဒေရုံး၊ ပြည်နယ်နှင့် တိုင်းဥပဒေရုံး၊ မြို့နယ်ဥပဒေရုံးဟူ၍သာရှိခဲ့ပြီး နိုင်ငံ့ဝန်ထမ်းများဖြင့်သာ တာဝန်ပေးဆောင်ရွက်ခဲ့သည်။ ဥပဒေဝန်ထမ်းများ၏ ထူးခြားချက်ဖြစ်သည်။ ကျန်သောဝန်ထမ်းများဆိုပါက သက်ဆိုင်ရာပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၊ တရားသူကြီးအဖွဲ့၊ လုပ်ငန်းစစ်ဆေးရေးအဖွဲ့များကို တာဝန်ခံရသည်။ ယင်းတို့၏ ကြီးကြပ်မှုအောက်တွင် တာဝန်ထမ်းဆောင်ရသည်။ ဥပဒေဝန်ထမ်းများသည်ကား ဗဟိုဥပဒေရုံးမှတစ်ဆင့် ပြည်သူ့အကျိုးဆောင်အဖွဲ့၏ ကြီးကြပ်မှုအောက်တွင် တာဝန်ထမ်းဆောင်ကြရသည်။

**ဥပဒေဝန်ထမ်းတာဝန်ထမ်းဆောင်ရပြီ**

သင်တန်းဆင်းပြီးသည်နှင့် တာဝန်ကျရာမြို့နယ်ဥပဒေရုံးများတွင် ဥပဒေဝန်ထမ်း အဆင့်(၄)အဖြစ် တာဝန်ထမ်းဆောင်ကြရသည်။ ဥပဒေဝန်ထမ်းအဆင့်(၄)သည် မြို့နယ်တွင် ဒုတိယအဆင့် ရာထူးသာဖြစ်သည်။ သို့ရာတွင် မြို့နယ်တာဝန်ခံဥပဒေဝန်ထမ်း ( ဥပဒေဝန်ထမ်းအဆင့်-၃) တာဝန်ကိုပါ တစ်ပါတည်းပူးတွဲထမ်းဆောင်ကြရသည်။ အဘယ်ကြောင့်ဆိုသော် မြို့နယ်တာဝန်ခံရာထူးဖြစ်သည့် ဥပဒေဝန်ထမ်းအဆင့်(၃)များ ခန့်ထားနိုင်ခြင်းမရှိသေး။ ဌာနကူးပြောင်းအနေဖြင့် ရောက်ရှိလာသည့် ဥပဒေဝန်ထမ်းအဆင့်(၃) ဆယ်ဂဏန်းကျော်ကျော်သာရှိသည်။ အချိန်ပြည့် ဥပဒေဝန်ထမ်းများ ခန့်ထားခြင်းသည် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာခြင်းသာ ဖြစ်သည်။ ဥပဒေဝန်ထမ်းများသည်ကား ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် အတူမွေးဖွားလာခြင်းဖြစ်သည်ဟု ဆိုရမည်ပင်။

ဥပဒေဝန်ထမ်းများ၏ လုပ်ငန်းတာဝန်များမှာ မြို့နယ်ရှိ အာဏာပိုင်အဖွဲ့အစည်းများ၊ ဝန်ထမ်းအဖွဲ့အစည်းများကို ဥပဒေအကြံဉာဏ်များပေးရသည်။ ပြစ်မှုဆိုင်ရာ အမှုများတွင် တရားစွဲဆို တင်ပို့ခြင်းမပြုမီ ဥပဒေ အကြံဉာဏ်ပေးရသည်။ အစိုးရရှေ့နေအဖြစ် တရားရုံးတွင် အမှုများလိုက်ပါ ဆောင်ရွက်ပေးရသည်။ နိုင်ငံတော်ပါဝင်နေသည့် တရားမမှုများတွင် နိုင်ငံတော်ဘက်မှ လိုက်ပါဆောင်ရွက်ပေးရသည်။ တရားစီရင်ရေးအဖွဲ့က ချမှတ်သည့်စီရင်ချက်၊ အမိန့်၊ ဆုံးဖြတ်ချက်များအပေါ် ဥပဒေနှင့်မညီညွတ်တာတွေ့ရှိလျှင် ပြင်ဆင်မှု၊ အယူခံမှု တင်သွင်းခြင်းတို့ဆောင်ရွက်ရသည်။ နိုင်ငံသား တစ်ဦးက မိမိရပိုင်ခွင့်နှင့် အခွင့်အရေးနစ်နာဆုံးရှုံးသည်ဟု တရားဝင် တိုင်တန်းလာလျှင်စိစစ်၍ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့မှ ညွှန်ကြားထားချက်နှင့်အညီ ဆောင်ရွက်ပေးရသည်။

**ပြည်သူ့တရားသူကြီးများက တရားစီရင်ပြီ**

